# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဒါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ပဝင်(ဓမ္မပဒ-၅၃)


၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက် ၂၀၁၉ ခုနှစ်၊ ဇွန် ၂၅ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ် (၂၆၈)





"အေးမေတ္တာစံ" တောင်နီလေး ပရဟိတကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တစန္ဒိ မာက ထာဝရငြိမ်းချမ်းရေးစေတီတော် မြတ်ကြီးအတွက် ငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က လက်ခံရယူစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို "အေးမေတ္တာစံ"တောင်နီလေးဆရာတော် ဘဒ္ဒန္တစန္ဒိမာ၏ မွေးနေ့တွင် ထာဝရငြိမ်းချမ်းရေးစေတီတော်အတွက် ငွေကျပ်သိန်း ၁၀၀၀ လှူဒါန်းပွဲသို့ တက်ရောက်ကြည်ညို

**နေပြည်တော် ဇွန် ၂၄**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဆင်ဖြူရှင်ရပ်ကွက်ရှိ "အေးမေတ္တာစံ" တောင်နီလေး ပရဟိတကျောင်းတိုက်၌ ကျင်းပသည့် "အေးမေတ္တာစံ"တောင်နီလေး ပရဟိတကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တစန္ဒိမာ၏ ဝိဇာတ မွေးနေ့မင်္ဂလာတွင် ထာဝရငြိမ်းချမ်းရေး စေတီတော်မြတ်ကြီးအတွက် ငွေကျပ် သိန်း ၁၀၀၀ လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့စက်ရုံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသာသနနှင့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာဒိစ္စဝံသ အမှူးပြုသော


*စာမျက်နှာ ၃ ကော်လံ ၅* ✻


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်း အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ် အရေးကိစ္စတို့နှင့် ပတ်သက်၍ မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့သည်။

**သတင်းစဉ်**


**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်** စာ » ၈

**ဆော်ဒီတောင်ပိုင်းရှိ လေဆိပ်တစ်ခုကို ယီမင်သူပုန်အဖွဲ့ ထပ်မံတိုက်ခိုက်** စာ » ၁၄



C B BANK

Best Corporate & Investment Bank

2019 (Asia Money)

Contact Center : 01-231 777 0

မြန်မာ့အလင်း

# နားလည်ခြင်းဖြင့် ကြည်ကြည်ဖြူဖြူ

လျှပ်စစ်ဓာတ်အားခများ ပြင်ဆင်သတ်မှတ်လိုက်ခြင်းက ဓာတ်အားသုံးစွဲသူများထံမှ တုံ့ပြန်မှုအမျိုးမျိုး၊ အမြင်အမျိုးမျိုး ပေါ်ထွက်လာဖွယ်ရှိသည်။ မည်သို့ဆိုစေ နိုင်ငံအတွင်း ပြည်သူတစ်ဦးချင်းဝင်ငွေအနေအထားကို အခြေခံပြီး ချင့်ချင့်ချိန်ချိန်နှင့် ဖြစ်သင့် ဖြစ်ထိုက်သည့် နှုန်းထားများကို ပြင်ဆင်လိုက်ခြင်းဖြစ်သည်ဟု ရှုမြင်မိသည်။

လက်ရှိဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုများ ရေရှည်တိုးတက်ကောင်းမွန်စေရန် တိုးချဲ့ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ဓာတ်အားမရရှိသေးသည့် ဒေသများ ဓာတ်အားသုံးစွဲခွင့်ရရှိအောင် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ဓာတ်အားထုတ်လုပ်မှုစွမ်းအား စဉ်ဆက်မပြတ်တိုးတက်ရေး လုပ်ငန်းများ စသည်တို့အတွက်ဟူသော ရည်ရွယ်ချက်များဖြင့် ဓာတ်အားခနှုန်းထားများကို မဖြစ်မနေ ပြင်ဆင်သတ်မှတ်လိုက်ရခြင်းဖြစ်ပြီး ယင်းသို့သတ်မှတ်နိုင်ရေးအတွက်လည်း ဆွေးနွေးမှုများ၊ အကြံပြုချက် ရယူခြင်းများ ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

မိမိတို့နိုင်ငံတွင် ဓာတ်အားသုံးစွဲမှုက နှစ်စဉ်တရိပ်ရိပ် တိုးတက်နေသည်။ အစိုးရ၏ တတိယ တစ်နှစ်တာကာလအတွင်း လူတစ်ဦးချင်းစီ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ ကီလိုဝပ်နာရီ ၃၇၀ ထိရှိလာရာ ၎င်းမတိုင်မီ တစ်နှစ်ကထက် လူတစ်ဦးချင်းစီ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၁၀ ဒသမ ၇ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ လက်ရှိအခြေအနေတွင် လျှပ်စစ်ဓာတ်အားကို တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုများ၏ ၄၄ ရာခိုင်နှုန်းကသာ သုံးစွဲခွင့်ရရှိနေပြီး ၂၀၂၀-၂၀၂၁ ခုနှစ်တွင် အိမ်ထောင်စု ၅၅ ရာခိုင်နှုန်း၊ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် အိမ်ထောင်စု ၇၅ ရာခိုင်နှုန်း၊ ၂၀၃၀-၂၀၃၁ ခုနှစ်တွင် တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုအားလုံး လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရရှိရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လူတစ်ဦးချင်းစီ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုက တိုးတက်နေသလို လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရသည့် အိမ်ထောင်စုများ နှစ်အလိုက်တိုးတက်ရေး ရည်မှန်းဆောင်ရွက်နေသည့်အလျောက် သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်သည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ထမ်းဆောင်ရသည့် တာဝန်မှာ ကြီးမားလှသည်။ လျှစ်စစ်ကဏ္ဍအတွက် ဘဏ္ဍာငွေကြေး လိုအပ်ချက်မှာလည်း ပမာဏကြီးမားများပြားလှသည့်တိုင်အောင် တစ်ဖက်တွင် အရှုံးပမာဏက အဆမတန် ကြီးမားလွန်းလှသည်။ လျှပ်စစ်ဓာတ်အားတစ်ယူနစ်အတွက် ထုတ်လုပ်မှုစရိတ်ကျပ် ၁၁၀ မှ ၁၁၅ ကျပ်အထိ ကုန်ကျနေချိန်တွင် ပြည်သူလူထုသို့ ဖြန့်ဖြူးရောင်းချရာ၌ တစ်ယူနစ်လျှင် ၃၅ ကျပ်မှ ကျပ် ၅၀ အထိသာလျှင် ဖြစ်သည့်အလျောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အရှုံးငွေကျပ် ၄၂၂ ဘီလီယံကျော်၊ ၂၀၁၇-၂၀၁၈ တွင် အရှုံးခန့်မှန်းခြေငွေကျပ် ဘီလီယံ ၆၀၀ ကျော်ရှိခဲ့သည်။ ယင်းအခြေအနေသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုတိုးတက်ရန်၊ တိုးချဲ့ရန်တို့အတွက် ကြီးမားလှစွာသော အခက်အခဲစိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်သည်။

အထက်တွင် ဆိုခဲ့ပြီးသည့်အတိုင်း တစ်နိုင်ငံလုံးတွင် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်း အများအပြားရှိနေသည်။ လက်ရှိတွင် နိုင်ငံအတွင်းရှိ အိမ်ထောင်စုဦးရေထက်ဝက်နီးပါးသာ ဓာတ်အားသုံးစွဲနိုင်ခြင်းဖြစ်သည့်အတွက် ကျန်အိမ်ထောင်စုထက်ဝက်ခန့်ကို အမှောင်တွင်းမှ အလင်းရဖို့ ဝိုင်းဝန်းစွမ်းဆောင်ပေးကြဖို့လိုသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများကောင်းမွန်ပြည့်စုံရေးအတွက် လျှပ်စစ်ကဏ္ဍ အရှုံးကြီး ရှုံးနေသမျှတော့ ကြိုးပမ်းဆောင်ရွက်ဖို့ လွယ်မည်မဟုတ်သည့်အလျောက် ဓာတ်အားခအပြောင်းအလဲကို နားလည်ကြည်ဖြူနိုင်ကြပါစေကြောင်း။ ။

## လှည်းကူးပညာရေးကောလိပ်တွင် မူခင်းအသိပညာပေး

ရန်ကုန် ဇွန် ၂၄

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြိုမူခင်းအသိပညာပေးဟောပြောခြင်းကို ယနေ့နံနက်က ရန်ကုန်မြို့ လှည်းကူးပညာရေးကောလိပ်အားမာန်ခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးလွင်က အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်မြင့်မြင့်လှိုင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်သော သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်စခန်းမှူး ဒုရဲမှူး မောင်မောင်ဦးက မူးယစ်ဆေးဝါး၏ဆိုးကျိုးများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ကြိုတင်ရှောင်ရှားရမည့်အချက်များနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို လည်းကောင်း ရှင်းလင်းပြောကြားသည်။ ၁၆၄

# ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) (၁) မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၇) မှု စီရင်ချက်ချမှတ်၊ တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၅) မှုကို ရုံးထိုင်ကြားနာ

နေပြည်တော် ဇွန် ၂၄

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်နှင့် ဦးစိုးနိုင်တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) တွင် ရုံးထိုင်၍ ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) (၁) မှု နှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၇) မှု ကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်)(၅)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးနှင့် နယ်စပ်တောင်တန်းဒေသ သာသနာတော်ထွန်းကားပြန့်ပွားရေးလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၂၄

ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးနှင့် နယ်စပ်တောင်တန်းဒေသ သာသနာတော်ထွန်းကားပြန့်ပွားရေးလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အလှူရှင်များ၏ လှူဒါန်းငွေကို လက်ခံရယူစဉ်။ သတင်းစဉ်

ရှေးဦးစွာ ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များ နာယူကြသည်။

ယင်းနောက် ဆရာတော်သံဃာတော်များထံ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော ဆရာတော်များ၊ သီလရှင်ဆရာလေးနှင့် လူပုဂ္ဂိုလ်များက ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးအတွက် အလှူငွေကျပ် ၃၆၈၁ သိန်းနှင့် နယ်စပ်တောင်တန်းဒေသသာသနာတော်ထွန်းကားပြန့်ပွားရေးလုပ်ငန်းများအတွက် အလှူငွေကျပ် ၁၉၇၆ သိန်း စုစုပေါင်းအလှူငွေကျပ် ၅၆၅၇ သိန်းကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် နေနတ်သားပရိယတ္တိစာသင်တိုက်ဆရာတော် ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုစိတ္တက အနုမောဒနာတရားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

သတင်းစဉ်

ကျောဖုံးမှ

| စဉ် | ဓာတ်အားသုံးစွဲသူ အမျိုးအစား | ဓာတ်အားခနှုန်းထား | |
|---|---|---|---|
| | | ယူနစ်အလွှာ | ကျပ် |
| ၂ | **အိမ်သုံး မဟုတ်သည့် အမျိုးအစား** | ၁ မှ ၅၀၀ | ၁၂၅ |
| | ◆ စက်မှုလုပ်ငန်းများ | ၅၀၁ မှ ၅၀၀၀ | ၁၃၅ |
| | ◆ စီးပွားရေးလုပ်ငန်းများ | ၅၀၀၁ မှ ၁၀၀၀၀ | ၁၄၅ |
| | ◆ တစ်လုံး တစ်ခဲတည်း | ၁၀၀၀၁ မှ ၂၀၀၀၀ | ၁၅၅ |
| | ◆ ယာယီသုံး | ၂၀၀၀၁ မှ ၅၀၀၀၀ | ၁၆၅ |
| | ◆ လမ်းမီး | ၅၀၀၀၁ မှ ၁၀၀၀၀၀ | ၁၇၅ |
| | ◆ အစိုးရရုံးဌာနအဖွဲ့အစည်းများ | ၁၀၀၀၀၁ နှင့် အထက် | ၁၈၀ |
| | ◆ နိုင်ငံပိုင် စက်မှုလုပ်ငန်းများ | | |
| | ◆ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ | | |
| | ◆ မြစ်ရေတင်လုပ်ငန်း | | |
| | ◆ စည်ပင်သာယာရုံးဌာန/ လုပ်ငန်းများ | | |
| | ◆ အစိုးရမဟုတ်သော အဖွဲ့အစည်းများ | | |
| | ◆ နိုင်ငံခြားသံရုံးများ | | |
| | ◆ နိုင်ငံတကာအဖွဲ့အစည်းများ | | |

## နေရာကွက်ကျား မိုးထစ်ချုန်းရွာ

နေပြည်တော် ဇွန် ၂၄

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး၊ ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။

မိုး/ဇလ

## နေပြည်တော်မိသားစုပရဟိတအသင်း ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ မိုးရာသီ သစ်ပင်စိုက်ပျိုးမည်

နေပြည်တော် ဇွန် ၂၄

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် ဖွဲ့စည်းထားသည့် နေပြည်တော်မိသားစုပရဟိတအသင်းမှ ဒေသခံများဖြင့် ပူးပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို နေပြည်တော် စည်ပင်ဧည့်ရိပ်သာအနီး ညောင်ပင်ကြီးစုကျေးရွာ သိမ်ကျောင်းတိုက်ရှိ ပုဂံခေတ်လက်ရာများအတိုင်း တည်ထား ကိုးကွယ်ထားသော ရှေးဟောင်းစေတီ၊ ဘုရား၊ ဂူဘုရား၊ မုခ်ဦးခြသေ့်များဖြင့် ရှေးမူမပျက်တင့်တယ်လှပနေသော နေပြည်တော်ပုဂံဟု တင်စားခေါ်ဝေါ်ကြသည့် ရှေးဟောင်းစေတီတော်များတည်ရှိသည့် ကျောင်းဝင်းဧရိယာတွင် ဇူလိုင် ၇ ရက်နံနက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အများပြည်သူများ အနေဖြင့် ပျိုးပင်များသော်လည်းကောင်း၊ အလှူငွေများသော်လည်းကောင်း ပါဝင်လှူဒါန်းလိုပါက ဦးမျိုးမင်းထက် ဖုန်း ၀၉-၂၅၀ ၀၉၆ ၆၅၄၊ ဦးပိုင်ထူး ဖုန်း ၀၉-၄၂၆ ၇၄၀ ၀၅၅၊ ဒေါ်သောင်းခင် ဖုန်း ၀၉- ၂၅၀ ၁၀၆ ၈၃၂ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ ညှော်ပရိသတ်များက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျောင်းတိုက် ပဓာနနာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာဒိစ္စဝံသထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြစဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

✽ ရွှေဖုံးမှ

ဆရာတော်၊ သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူ့ရှင် ဒါယကာ၊ ဒါယိကာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပရိတ်တရားတော် နာယူ**

အခမ်းအနားတွင် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ညှော်ပရိသတ်များက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ စက်ရုံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသာသနထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ် ပရိတ်တရားတော်တို့ကို နာယူကြသည်။

**ဆက်ကပ်လှူဒါန်း**

နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ညှော်ပရိသတ်များက အခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ဆက်ကပ်**

ထို့နောက် "အေးမေတ္တာစံ" တောင်နီလေး ပရဟိတကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တစန္ဒိမာက ထာဝရငြိမ်းချမ်းရေးစေတီတော်မြတ်ကြီးအတွက် ငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော်သမ္မတက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ဆက်ကပ်သည်။

**လွှဲပြောင်းပေးအပ်**

နိုင်ငံတော်သမ္မတက ထာဝရငြိမ်းချမ်းရေး စေတီတော်မြတ်ကြီးအတွက် ငွေကျပ်သိန်း ၁၀၀၀ ကို ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ညှော်ပရိသတ်များက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာဒိစ္စဝံသထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**နေ့ဆွမ်းဆက်ကပ်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုနှင့် ညှော်ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ရှိ လယ်ယာလုပ်ငန်းလုပ်ကိုင်သူများအတွက် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေ ၈၄ ဘီလီယံကျော် ထုတ်ချေးပေးမည်

**စစ်တွေ ဇွန် ၂၄**

ရခိုင်ပြည်နယ်အတွင်း လယ်ယာလုပ်ငန်းလုပ်ကိုင်သူ တောင်သူများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ၈၄ ဘီလီယံကျော် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးအေးသိန်းက ပြောသည်။

ဦးအေးသိန်းက "၂၀၁၉ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ထုတ်ချေးဖို့အတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ရုံးချုပ်က ငွေကျပ် ၈၄ ဒသမ ၃၄၂ ဘီလီယံ ကနဦးရန်ပုံငွေ ခွင့်ပြုထားပါတယ်။ ခွင့်ပြုပေးထားတဲ့ ရန်ပုံငွေတွေကို မြို့နယ်ဘဏ်ခွဲတွေကနေ မေ ၆ ရက်ကတည်းက ပြည်နယ်အတွင်း လယ်ယာလုပ်ငန်းလုပ်ကိုင်သူတွေကို ထုတ်ချေးပေးနေပါတယ်။ ဒီနေ့အထိ ငွေကျပ် ၂၀ ဒသမ ၆၉ ဘီလီယံ ထုတ်ချေးပေးပြီး ဖြစ်ပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၂၅ ရာခိုင်နှုန်းခန့် ထုတ်ချေးပြီးဖြစ်ပါတယ်။ စက်တင်ဘာလကုန် နောက်ဆုံးထားပြီး ထုတ်ချေးပေးသွားမှာပါ"ဟု ပြောသည်။

**ထုတ်ချေးပေးနေ**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ရခိုင်ပြည်နယ်ရှိ တောင်သူများကို တစ်ဧကလျှင် တစ်သိန်းခွဲနှုန်းဖြင့် တစ်ဦးလျှင် အများဆုံး ၁၀ ဧက၊ ၁၅ သိန်းအထိ ထုတ်ချေးပေးနေခြင်းဖြစ်ပြီး ယနေ့အထိ ကျေးရွာအုပ်စု ၄၁၁ အုပ်စုမှ တောင်သူ ၂၇၈၅၅ ဦးအတွက် ချေးငွေကျပ် ၂၀ ဒသမ ၆၇ ဘီလီယံနီးပါး ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။ ချေးငွေထုတ်ချေးပေးရာတွင် ယမန်နှစ်က ချေးငွေကြေပြီးသူများကိုသာ ချေးငွေစည်းကမ်းချက်အရ ထုတ်ချေးပေးနေခြင်းဖြစ်ကြောင်းလည်း သိရသည်။

ယမန်နှစ်က ပြည်နယ်အတွင်းရှိ ၁၇ မြို့နယ်မှ တောင်သူတစ်သိန်းနှစ်သောင်းခန့်ကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၈၄ ဒသမ ၃၄၂ ဘီလီယံ ထုတ်ချေးပေးခဲ့ပြီး ချေးငွေပြန်လည်ရရှိမှုမှာ ယခုအချိန်ထိ ၅၁ ဒသမ ၈၁ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၆၁ ဒသမ ၄၃ ရာခိုင်နှုန်း ရရှိထားပြီးဖြစ်ကြောင်း ဦးအေးသိန်းက ပြောသည်။

မိုးရာသီစိုက်ပျိုးစရိတ်ချေးယူနိုင်ရန် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇)နှင့် ကျေးရွာအုပ်စုတွင် နေထိုင်ကြောင်း အထောက်အထားပြသနိုင်ရမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်း မိုးစပါးစိုက်ဧက အများဆုံးမြို့များမှာ မြောက်ဦး၊ မင်းပြားနှင့် ကျောက်တော်မြို့နယ်များဖြစ်ကြောင်း သိရသည်။

**ဟန်မင်း**



# (၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဇွန် ၂၄**

(၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ အာဇာနည် ဗိမာန်ကွပ်ကဲရေးရုံး၌ ကျင်းပရာ (၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆပ်ကော်မတီဖွဲ့စည်း**

ရှေးဦးစွာ (၇၂) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အာဇာနည်နေ့ အခမ်းအနား ကျင်းပပြုလုပ်မည့် အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ် အောင်ဆန်းပြတိုက်၊ အတွင်းဝန်ရုံးများနှင့် ကျဆုံးသွားသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးပြီး ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားအတွက် ဆပ်ကော်မတီဖွဲ့စည်းပြီး ပြင်ဆင်ဆောင်ရွက်နေသည်ကို သိရှိရကြောင်း။

အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို မမေ့သောအားဖြင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုအနှစ်သာရ ပြည့်ဝအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယခင်နှစ်များက ကြုံတွေ့ရသည့် အခက်အခဲများ အဆင်မပြေမှုများကို ပြန်လည်သုံးသပ်ပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားစေလိုကြောင်း၊ အာဇာနည်ဗိမာန်တွင် ကျင်းပမည့် အာဇာနည်နေ့ အခမ်းအနား တက်ရောက်ကြမည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများအပါအဝင် တက်ရောက်ကြသူများကို ကြိုဆိုနေရာချထားရာတွင် လိုအပ်ချက်မရှိအောင် ဝိုင်းဝန်းပူးပေါင်းပြီး စနစ်တကျစီမံဆောင်ရွက်သွားစေလိုကြောင်း၊ အာဇာနည်နေ့ အခမ်းအနား ကျင်းပရေးဗဟိုကော်မတီနာယက ဒုတိယသမ္မတ၏ လမ်းညွှန်ချက်အတိုင်း အတွင်းဝန်ရုံးတွင် ကျင်းပမည့် အလံတင်ခြင်း၊ အလေးပြုခြင်းအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် စနစ်တကျဖွဲ့စည်းပြီး ကြိုတင်ဇာတ်တိုက်လေ့ကျင့်သွားစေလိုကြောင်း၊ အလားတူ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် အဆောက်အအုံ ကြံ့ခိုင်မှုရှိစေရန်လည်း လိုအပ်ကြောင်း၊ လုံခြုံရေးကော်မတီအနေဖြင့် အခမ်းအနားကျင်းပမည့် နေရာများ၏ လုံခြုံရေးတာဝန်များကို အပြည့်အဝ ဆောင်ရွက်ပေးစေလိုကြောင်း အာဇာနည်ဗိမာန် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တို့တွင် လုံခြုံရေး အထောက်အကူပစ္စည်းများကို စနစ်တကျ ဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။



**ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ အာဇာနည်ဗိမာန် မွမ်းမံပြင်ဆင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။**
သတင်းစဉ်

ထို့နောက် (၇၂) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လုပ်ငန်းကော်မတီ၏ ဆောင်ရွက်နေမှုများကို အသေးစိတ်ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ လုံခြုံရေးကော်မတီဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကိုယ်စား တွဲဖက်အတွင်းရေးမှူး ရဲမှူးချုပ် တင်ကိုကို က လုံခြုံရေးကော်မတီ၏ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အသေးစိတ်ဆွေးနွေး တင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ(၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အာဇာနည်ဗိမာန်သို့ သွားရောက်၍ အာဇာနည်ဗိမာန် မွမ်းမံပြင်ဆင်ထားရှိမှုများကို လည်းကောင်း၊ နတ်မောက်လမ်းရှိ ဗိုလ်ချုပ် အောင်ဆန်းပြတိုက် နေအိမ်မွမ်းမံပြင်ဆင်နေမှု အခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ မော်လမြိုင်မြို့၌ ကျင်းပ

**မော်လမြိုင် ဇွန် ၂၄**

**ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ နည်းပညာအကူအညီဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ "အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာ တာဝန်ယူမှု" ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။**

ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံက ပြည်သူများအား အဂတိလိုက်စားမှု တိုက်ဖျက်ရေး အသိပညာပေးခြင်းသည် နိုင်ငံတော်အတွက် အဂတိကင်းစင်သော အဖွဲ့အစည်းရပ်ဝန်းကြီးတစ်ခု ဖြစ်ပေါ်လာစေရန်ဖြစ်သည့်အတွက် မွန်ပြည်နယ်အနေဖြင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအနေဖြင့် ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးမှုကို ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုတို့ဖြင့် လျှော့ချနိုင်ရန်၊ အဂတိ လိုက်စားမှုသိသာထင်ရှားစွာ ကျဆင်းသွားရန်နှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုဆိုင်ရာ အညွှန်းကိန်းများ သိသာထင်ရှားစွာ အဆင့်တိုးတက်လာစေရန် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ကော်မရှင်အနေဖြင့် "အုပ်ချုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများတွင် တာဝန်ယူမှုရှိရေး" ခေါင်းစဉ်ဖြင့် ဤအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄ (ခ)နှင့် ၄(ဂ)တို့တွင် ကော်မရှင်အား သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းလာစေရန်၊ အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် သတ်မှတ်တာဝန်ပေးထားသည့်အတွက် ၎င်းတာဝန်နှင့်အညီ ပညာပေးရေး လုပ်ငန်းများကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် အစိုးရအဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဌာနများမှ ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းများမှ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အတူ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ဖြစ်ကြောင်း။

တာဝန်ယူမှုရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် တုံ့ပြန်ဖြေကြားရခြင်းတို့သည် တစ်ဆက်တည်းရှိနေကြသော ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်၏ အင်္ဂါရပ်များဖြစ်သည့်အပြင် ၎င်းအချက်များသည် နိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရေစီရေချိန်ကို မြှင့်တင်ပေးနိုင်သော တစ်နည်းအားဖြင့် ဒီမိုကရေစီပြုပြင် ပြောင်းလဲရေး လုပ်ငန်းစဉ် အောင်မြင်ချောမွေ့စေရေးအတွက် ထမ်းရွက်ပေးနိုင်သော ဝင်ရိုးတစ်စုံဖြစ်နေပါကြောင်း၊ တာဝန်ခံမှုရှိရခြင်းသည်မိမိဌာန၊ မိမိလုပ်ငန်း၊ မိမိလူမှုအဖွဲ့အစည်းဆိုသည့် ပုဂ္ဂလိက အကျိုးစီးပွားနယ်ပယ်ထက် များစွာကျော်လွန်၍ တွေးတောဆင်ခြင်ရှုမြင်နိုင်စွမ်းရှိရခြင်း တည်းဟူသော အရည်အချင်း တစ်ရပ်ပါဝင်ရန်လိုအပ်ပါကြောင်း၊ "တာဝန်ယူမှုရှိခြင်း" ဆိုသည်မှာ ထုတ်ပြန်ထားသော တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်တို့ကို သိရှိနားလည်ခြင်း၊ လိုက်နာဆောင်ရွက်ခြင်းမျှလောက်ဖြင့် လုံလောက်ခြင်းမရှိဘဲ အများပြည်သူလူထုနှင့် ထိတွေ့လုပ်ဆောင်မှုများတွင် ဖြစ်စေ၊ လုပ်ငန်းဌာနအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း၊ လုပ်ငန်းဌာနနှင့် အဖွဲ့အစည်းကြား အပြန်အလှန် ထိတွေ့လုပ်ဆောင်မှုအားလုံးတွင်ဖြစ်စေ အများပြည်သူလူထု၏ အကျိုးစီးပွားအတွက်သာလျှင် အမြင့်မားဆုံး မျှော်မှန်းပြီး အမြင့်မားဆုံးတန်ဖိုးထားရှိရမည် ဖြစ်ပါကြောင်း။

စီးပွားရေးလုပ်ငန်းများ အနေဖြင့် ပွင့်လင်းမြင်သာမှုရှိသော တာဝန်ယူမှုရှိသော ကော်ပိုရိတ် စီမံအုပ်ချုပ်မှု အလေ့အထများ၊ (Corporate Governance Practices) ကိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်းဖြင့် ပုဂ္ဂလိကကဏ္ဍတွင် အကျိုးကျေးဇူးဖြစ်ထွန်းစေမည် ဖြစ်ပါကြောင်း ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများလည်း များစွာတိုးတက်လာစေမည်ဖြစ်ပါကြောင်း၊ အရပ်ဘက်အဖွဲ့အစည်းများကလည်း မိမိတို့ကိုယ်တိုင် အစိုးရဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုရှိရေး တိုက်တွန်းနေကြသူများဖြစ်ရာ ကမ္ဘာလုံးဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများတွင် တာဝန်ယူမှုရှိခြင်းဆိုင်ရာ ပဋိညာဉ်များ၌ ပြဋ္ဌာန်းထားသည့် အခြေခံမှုများကို လိုက်နာကျင့်သုံးလျက် မိမိတို့ ကိုယ်တိုင်ကလည်း ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုတို့ကို မြှင့်တင်သွားနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မွန်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်က "တာဝန်ယူမှုရှိသော အုပ်ချုပ်ရေး ကဏ္ဍ"၊ ဒေါက်တာတင်မောင်သန်း (သင့်ဘဝ)က "တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးကဏ္ဍ"၊ ကုန်သည်၊ စက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ် ဦးဝင်းမြင့်အောင် (Director of City Mart Group)က "တာဝန်ယူမှုရှိသော စီးပွားရေးကဏ္ဍ"၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်အေးမြတ်မွန်က "အများပြည်သူဝန်ဆောင်မှု လုပ်ငန်း၌ တာဝန်ယူမှုရှိခြင်း"၊ ဒေသခံစီးပွားရေး လုပ်ငန်းရှင် ဦးမိုးကျော်က "တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ"၊ ဒေသခံ CSO ကိုယ်စားလှယ် ဒေါ်ရည်မွန်ဆု (Executive Director, National Enlightenment Institute) က "တာဝန်ယူမှုရှိသော CSO ကဏ္ဍ"၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) မှ ကိုယ်စားလှယ် ဦးဇော်မင်းနောင်က "အဂတိလိုက်စားမှု အန္တရာယ်ဖြစ်နိုင်ခြေရှိမှု" ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင်တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာဆွေးနွေးသူများက ပြန်လည်ဖြေကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်စကားပြောကြားသည်။

**သတင်းစဉ်**




**မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**
သတင်းစဉ်

# မြန်မာ-ဗြိတိန် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်မည့် အခြေအနေများ ဆွေးနွေး

**နေပြည်တော် ဇွန် ၂၄**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး Mr. Daniel Patrick Brendon Chugg နှင့်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ဧည့်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်သားများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှ သတ်မှတ်ပေးထားသည့် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်နေမှုအခြေအနေ၊ တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များစစ်မှုထမ်းခြင်းမရှိစေရေး CTFMR နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှု အခြေအနေ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ် အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်မည့် အခြေအနေများအား အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး Mr. Daniel Patrick Brendon Chugg နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**
ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းကို ၂၀၁၉ ဇွန်လမှစတင်၍ ဆောင်ရွက်လျက်ရှိ၊ အမှန်တကယ်နေထိုင်လျက်ရှိသော လူဦးရေစာရင်းမကြာမီ ကောက်ယူပြုစုမည်

**ရန်ကုန် ဇွန် ၂၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင် (ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ)၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံရေးပါတီ ၁၅ ဖွဲ့မှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲဆိုင်ရာ ပါဝင်ဆောင်ရွက်နေကြသော လူမှုအဖွဲ့အစည်း ၁၄ ဖွဲ့မှ ကိုယ်စားလှယ်များ၊ International Foundation for Electoral System (IFES) မှ Mr. Paul Gueri Obe ၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများနှင့် ရွေးကောက်ပွဲအရာရှိများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ ၂၀၂၀ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းနှင့်ပတ်သက်၍ ဆောင်ရွက်မည့် အစီအစဉ်များအား လည်းကောင်း၊ မဲဆန္ဒရှင်စာရင်း မှန်ကန်ရေးအတွက် နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲဆိုင်ရာ ပါဝင်ဆောင်ရွက်ကြသည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူဆောင်ရွက်ရေးနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်မြင့်က မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူးက ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင် စာရင်းရရှိရေး၊ လူဦးရေစာရင်းပြုစုခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး အတွင်း ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးသည်။

ယင်းနောက် နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့် တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးမှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် က ရှင်းလင်းဖြေကြားသည်။

**အသိပညာပေး**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းလုပ်ငန်းကို ၂၀၁၉ ခုနှစ် ဇွန်လမှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မဲဆန္ဒရှင်စာရင်းပြုစုရေးအတွက် ပထမအဆင့်အနေဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများအတွင်း အမှန်တကယ်နေထိုင်လျက်ရှိသော လူဦးရေစာရင်းကောက်ယူပြုစုခြင်းလုပ်ငန်းအား သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများက မကြာမီ ကောက်ယူပြုစုသွားမည်ဖြစ်သည်။ မဲဆန္ဒရှင်စာရင်း မှန်ကန်စေရေးအတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် အဓိကအခန်းကဏ္ဍမှပါဝင်ပြီး နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများအနေဖြင့် မဲဆန္ဒရှင်စာရင်း ပြုစုခြင်းနှင့် မဲဆန္ဒရှင် အသိပညာပေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ တွေ့ဆုံဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားစဉ်။**
သတင်းစဉ်

# နေပြည်တော် ဗဟိုစာတိုက်ကြီး၏ (၁၂)ကြိမ်မြောက် ချည်ရတုအခမ်းအနား ကျင်းပမည်

**နေပြည်တော် ဇွန် ၂၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းသည် မြန်မာနိုင်ငံတစ်ဝန်းရှိ စာတိုက်ရုံးပေါင်း ၁၃၉၀ တွင် သမားရိုးကျစာတိုက် ဝန်ဆောင်မှုလုပ်ငန်းများအပြင် IT နည်းပညာများသုံးစွဲ၍ ထပ်ဆောင်းဝန်ဆောင်မှုများဖြစ်သည့် ဘဏ်လုပ်ငန်းကိုယ်စားလှယ်အဖြစ် CB Bank, AGD Bank, A Bank တို့၏ဝန်ဆောင်မှုများ၊ Mobile Money လုပ်ငန်းများဖြစ်သည့် OK$, Mykyats တို့၏ ဝန်ဆောင်မှုများ၊ ကိုယ်စားငွေကောက်ခံခြင်းလုပ်ငန်းဖြစ်သည့် @Post ဝန်ဆောင်မှုများ၊ Online Shopping ဆောင်ရွက်သူများအတွက် ချောပစ္စည်းပေးဝေခြင်းနှင့် ငွေကောက်ခံပေးခြင်းလုပ်ငန်းများ၊ မြန်မာ့အမျိုးသားလေကြောင်းလိုင်း၏ လေယာဉ်လက်မှတ်ရောင်းချပေးခြင်းလုပ်ငန်းများ ဝန်ဆောင်မှုပေးလျက်ရှိရာ နေပြည်တော် ဗဟိုစာတိုက်ကြီးသည်လည်း အပါအဝင်ဖြစ်သည်။

နေပြည်တော် ဗဟိုစာတိုက်ကြီးသည် ဇဗ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်း မြို့မဈေးကြီးအနီးတွင်တည်ရှိပြီး ၂၀၀၇ ခုနှစ် ဇွန် ၂၇ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး စာတိုက်ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခဲ့သည်မှာ ၂၀၁၉ ခုနှစ် ဇွန် ၂၇ ရက်တွင် (၁၂)နှစ်ပြည့်မြောက်ပြီး ချည်ရတုတိုင်ခဲ့ပြီဖြစ်သည်။

နေပြည်တော်ဗဟိုစာတိုက်ကြီး၏ (၁၂)နှစ်ပြည့် ချည်ရတုအခမ်းအနားကို ဇွန် ၂၇ ရက် ကြာသပတေးနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ဗဟိုစာတိုက်ကြီး၌ ကျင်းပမည်ဖြစ်ပြီး အထိမ်းအမှတ်အဖြစ် ပထမနေ့စာအိတ်များ ရောင်းချပေးခြင်း၊ အထိမ်းအမှတ်နေ့စွဲတံဆိပ်တုံး ရိုက်နှိပ်ပေးခြင်း၊ ရှားပါးတံဆိပ်ခေါင်းများ ရောင်းချပေးခြင်းတို့အပြင် မြန်မာနိုင်ငံတံဆိပ်ခေါင်း စုဆောင်းသူဝါသနာရှင်များနှင့်ပူးပေါင်း၍ တံဆိပ်ခေါင်းပြပွဲ ပြုလုပ်သွားမည်ဖြစ်ပါ၍ မည်သူမဆို အခမဲ့လာရောက် ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ရှောင်လေဝေးဝေး မူးယစ်ဆေး ပြည်သူ့စကားဝိုင်း ကျင်းပ

**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်မြို့ ဒေါပုံမြို့နယ် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်းတွင် ယနေ့နံနက် ၁၀ နာရီက “မူးယစ်ဆိုက တိုက်ဖျက်ကြ”ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် ဒေါပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်လင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်စမ်းလွင်၊ မြို့နယ်ဥပဒေအရာရှိ ဦးဇော်ခိုင်၊ မူးယစ်ဆေးသုံးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်းဗဟို(မြန်မာ)ဥက္ကဋ္ဌ ဦးစံရှိန်နှင့်အဖွဲ့ဝင်များက တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

၁၆၄

# ဖွံ့ဖြိုးမှုဖြစ်စဉ်နှင့် အင်န်ယူပီ

**မင်းသိမ်း (နေပြည်တော်)**

ဖွံ့ဖြိုးမှုဆိုသည့်စကားရပ်သည် ကျယ်ဝန်းနက်ရှိုင်းသလို ၎င်းနှင့်ဆက်စပ်နေသည့် ဖွံ့ဖြိုးမှုဖြစ်စဉ်များကို လေ့လာရာတွင် ဖြစ်စဉ် (၄) ရပ်ပါဝင်ပြီး တစ်ခုနှင့် တစ်ခု အပြန်အလှန် ဆက်နွယ်နေကြောင်း တွေ့ရပါသည်။ ၎င်းတို့မှာ-

(က) စီးပွားရေးဖြစ်စဉ်
(ခ) လူမှုရေးဖြစ်စဉ်
(ဂ) ယဉ်ကျေးမှုဖြစ်စဉ်
(ဃ) နိုင်ငံရေး/အုပ်ချုပ်ရေးဖြစ်စဉ် တို့ပင် ဖြစ်ပေသည်။

**စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ**

မြို့ပြများကိုကြည့်လျှင် ဘက်ပေါင်းစုံ စိန်ခေါ်မှုများရှိသလို အခွင့်အလမ်းပေါင်းများစွာက ကမ်းလှမ်းနေသလို ခံစားရပါသည်။ ဖြစ်စဉ်တစ်ခုနှင့် တစ်ခု ဆက်စပ်ပတ်သက်မှုအပေါ် အခြေခံကာ အဆိုပါဖြစ်စဉ် (၄) ရပ်အနက် ဖြစ်စဉ်တစ်ခုသည် ပြင်ပလောကနှင့် ထိတွေ့ပတ်သက်မှုကြောင့် ပြောင်းလဲမှုဖြစ်စဉ် ဖြစ်ပေါ်ရာတွင် အနာဂတ်အတွက် အကျိုးမရှိနိုင်ခြင်း (သို့) ဖွံ့ဖြိုးမှုဖြစ်စဉ်ကောင်းတစ်ခုပေါ်လာမည့် အခွင့်အလမ်းရရှိနိုင်ခြင်းတို့ကို ခွဲခြားသိမြင်တတ်ဖို့ လိုပေသည်။ ဖြစ်စဉ်တို့သည် လက်ရှိဘာဖြစ်နေသည်၊ ဘာကြောင့်ဖြစ်ရသည်၊ ဘယ်လိုဖြစ်သင့်သည်တို့အပေါ် အခြေခံကာ သဘာဝရုပ်ပတ်ဝန်းကျင်နှင့် သမိုင်းဖြစ်စဉ်များအရ သယံဇာတ အားသာချက်၊ အားနည်းချက်များကို မှန်မှန်ကန်ကန် သတ်မှတ်ပြီး အကောင်အထည်ဖော်မည့် နည်းလမ်း၊ အချိန်၊ အကျိုးအမြတ်၊ ကုန်ကျတန်ဖိုးတို့ကို တွက်ချက်နိုင်းယှဉ်ရပါမည်။

ဆောင်ရွက်မည့် နည်းလမ်းအတွက် နိုင်ငံရေးအတည်ပြုချက်၊ ဦးစားပေးအစီအစဉ်နှင့် လူ၊ ပစ္စည်း၊ ငွေ၊ စီမံခန့်ခွဲမှုတို့ကို လျာထား၍ တစ်ချိန်တည်းမှာပင် စီမံခန့်ခွဲမှု နည်းစနစ်နှင့် အစီအစဉ်အတည်ပြုချက်ကိုရယူကာ ဆုပေး၊ ဒဏ်ပေးစနစ်သတ်မှတ်ခြင်း၊ စိစစ်ခြင်း၊ ပြန်လည်အစီရင်ခံခြင်း၊ လိုအပ်လျှင် စီမံကိန်းပြင်ဆင်ခြင်းတို့ကို သတ္တိရှိရှိဆုံးဖြတ်ဖို့ လိုပေသည်။ အလားအလာကို အထင်နှင့်လုပ်ခြင်း၊ အခြားဒေသများတွင် အလားအလာပိုရှိခြင်း၊ တွက်ခြေကိုက်ခြင်းတို့ကို အဓိကထား ဦးစားပေးရမည့်အပြင် မြို့ပြဖြစ်ထွန်းမှုကြောင့် စီးပွားရေးနှင့် လူ့အသိုက်အဝန်းများအပေါ်လူတို့၏ ဘဝနေထိုင်မှုတန်ဖိုးများ အကျိုးသက်ရောက်မှုဖြစ်ပေါ်စေသည်ကိုလည်း နားလည်ရပါမည်။

ယခုအခါတွင် ကမ္ဘာလုံးဆိုင်ရာ မြို့ပြညီလာခံတွင် ချမှတ်ခဲ့သည့် မြို့ပြလုပ်ငန်းစဉ်သစ်နှင့်အညီ “အမျိုးသားမြို့ပြမူဝါဒရေးဆွဲရေးကော်မတီ” ကို ဖွဲ့စည်းနေပြီဖြစ်သော်လည်း တကယ်တော့ လွန်ခဲ့ပြီးသော ၁၉၉၃ ခုနှစ်ကပင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မီရှင်ဌာနချုပ်တွင် ကျင်းပခဲ့သည့် ESCAP အဖွဲ့ဝင်နိုင်ငံပေါင်း ၃၄ နိုင်ငံနှင့် အခြားအစိုးရ မဟုတ်သော အဖွဲ့အစည်းပေါင်း ၁၉ ခုတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည့် ပထမအကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသဝန်ကြီးများအဆင့် “မြို့ပြကြီးထွားမှုဆိုင်ရာ ညီလာခံ” မှ အောက်ပါအတိုင်း သုံးသပ်ခဲ့ကြပါသည်-

(က) မြို့ပြများကြီးထွားခြင်းသည် ရှောင်လွှဲ၍ ရနိုင်မည်မဟုတ်သော ဖွံ့ဖြိုးမှုဖြစ်စဉ် တစ်ခုဖြစ်ခြင်းကြောင့် မြို့ပြဆိုင်ရာ မူဝါဒအသစ်ဖြင့် မြို့ပြကြီးထွားလာမှုဆိုင်ရာ ကိစ္စရပ်များကို ဘက်စုံ၊ ရှုထောင့်စုံမှ ဖြေရှင်းဆောင်ရွက်သည့် နည်းလမ်းသစ်တစ်ခု ချမှတ်ရန်။

(ခ) ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေကာ အမြဲရှင်သန်ဖွံ့ဖြိုးစေမည့် မြို့ပြဒေသများ ပေါ်ပေါက်လာစေရန်။

(ဂ) မြို့ပြကြီးထွားလာမှု အခြေအနေကို သုံးသပ်ခြင်း၊ မြို့ပြများ၏ စီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုအခြေအနေ၊ မြို့ပြအတွင်း ဆင်းရဲမွဲတေမှု၊ အခြေခံအဆောက်အအုံများအတွက် ငွေကြေးကျခံနိုင်မှု၊ မြို့ပြစီမံခန့်ခွဲမှုဆိုင်ရာ အဖွဲ့အစည်းများ၏ ရပ်တည်မှု၊ အကောင်အထည်ဖော်နိုင်မှုတို့ကို အဓိကထား၍ သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။

> **“ဆောင်ရွက်မည့် နည်းလမ်းအတွက် နိုင်ငံရေးအတည်ပြုချက်၊ ဦးစားပေးအစီအစဉ်နှင့် လူ၊ ပစ္စည်း၊ ငွေ၊ စီမံခန့်ခွဲမှုတို့ကို လျာထား၍ တစ်ချိန်တည်းမှာပင် စီမံခန့်ခွဲမှုနည်းစနစ်နှင့် အစီအစဉ်အတည်ပြုချက်ကိုရယူကာ ဆုပေး၊ ဒဏ်ပေး စနစ်သတ်မှတ်ခြင်း၊ စိစစ်ခြင်း၊ ပြန်လည်အစီရင်ခံခြင်း၊ လိုအပ်လျှင် စီမံကိန်း ပြင်ဆင်ခြင်းတို့ကို သတ္တိရှိရှိဆုံးဖြတ်ဖို့ လိုပေသည်။ အလားအလာကို အထင်နှင့် လုပ်ခြင်း၊ အခြားဒေသများတွင် အလားအလာပိုရှိခြင်း၊ တွက်ခြေကိုက်ခြင်းတို့ကို အဓိကထား ဦးစားပေးရမည့်အပြင် မြို့ပြဖြစ်ထွန်းမှုကြောင့် စီးပွားရေးနှင့် လူ့အသိုက်အဝန်းများအပေါ်လူတို့၏ ဘဝနေထိုင်မှုတန်ဖိုးများ အကျိုးသက်ရောက်မှုဖြစ်ပေါ်စေသည်ကိုလည်း နားလည်ရပါမည်”**

ထို့အပြင် အာရှဒေသရှိ မြို့ကြီးများတွင် မြို့ပြမြေယာ အိမ်ရာနှင့် အခြေခံဝန်ဆောင်မှုများ ရှားပါးလာခြင်းကြောင့် လူဦးရေ ထူထပ်လာခြင်း၊ ပတ်ဝန်းကျင် ယိုယွင်းလာခြင်း၊ ကျူးကျော်နှင့် စနစ်တကျ တည်ဆောက်ထားခြင်းမရှိသည့် ရပ်ကွက်များ ပိုမိုများပြားလာပြီး တောင်အာရှနှင့် အရှေ့တောင်အာရှရှိ မဟာမြို့ကြီးများတွင်ပင် မြို့နေလူဦးရေ၂၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ နိမ့်ကျသည့် အိမ်ရာများတွင် နေထိုင်နေကြောင်း သုံးသပ်ခဲ့ကြပါသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း လူဦးရေသန်းထောင်ပေါင်း ၁ ဒသမ ၅ သန်းခန့် နေထိုင်ကြမည်ဟူသော ခန့်မှန်းချက်ဖြင့် လူဦးရေ ၁၄၀၀၀၀၀ ခန့်ရှိ မြို့ကြီးတစ်မြို့နေ့စဉ် တိုးပွားနိုင်ကြောင်းနှင့် ဒေသအတွင်းရှိ ဝင်ငွေအနည်းဆုံးနိုင်ငံများတွင် အခက်အခဲများ ကြုံတွေ့နိုင်ကြောင်း သုံးသပ်ချက်အတိုင်း ကြုံတွေ့နေရပြီ ဖြစ်ပေသည်။

**လိုက်လျောညီထွေမှုရှိသော ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း**

မျက်မှောက်ကာလတွင် တိုင်းဒေသကြီး/ပြည်နယ်များ၏ စီမံကိန်းများသည် သက်ဆိုင်ရာဒေသ၏ လိုအပ်ချက်နှင့် ကိုက်ညီမှုနည်းပါးပြီး အမျိုးသားကဏ္ဍအလိုက် စီမံကိန်းကို ခွဲယူ၍ ဆောင်ရွက်နေခြင်းမျိုးဖြစ်နေရာ သက်ဆိုင်ရာဒေသ၏ လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေမှုရှိပြီး လိုအပ်ချက်အရ ရေးဆွဲသည့် ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းမျိုး ဖြစ်ရပါမည်။ အထူးသဖြင့် စီးပွားရေးအရ လူနေမြို့ရွာပုံသဏ္ဌာန် ပြောင်းလဲ၍ စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုသော လူနေ မြို့ရွာ ပြန့်ပြူးမှုကို ဆောင်ရွက်နေသည့် နေရာတွင် တောနှင့် မြို့တစ်ဆက်တစ်စပ်တည်းပုံစံမျိုး အပြန်အလှန်အကျိုးပြုသော ဒေသဖွံ့ဖြိုးရေး ပုံသဏ္ဌာန်ဖြစ်ရေးကို အလေးထားစဉ်းစားရပါမည်။

စီးပွားရေးမူဝါဒပါ “သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရေး လိုက်လျောညီထွေဖြစ်စေမည့် မြို့ပြများတည်ထောင်ခြင်း” အပြင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်၍ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ တိုးချဲ့ဖော်ထုတ်ကာ ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုထိန်းသိမ်းစောင့်ရှောက်သွားပြီး ဆင်းရဲမွဲတေမှုလျှော့ချရေးတွင်လည်း ကျေးလက်နှင့် မြို့ပြကွာဟမှုရှိနေဆဲဖြစ်၍၊ အထူးသဖြင့် ရွှေ့ပြောင်းသွားလာခြင်းသည်လည်း အဓိကအခန်း ကဏ္ဍမှ ပါဝင်နေကြောင်း သတိပြုဖို့လိုပေသည်။

သို့ဖြစ်ရာ လူနေမှုဘဝ လိုအပ်ချက်မျိုးစုံကို ရောနှောထားသည့် မြေအသုံးပြုမှုစနစ်၊ ရောနှောပေါင်းစပ်ထားသည့် လူမှုပတ်ဝန်းကျင်နှင့် သင့်တော်သည့် လူဦးရေသိပ်သည်းမှုရရှိစေမည့်ကျစ်လျစ်သော မြို့ပြပုံစံဖြစ်ရပါမည်။ ထိုသို့မဟုတ်ဘဲ အစီအစဉ်မကျသည့် ပြန့်ကားမှုဖြစ်နေပါက ရင်းနှီးမြှုပ်နှံမှုတွင် ပိုမိုကုန်ကျမည်ကို အလေးထား စဉ်းစားရပါတော့မည်။ တစ်ဆက်တည်းမှာပင် ဖွံ့ဖြိုးတိုးတက်မှုကိုဆောင်ရွက်ရာတွင်လည်း ရေရှည်တည်တံ့မှုကို ဦးတည်ကာ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးအတွက်ပါ ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်၍ နိုင်ငံတကာအစိုးရများနှင့် အဖွဲ့အစည်းများမှ ပေးအပ်လာမည့် ဘဏ္ဍာရေးနှင့် နည်းပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအကူအညီများကို အပြည့်အဝ အသုံးချရပါမည်။ ထို့အပြင် စီမံကိန်းတစ်ခုအပေါ် ဆန်းစစ်အကဲဖြတ်ရာတွင်လည်း အဆိုပါ စီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှုမှ စီးပွားရေးနှင့် ငွေကြေးပြန်လည်ရရှိမှုနှုန်းကို သေချာစွာ စိစစ်တွက်ချက်ရပါမည်။ တစ်ခါတစ်ရံ ယခင်က ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် သက်ဆိုင်ခြင်းမရှိသောလုပ်ငန်းများကိုလည်း ထည့်သွင်းစဉ်းစားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်ပြီးမြောက်ရန်အတွက် ဖြစ်နိုင်ခြေရှိသည့် ဈေးကွက်၊ နည်းပညာ၊ ဘဏ္ဍာရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဥပဒေပိုင်းဆိုင်ရာ အချက်အလက်များ ကြိုတင်လေ့လာဆန်းစစ်ခြင်းကို မဖြစ်မနေ ပြုလုပ်ဖို့လိုပါသည်။

ယခုအခါ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan- MSDP) နှင့် ချိတ်ဆက်မှု ရှိသည့် ကျပ်သန်း ၂၀၀၀ နှင့်အထက် (ဌာနဆိုင်ရာ တည်ဆောက်ရေး လုပ်ငန်းများ မဟုတ်) နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အစိုးရအဖွဲ့အစည်းများက ရေးဆွဲထားသည့် မဟာဗျူဟာမြောက်လုပ်ငန်းစီမံကိန်းများကို အများပြည်သူများ ဝင်ရောက် ကြည့်ရှုအသုံးပြုနိုင်သော ဝက်ဘ်အခြေခံဒေတာ အဆောက်အအုံ (သို့) စီမံကိန်း အချက်အလက်များ သိုမှီးထားသည့် စီမံကိန်းဘဏ်သို့ ထည့်သွင်းရပါတော့မည်။

မြန်မာနိုင်ငံတွင် ကဏ္ဍအလိုက်၊ ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စီမံကိန်းများရှိသော်လည်း အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း အောက်တွင် ပေါင်းစည်း ဆောင်ရွက်နိုင်မှသာ တိုင်းပြည်အတွက် စစ်မှန်သည့် ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်စေကာ ရေရှည်တည်တံ့ရေးနှင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရေးကို အထူးအလေးထားဆောင်ရွက်ရမည့် အချိန်အခါပင်ဖြစ်ပါသည်။

သို့ဖြစ်ရာ ကမ္ဘာလုံးဆိုင်ရာ မြို့ပြညီလာခံမှ ချမှတ်ခဲ့သည့် မြို့ပြလုပ်ငန်းစဉ်သစ်နှင့်အညီ “အမျိုးသားမြို့ပြမူဝါဒ” (National Urban Policy - NUP) ရေးဆွဲရေးကော်မတီကို ဖွဲ့စည်းကာ နိုင်ငံအစိုးရ၏ စီးပွားရေးမူဝါဒ အမှတ်စဉ် (၉)၊ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်နှင့် MSDP မှာ ပါဝင်သည့် ပန်းတိုင်နှင့် ရည်မှန်းချက်များကို ဖော်ညွှန်းထားသည့် လုပ်ငန်းစဉ်များကိုပါ ပေါင်းစပ်ညှိနှိုင်းပေးတော့မည် ဖြစ်သဖြင့် ထပ်တူကျမှုများ ရှောင်ရှားနိုင်ရေး၊ ဦးစားပေးကဏ္ဍများကို ပေါင်းစပ်ပါဝင်နိုင်ရေး၊ ဝန်ကြီးဌာနများနှင့် အကျိုးသက်ဆိုင်သူများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ပေးနိုင်ရေး၊ အခွင့်အလမ်းများနှင့် ဘေးအန္တရာယ်များအပေါ် ပြန်လည်သုံးသပ် အထောက်အကူပေးနိုင်ရေးအပြင် Technical Expert များအဖြစ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မိတ်ဖက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၏ ဆွေးနွေးခြင်း၊ အကြံပြုချက်များ ရယူခြင်းနှင့် မှတ်တမ်းများ၊ အစီရင်ခံစာများကို ထုတ်ပြန်နိုင်တော့မည် ဖြစ်ပါသည်။ နောင်တွင် ဗဟိုအစိုးရအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအားလုံး၏ အဆိုပြုစီမံကိန်းများသည် MSDP နှင့် မဟာဗျူဟာကျကျ ကိုက်ညီမှု ရှိ/မရှိ စိစစ်သုံးသပ်ကာ MSDP ၏ လွှမ်းခြုံမှုအောက်တွင် ပြည်သူ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းဘဏ်ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ပြီး အများပြည်သူများ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သော ဝက်ဘ်အခြေခံစီမံကိန်း အချက်အလက်များကို ထည့်သွင်းထားမည် ဖြစ်ပါသည်။

**ပြိုင်တူတွန်းကြရမည့် ရေရှည်ဆောင်ရွက်ချက်များ**

MSDP ၏ အချို့သော လုပ်ငန်းများမှာ လအနည်းငယ်အတွင်း ပြီးမြောက်နိုင်သော်လည်း အချို့မှာ နှစ်ကာလကြာအောင် အချိန်ယူဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များလည်း ပါဝင်ပြီး အချို့မှာပြီးသွားသည့်တိုင် ဆက်လက်ထပ်မံဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းများလည်း ရှိလာနိုင်ပါသည်။ MSDP ကို မဏ္ဍိုင် သုံးရပ်၊ ပန်းတိုင် ငါးခု၊ မဟာဗျူဟာ ၂၈ ခုနှင့် လုပ်ငန်းအစီအစဉ် ၂၅၁ ခု တို့ဖြင့် တည်ဆောက်ထားပြီး ဖွံ့ဖြိုးရေး စိန်ခေါ်မှုများကို ဖြေရှင်းနိုင်သော လုပ်ငန်းစဉ်များပါဝင်သည့် အမြဲတမ်းဆက်လက်ပြင်ဆင်မွမ်းမံသွားမည့် စာတမ်းတစ်ခုအဖြစ် ရည်ရွယ်ကာ လက်ရှိအကောင်အထည်ဖော်ဆဲနှင့် ရေးဆွဲလျက်ရှိသည့် ကဏ္ဍနှင့် ဦးတည်ချက်များအလိုက် စီမံကိန်းနှင့် မူဝါဒများအပေါ် အခြေခံ၍ MSDP ကို ရေးဆွဲထားခြင်းဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်၍ လုပ်ပိုင်ခွင့်များ၊ အကျိုးခံစားခွင့်များကို အချိုးညီညီ အားလုံးနားလည်လက်ခံနိုင်သည်အထိ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကာ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် ပြိုင်တူတွန်းလျှင် ရွေ့နိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။ ။

## အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စာရင်းကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**ဒီးမော့ဆို ဇွန် ၂၄**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စာရင်းကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်လူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဒီးမော့ဆိုမြို့နယ်အတွင်း မဲဆန္ဒရှင်ပြည်သူများမှ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲပေးပိုင်ခွင့် အခွင့်အရေးများ မဆုံးရှုံးစေရန်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု၊ ကျေးရွာများ မဲပေးပိုင်ခွင့်ရှိသူများ၏ မဲစာရင်းအား တိကျမှန်ကန်သောစာရင်းလျင်မြန်စွာ ကောက်ယူနိုင်စေရန်အတွက် ဆင့်ပွားသင်တန်းကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်လူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်းအဖွဲ့အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က လူဦးရေစာရင်း ကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းပြောကြားကြသည်။

ဆင့်ပွားသင်တန်းတွင် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရင်းဝန်ထမ်းများ စုစုပေါင်း ၆၀ တက်ရောက်ကြကာ တာဝန်ရှိသူများက စာရင်းကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရသည်။

**ကြီးဒဲရယ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး တာချီလိတ်မြို့နယ်အတွင်းရှိ ပညာရေးမိသားစုများနှင့် တွေ့ဆုံ

**တာချီလိတ် ဇွန် ၂၄**

တာချီလိတ်မြို့၌ ရောက်ရှိနေသည့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးသည် ယနေ့ညနေပိုင်းတွင် ဆန်ဆိုင်းအခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းခန်းမဆောင်၌ တာချီလိတ်မြို့နယ်အတွင်းရှိ ပညာရေး မိသားစုများနှင့် တွေ့ဆုံသည်။

**ပညာရေးမူဝါဒသည် မည်သည့်ခွဲခြားမှုမှမရှိ**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ရှမ်းပြည်နယ် ရှမ်းအရှေ့၌ ကျောင်းအရေအတွက် အင်မတန်နည်းပါးကြောင်း၊ ကျောင်းအဆင့် တိုးမြှင့်မှု မူဝါဒမှာ အရင်ကလို ကျောင်းသားဦးရေ တစ်ခုတည်းတင်မဟုတ်ကြောင်း ရှမ်းပြည်နယ်သည် သွားရေးလာရေးခက်ခဲပြီး တောင်တန်းထူထပ်သည့်အတွက် တစ်ဆင့်မြှင့်ကျောင်းနှင့် ၂ မိုင်စီသတ်မှတ်ချက်နှင့် ကိုက်ညီလျှင် သတ်မှတ်ပါကြောင်း၊ ကျောင်းအဆင့် တိုးမြှင့်ခြင်းကို ကျေးလက်နှင့် ဝေးသည့်ကျောင်းများကို ပိုပြီးပေး ချင်ပါကြောင်း၊ ကျေးလက်နှင့် ဝေးလံသည့်ဒေသတွင် အလယ်တန်းအဆင့်ကျောင်းများ ပေးချင်ပါကြောင်း၊ မိမိတို့၏ မူဝါဒသည် မည်သည့်ခွဲခြားမှုမျှ မရှိပါကြောင်း၊ မိမိတို့သည် ခွဲခြားမှုမရှိဘဲ တရားမျှတစွာဖြင့် အားလုံးကိုပံ့ပိုးပေးလိုပါကြောင်း၊ ကျောင်းလုံးဝ မထွက် စေချင်ကြောင်း၊ အထူးသဖြင့် မူလတန်းကျောင်းသား ကျောင်းသူအားလုံးကို သင်ယူပြီးမြောက်စေလိုပါကြောင်း၊ မူလတန်းတက်နေသူ ကလေးများကို မူလတန်း ပြီးမြောက်သည်အထိ တက်ရောက်စေချင်ပါကြောင်း။

မနက်ဖြန်ကျင်းပမည့် ကလေးစာပေပွဲတော်သည် ကလေးများစာပေနှင့်ပတ်သက် လျှင် ပျော်အောင်၊ စာများများဖတ်ပြီး သင်ယူမှုရှိအောင် လေ့ကျင့်ပေးခြင်းဖြစ်ပါကြောင်း၊ ဆရာကြီး ဆရာမကြီးများက ကောင်းစွာသင်ယူတတ်မှု၊ အရည်အချင်းရှိမှ ကျောင်းသား ကျောင်းသူများကိုလည်း ကောင်းစွာဘယ်လို သင်ယူရမယ်ဆိုတာကို သင်ပေးလို့ ရမည်ဖြစ်ပါကြောင်း၊ ကျောင်းသားကျောင်းသူများ စာသင်ခန်းထဲမှာ၊ ကျောင်းမှာ ပျော်မှ ကောင်းစွာသင်ယူမည် ဖြစ်ပါကြောင်း၊ ကောင်းစွာသင်ယူတော့မှသူသည် မူလတန်းပြီး အလယ်တန်းကို ဆက်ပြီးမည်၊ အထက်တန်းကို ဆက်တက်မည် ဖြစ်ပါ ကြောင်း။

မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံနေသည့်အတွက် တိုင်းရင်းသားစာပေ နှင့် ယဉ်ကျေးမှုများကိုလည်း အားပေးရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသား စာပေလို့ပြောရမည်ဆိုလျှင် Grade-1,Grade-2,Grade-3 မှာအမျိုးသားပညာရေး ဥပဒေအရ တိုင်းရင်းသားဘာသာစကားကို သင်ယူ၍ရပါကြောင်း၊ ပြည်နယ်အစိုးရ၏




ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး တာချီလိတ်မြို့နယ်အတွင်းရှိ ပညာရေးမိသားစုများအား တွေ့ဆုံမှာကြားစဉ်။ သတင်းစဉ်

အစီအစဉ်ဖြင့် သင်ယူလို့ရပါကြောင်း၊ ပညာရေးဝန်ကြီးဌာနကလိုအပ်လျှင် Text Book ဖြန့်ဝေ၍ တိုင်းရင်းသားဘာသာသင်သည့် ဆရာ ဆရာမများ လစာပေးပြီး ပူးပေါင်းလုပ်ဆောင်ပေးလို့ ရပါကြောင်း။

**ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး**

ယနေ့ခေတ်တွင် စိန်ခေါ်မှုများဖြစ်သည့် မူးယစ်ဆေးဝါးအန္တရာယ်များ၊ ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်းများကိုအသိပညာပေးရန် လိုအပ်ကြောင်း၊ အထူးသဖြင့် ကျန်းမာရေးနှင့်ညီညွတ်သည့်အစားအစာများကို စားသုံး၍ နေ့စဉ်ကိုယ်ကာယ လေ့ကျင့်ခန်းများကိုလုပ်ပြီး ကျန်းမာရေးကောင်းမွန်ပါက ဆေးခန်းမသွားရသည့် အတွက် ငွေကုန်ကြေးကျသက်သာမည် ဖြစ်ပါကြောင်း။

ဒီဒေသတွင် မူလတန်းပြ ဆရာ ဆရာမများ အများကြီးလိုအပ်သည်ကို တွေ့ရှိရ ကြောင်း၊ မိမိတို့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆရာ ဆရာမများ၊ စာသင်ခန်းများ စသည်ဖြင့် ကျောင်းအသုံးအဆောင်များကို ဖြည့်ဆည်းပေးရန် အများကြီးလိုအပ်သည့် အတွက် ဘဏ္ဍာငွေလိုအပ်ကြောင်း၊ ကိုယ်လုပ်သည့်အလုပ်ကို အကောင်းဆုံးလုပ်နိုင်ရန် လိုပါကြောင်း၊ ၂၁ ရာစုအခြေအနေသည် ၂၀ရာစုနှင့်မတူ လုံးဝပြောင်းလဲသွားပြီး ဖြစ်ကြောင်း၊ ထို့ကြောင့်ကလေးများသည် အင်္ဂလိပ်စာဘာသာတစ်ခုတည်း ကျွမ်းကျင် ရုံဖြင့် မလုံလောက်ဘဲ တိုင်းရင်းသားဘာသာစကားများလည်း တတ်မြောက် ရန်ပင် အထူးလိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

**ဆွေးနွေးတင်ပြချက်ပြန်လည်ရှင်းလင်း**

ထို့နောက် တာချီလိတ်မြို့နယ်အတွင်းရှိ တာချီလိတ်၊ တာလေ၊ ကျိုင်းလပ် စသည့်မြို့များရှိ အခြေခံပညာကျောင်းများမှ ပညာရေးတာဝန်ထမ်းဆောင်နေသော ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများကပညာရေး၊ ကျန်းမာရေးစသည့် လုပ်ငန်း ဆိုင်ရာ အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်း များ၏ ဆွေးနွေးတင်ပြချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**



# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၄**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ Mission Chief၊ Mr. Shanaka Jayanath Peiris နှင့်အဖွဲ့အား ယနေ့ နံနက်၁၀ နာရီခွဲတွင် နေပြည်တော်ရှိမြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ လက်ခံတွေ့ဆုံသည်။ (ဓာတ်ပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် အလားအလာများ၊ အတိုးနှုန်း၊ နိုင်ငံခြား ငွေလဲလှယ်နှုန်းနှင့် ငွေကြေးမူဝါဒဆိုင်ရာ များ၊ ငွေရေးကြေးရေးကဏ္ဍ၌ ပိုမိုအား ကောင်းခိုင်မာစေရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရ သည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

၂၀၂၀ အာရှ ယူ-၂၃ ခြေစစ်ပွဲတွင်လည်း ခြေစစ်ပွဲမအောင်မြင်ခဲ့ပေ။ မြန်မာ ယူ-၂၂ အသင်းသည် ဩဂုတ်လတွင် ပြန်လည် လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအထိ ဆက်တိုက်လေ့ကျင့်သွားမည် ဖြစ်ပြီး ပြည်တွင်းလိဂ်ပြိုင်ပွဲမှာ စက်တင်ဘာလ လယ်မှ ပြီးဆုံးမည်ဖြစ်သောကြောင့် ကစားသမားများကို ပြိုင်ပွဲအပြီးထိ ကစားခွင့်ပြုမည်ဖြစ်ကာ လိဂ်ပြိုင်ပွဲ ပြီးဆုံးမှ ဆက်တိုက်လေ့ကျင့်မည် ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် စက်တင်ဘာလဆန်းတွင် နိုင်ငံတကာ ခြေစမ်းပွဲကစားရန် စီစဉ်ထားပြီး အောက်တိုဘာလတွင် ပြည်ပလေ့ကျင့် ရေးခရီးစဉ်သွားရောက်မည် ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် နည်းပြချုပ် ပိုပေါ့ဗ်တင်ပြထားသည့် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ပြင်ဆင်လိုသည့် အစီအစဉ်များကို ဆောင်ရွက်ပေးမည် ဖြစ်ပြီး နိုင်ငံတကာခြေစမ်းပွဲများ ဆက်တိုက်ကစားနိုင်ရန် ဆောင်ရွက် လျက်ရှိသည်။

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်း ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲ ၁၀ ပွဲဝန်းကျင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အာရှထိပ်သီးနိုင်ငံများသို့ သွားရောက် လေ့ကျင့်နိုင်ရန်လည်း ကြိုးပမ်းလျက် ရှိသည်။

**ညီမြတ်သော်တာ**

❀ *ကျောဖုံးမှ*

ကစားသမားတွေ အကြောင်းသိနိုင်ဖို့ ဒီရာသီမှာ နည်းပြအဖွဲ့ဝင်အဖြစ် ထားရှိ မှာဖြစ်ပြီး လာမယ့်ရာသီမှ နည်းပြချုပ် အဖြစ် တာဝန်ယူသွားမှာပါ''ဟု ဟံသာ ဝတီအသင်း အုပ်ချုပ်သူ ဦးထွန်းထွန်း လင်းက ပြောကြားသည်။

ဟံသာဝတီအသင်းသည် ယခုရာသီ တွင် နည်းပြချုပ်အဖြစ် တာဝန်ယူနေသည့် ဦးငွေထွန်းကို လူငယ်ဖွံ့ဖြိုးရေးနည်းစနစ် ဒါရိုက်တာအဖြစ် လည်းကောင်း၊ နည်းစနစ်ဒါရိုက်တာ စင်ကာပူနိုင်ငံသား ဆီဗာဂျီကို နည်းစနစ်အကြံပေးအဖြစ် လည်းကောင်း တာဝန်ပေးမည်ဖြစ်ပြီး ယခုရာသီတွင်မူ မူလအတိုင်း ဆက်လက် တာဝန်ယူမည်ဖြစ်သည်။ ဟံသာဝတီ အသင်းသည် ယခုရာသီတွင် ရလဒ် ကောင်းနေပြီး ပွဲစဉ် (၁၃) အပြီးတွင် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

**ညီမြတ်သော်တာ**

# ဆွာချောင်းရေကြီးရေလျှံမှုကြောင့် ကျိုးပြတ်ခဲ့သော လက်တံမြောင်းပြုပြင်နိုင်၍ သဲပို့သွားသည့် လယ်မြေများ မိုးစပါးစိုက်ပျိုးနိုင်ကြပြီ

**ရေတာရှည် ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းဆည်တမံမှ ရေပေးဝေလျက် ရှိသည့် DY-2 လက်တံမြောင်းသည် ယခင်နှစ် ဩဂုတ် ၂၉ ရက်နံနက်ပိုင်းက ပင်မရေပိုလွှဲကျိုးပေါက်မှု ဖြစ်ပွားခဲ့ရာတွင် ရေကြီးရေလျှံမှုကြောင့် ဆွာမင်းလမ်း ကျေးရွာအုပ်စု ကြာအင်းကျေးရွာနှင့် မုန်စီကျေးရွာအကြား၌ ၂၇ ပေအနက် ရှိသည့်ချောက်ကြီးအဖြစ် ကျိုးပြတ် ပျက်စီးသွားခဲ့ခြင်း ဖြစ်သည်။ ထိုသို့ ရေပေးမြောင်းမကြီး ကျိုးပြတ်သွား ခဲ့ပြီးနောက် မြောက်ဘက်ခြမ်းနှင့် တောင်ဘက်ခြမ်းရှိ လယ်မြေများသဲများ ပို့သွားခဲ့ရာ ယခုမိုးရာသီစပါးစိုက်ပျိုးမည့် တောင်သူများအနေဖြင့် အခက်အခဲ များစွာဖြင့် ကြုံတွေ့နေကြရချိန် စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၆) (ရန်ကုန်)နှင့် စက်မှုတိုင်း(၂) တောင်ငူမှစက်ယန္တရားများဖြင့် နွေစပါး



ရာသီချိန်အမီ ပြုပြင်ဆောင်ရွက်ပေး လျက်ရှိရာ ကျိုးပြတ်သွားသည့်မြောင်းမ ကြီးနေရာကို တောင်သူများ၏ လယ်မြေများအတွင်း ရောက်ရှိနေသည့် သဲများကို အောက်ခံအဖြစ် သယ်ဖို့ ၍အပေါ်မှ မြေပေါ်င်တင် လုပ်ငန်းများ ကြောင့် လယ်မြေများ ပြန်ပေါ်လာကာ မိုးရာသီအတွက် စပါး စိုက်ပျိုးရန်ပင် ပြင်ဆင်နေကြပြီဖြစ်သည်။

''အခုကျတော့ ဆည်မြောင်းဌာနက ဒိုဇာတွေ၊ ဘက်ဟိုးတွေ မြေသယ်ယာဉ် တွေနဲ့ သဲတွေအကုန်လုံးယူပြီး လက်တံ မြောင်းပြင်တဲ့နေရာမှာ သုံးလိုက်တော့ တောင်သူတွေအတွက် အများကြီး ဝမ်းသာစရာပေါ့ဗျာ။ ကိုယ့်ဘာသာလုပ် မယ်ဆိုရင် ကျပ် ၅ သိန်းနဲ့ ၁၀ သိန်းကြား ကုန်မှာငွေလည်း မတတ်နိုင်ပါဘူး။ ကျေးဇူးလည်းတင်ပါတယ်''ဟု ကုန်းကြီး ကျေးရွာအုပ်စု အင်ကျင်းကုန်းကျေးရွာနေ တောင်သူ ဦးပွကြီးက ပြောသည်။

DY-2 လက်တံမြောင်းသည် အရှည်ပေ ၅၀၀၀၀ ရှိကာ နွေစပါး ရေသောက်ဧက တစ်သောင်းကျော် ရေပေးဝေလျက်ရှိပြီး လာမည့် နွေစပါး ရာသီရေပေးဝေနိုင်ရန် မေလ ၂၀ ရက် က စတင်ဆောင်ရွက်ခဲ့ ခြင်းဖြစ်ကြောင်း ဦးစီးမှူး ဦးကိုကိုနိုင်က ပြောကြားသည်။

ကမ္ဘာ့ဘဏ်အကူအညီဖြင့် လက်တံ မြောင်းကို ကျောက်ကြီး လိုင်နင်စီခြင်း လုပ်ငန်း ဆောင်ရွက်လျက်ရှိပြီး ကျောက်ကြီး လိုင်နင်လက်တံမြောင်း အဖြစ် အဆင့်မြှင့်တင်လုပ်ငန်းများ ပြီးစီး သွားပါက ရေလေလွင့်မှုနည်းပါး၍ ရေသယ်ဆောင်မှုအားကောင်းလာကာ တောင်သူများ စိုက်ပျိုးရေရယူသုံးစွဲနိုင် တော့မည်ဖြစ်သည်။

**သန်းလွင်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၄ / ၂၀၁၉**
**၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၄ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ် နှိမ်နင်းရေး အတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့၊ ပေါ်ဦးရပ်ကွက်နေ တင်ဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၆-၂၀၁၉ ရက်နေ့တွင် တန့်ဆည်မြို့၊ ပေါ်ဦးရပ်ကွက်နေ တင်ဝင်း(၄၆)နှစ်၊ (ဘ)ဦးတိုက်ဝေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများ၊ WY နှင့် 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တန့်ဆည်) မယ(ပ)၅/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ပြည်သာယာကျေးရွာ၊ ထီးချိုင့်ကားလမ်းဘေး၊ အမှတ်(၂)တံတားအနီးရှိ "အေးငြိမ်းရွှေစင်" စားသောက်ဆိုင်နေ စိုးရန်နိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၆-၂၀၁၉ ရက်နေ့တွင် ကသာမြို့နယ်၊ ပြည်သာယာကျေးရွာ၊ ထီးချိုင့်ကားလမ်းဘေး အမှတ်(၂)တံတားအနီးရှိ အေးငြိမ်းရွှေစင် စားသောက်ဆိုင်အား ဝင်ရောက်ရှာဖွေရာ စိုးရန်နိုင်(၂၇)နှစ်၊ (ဘ) ဦးမောင်မောင်စိုးအား ဘိန်းဖြူများ၊ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကသာ)မယ(ပ) ၄၇/ ၂၀၁၉၊မူး/ စိတ်ပုဒ်မ ၁၉ (က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ သင်းဝင်ကျေးရွာနေ ဝင်းထွန်းနိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၆-၂၀၁၉ရက်နေ့တွင် မင်းကင်းမြို့နယ်၊ သင်းဝင်ကျေးရွာနေ ဝင်းထွန်းနိုင်(၃၈)နှစ်၊ (ဘ)ဦးအောင်ညွန့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများ၊ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မော်ကျွန်းတော်) မယ(ပ)၄/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)ဖြင့်အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ရတောင်ကျေးရွာနေ ကျော်နိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၆-၂၀၁၉ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ ရတောင်ကျေးရွာနေ ကျော်နိုင်(၂၄)နှစ်၊ (ဘ)ဦးစိန်ဝင်း(ခ)သာပိန်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာကြိုတင်တိမ်းရှောင်နေပြီး ၎င်း၏အစ်မ မိစန်းဝင်း(၃၈)နှစ်နှင့် ခင်ပွန်း ခင်ဌေး(၃၆)နှစ်၊ (ဘ)ဦးစိုးတင်တို့အား WY စာတန်းပါစိတ်ကြွဆေးပြားများ၊ တူမီးသေနတ်(၁)လက်နှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၃)ဦးအား မမစ(ကျွန်းစု) မယ(ပ)၁၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၂(ခ)/ ၂၁နှင့် မမစ(ကျွန်းစု)(ပ)၂၄/ ၂၀၁၉၊ လက်နက် ဥပဒေပုဒ်မ ၁၉(စ)တို့ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ရောဝဏ်လမ်းမကြီး၊ YBS (၈၉)ကားဝင်းရှိ နောင်နောင်နှင့် ညီအစ်ကိုများ ကားအဲကွန်း/ ဝါယာရိန်းပြုပြင်ခြင်းနှင့် လေထိုးကျွတ်ဖာဆိုင်နေ နောင်နောင်နှင့် မွတ်တားတို့သည် မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၆-၂၀၁၉ ရက်နေ့တွင် သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ရောဝဏ်လမ်းမကြီး၊ YBS(၈၉)ကားဝင်းရှိ နောင်နောင်နှင့် ညီအစ်ကိုများ ကားအဲကွန်း/ ဝါယာရိန်း ပြုပြင်ခြင်းနှင့် လေထိုးကျွတ်ဖာဆိုင်သို့ ဝင်ရောက်ရှာဖွေရာ နောင်နောင် (ခ)ကျော်သူရ(၃၄)နှစ်၊(ဘ) ဦးသန်းမြင့်နှင့်ညီဖြစ်သူ မွတ်တား (ခ)အောင်သူရ(ခ)ရာကြီး(ခ)ရာရား (၂၈)နှစ် တို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သာကေတ) မယ(ပ)၃၀/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၂၂-၆-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၆၆၃)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၈၇၅)ဦး၊ မ(၁၆၆)ဦး၊ ပေါင်း(၁၀၄၁)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၆၃၉၈.၆၁၈၄)ဂရမ်၊ ICE (၇၃.၇၂)ဂရမ်၊ ဘိန်း(၃၉၇၂၀.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၉၃၉၉.၂၇)ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၀၂၆၃၃)ပြား၊ ဆေးခြောက် (၈၃၀၉.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၂၈.၄၅)ဂရမ်၊ Ecstasy အကြေ (၀.၀၀၁)ဂရမ်၊လက်နက်မျိုးစုံ(၁၇)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး ဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များ အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ကချင်စုရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ ဘိန်းဖြူ(၃၉၆)ဂရမ်၊ တနိုင်းမြို့၊ ဟူးကောင်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ အဆင့်နိမ့်ဘိန်း(၉၀)ဂရမ်၊ မံစီမြို့နယ်၊ မံရကျေးရွာအဝင်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွ ဆေးပြား(၂၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုင်းနောင်ကျေးရွာအနီး လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၉၅၀၀)ပြား၊ ဘိန်းဖြူ(၄၄၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ မောက်မောက်လာကျေးရွာအဝင်လမ်းပေါ်၌ စိစစ်စဉ် တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၅၄)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ကော့ပရံကျေးရွာ၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး (၃)ဦး၊ ပေါင်း(၅)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၉၇၅)ပြား၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်လမ်းပေါ်၌ သတင်းအရ Caldina ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၉၅)ပြား၊ မော်တော်ယာဉ်(၁)စီး၊ မွန်ပြည်နယ်၊ သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၄)ပြား၊ ဆိုင်ကယ်(၁)စီး၊ လမိုင်းမြို့၊ နစ်ကရင်ကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ ဘိန်းစာရွက်(၂၀၀)ဂရမ်၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ၎င်းကျေးရွာ၊ အကွက်(၄)၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းစာရွက်(၄၅၆)ဂရမ်၊ ဘိန်းစာရည်(၀.၀၀၃၅) လီတာ၊ ဇင်းကျိုက်မြို့၊ ဇင်းကျိုက်ရပ်ကွက်၌ တရားခံအမျိုးသား(၅)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၃)ပြား၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ကျီးကန်းပြင်စစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦး ထံမှ စိတ်ကြွဆေးပြား(၁၉၅၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်တွေမြို့နယ်၊ ချမ်းသာရကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၉၂)ပြား၊ မကျည်းမြိုင်ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၀)ပြား၊ ဆိုင်ကယ်(၄)စီး၊ မြောက်ဦးမြို့၊ ထမ္မရစ်ရပ်ကွက်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၃)ပြား၊ ဆိုင်ကယ်(၁)စီး၊ ပေါက်တောမြို့၊ အနောက်ပိုင်းရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၈)ပြား၊ ဘူးသီးတောင်မြို့နယ်၊ တောင်ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၅)ပြား၊ မြို့မရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦး ထံမှ စိတ်ကြွဆေးပြား(၁၇၀)ပြား၊ ကျောက်ဖြူမြို့၊ သန်ပန်ချောင်း၌ တရားခံအမျိုးသား(၃)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၅၀)ပြား၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ရေပူကျေးရွာ လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦး တို့ထံမှ စိတ်ကြွဆေးပြား(၂၆၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွန်ကျောင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၇၀)ပြား၊ တောင်နီကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၉၉၅)ပြား၊ ဘိန်းဖြူ(၃၈၀)ဂရမ်၊ ဘိန်းဆီခဲ(၁၆.၃၃)ဂရမ်၊ ကလောမြို့နယ်၊ ရေယားကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဖယ်ခုံမြို့နယ်၊ ညောင်ဝိုင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှစိတ်ကြွဆေးပြား(၆)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ပွဲကုန်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၇၂၀)ပြား၊ မော်တော်ယာဉ် (၁)စီး၊ လွိုင်လင်မြို့အထွက် ဟိုတင့်ကျေးရွာအနီး လွိုင်လင်-တောင်ကြီးသွား ကားလမ်းမပေါ်၌ သတင်းအရ Surf ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ Ketamine(၃၀၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ မိုင်းရယ်မြို့နယ်၊ မိုင်းရယ်-မိုင်းရှူးသွားကားလမ်း မိုင်တိုင်(၅၀/၃)၌ သတင်းအရ ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၇၅၀)ပြား၊ နမ့်ခမ်းမြို့နယ်၊ လွယ်လင်ကန်ကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၀၀)ပြား၊ ဘိန်းဖြူ(၁၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွား ပြည်ထောင်စုကားလမ်း မိုင်တိုင်(၈၀/၄)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၁၆၀)ပြား၊ဘိန်းဖြူ(၂၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ သီပေါမြို့နယ်၊ တုံစင့်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၅၅၅)ပြား၊ ကွမ်းလုံမြို့နယ်၊ နမ့်ကျွမ်းကျေးရွာအနီး နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် တောင်ယာတဲတစ်ခုအတွင်းမှ ပိုင်ရှင်မဲ့ ဘိန်း (၁၀၀၀)ဂရမ်၊ ကျိုင်းတုံမြို့နယ်၊ ကျိုင်းဖောင်းရဲကင်းစခန်းရှေ့၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံ အမျိုးသား(၁)ဦးထံမှစိတ်ကြွဆေးပြား(၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုင်းဆတ်မြို့နယ်၊ မယ်ကြုတ်ကျေးရွာဝန်းကျင်၌ နယ်မြေစိုးမိုးရေး ဆောင်ရွက်စဉ် ပိုင်ရှင်များတိမ်းရှောင်နေပြီး စိတ်ကြွဆေးပြား (၇၃၉၇၂၀၀)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၄၆၀၆၈)ဂရမ်၊ ဘိန်းဖြူ(၉၆၇၃)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၄၀၁၈၀) ဂရမ်၊ ကဖင်း(၁၃၀၀၀)ဂရမ်၊ ခါတုဆေးမှုန့်(၁၀၁၀၀)ဂရမ်နှင့် မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ပူနားကိုကျေးရွာဝန်းကျင်တွင် နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် ပိုင်ရှင်များ တိမ်းရှောင်နေပြီး စိတ်ကြွဆေးပြား(၅၅၀၀၀၀)ပြား၊ ကဖင်း(၆၆၀၀၀)ဂရမ်၊ ဓာတုပစ္စည်းများဖြစ်သည့် Hydrochloric Acid (၅၆)လီတာ၊ Sodiumhydroxide (၂၅၂၀၀၀)ဂရမ်၊ Ethyl Ether (၆)လီတာနှင့် မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ Vigo ယာဉ်(၂)စီး၊ Toyota Avanza ယာဉ်(၁)စီး၊ သတင်းကွင်းဆက်အရ အားဆော်ပေါ်မိုးကျေးရွာ၏ မြောက်ဘက်တောစပ်မြေကြီးအတွင်း ဖုံးကွယ်ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၂၆၀၀၀)ပြား၊ အားဝေါဖယားကျေးရွာ အနီး လျှိုအတွင်းမှ ပိုင်ရှင်မဲ့စိတ်ကြွဆေးပြား (၁၂၀၀၀) ပြား၊ ဘိန်းဖြူ(၄၀)ဂရမ်၊ ခါတုဆေးမှုန့်(၃၅၀၀)ဂရမ်၊ ခါကြားဒေကျေးရွာအနီး လျှိုအတွင်းမှ ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား (၁၁၅၀၀)ပြား၊ ဓာတုပစ္စည်းများဖြစ်သည့် Ethyl Ether (၁၈၀)လီတာ၊ Hydrochloric Acid (၃၀၄) လီတာ၊ ကျဘိုရှဲကျေးရွာအနောက်ဘက်တောင်စောင်းဘေးလျှိုအတွင်း၌ မြေကျင်းတူးမြှုပ်နှံထားသည့် ပိုင်ရှင်မဲ့ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ တာချီလိတ်မြို့နယ်၊ ရေပူစမ်းကျေးရွာဝန်းကျင်၌ နယ်မြေစိုးမိုးရေး ဆောင်ရွက်စဉ် လျှိုအတွင်း၌ ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား (၄၀၈၃)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁၀၀) ဂရမ်၊ အာဒီးကျေးရွာ၌ သတင်းအရ နေအိမ်အားဝင်ရောက် စစ်ဆေးရှာဖွေရာ အိမ်ရှင်တိမ်းရှောင်နေပြီး နေအိမ်ခြံဝင်းအတွင်းရှိ Pajero ယာဉ်၏ အင်ဂျင်ခန်းအတွင်းမှ စိတ်ကြွဆေးပြား(၅၆၀၀)ပြား၊ ဘိန်းဖြူ(၂၅၂)ဂရမ်၊ ICE(၄၄၉)ဂရမ်၊ ဘိန်း(၁၈၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ စကားပြောစက်(၃)လုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ စီမော်ကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှဘိန်း(၅၀.၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကောလင်းမြို့နယ်၊ ကညွတ်အင်းကျေးရွာအနီး ကညွတ်အင်း-ဆင်ကုန်းကျေးရွာသွားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၃၂)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကလေးမြို့နယ်၊ မြစိမ်းကျေးရွာလမ်းပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၀.၀၁)ဂရမ်၊ ဘိန်း(၁၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တမူးမြို့၊ နန်မွန်းတားကျေးရွာအဝင် တမူး-ကလေးသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၀)ပြား၊ ဘိန်းဖြူ(၃.၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဖောင်းပြင်မြို့နယ်၊ ရွာသာကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၂၉၇)ဂရမ်၊ ဟုမ္မလင်းမြို့နယ်၊ အော်သောင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ ဘိန်းဖြူ(၁၁၀)ဂရမ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြစ်ငယ်ရပ်ကွက်၊ မြတ်လေးလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ချမ်းမြေ့သာယာရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၀၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဇေယျာသီရိ(၃)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၀၀)ပြား၊ လမင်းရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းစာမှုန့်(၈၀)ဂရမ်၊ နောက်လယ်ရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း (၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၉၇)ပြား၊ ICE(၄.၅)ဂရမ်၊ ဆေးခြောက်(၇)ဂရမ်၊ ကျွန်းစုမြို့နယ်၊ ပထော်ကျေးရွာ၌ သတင်းအရ ခရီးသည်တင်စက်လှေအားစိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၉၇)ပြား၊ စက်လှေ(၁)စီး၊ ယခင်သီတင်းပတ်၌ ထုတ်ပြန်ခဲ့သည့် ပင်လယ်ပြင်နှင့် ပင်လယ်ကမ်းစပ်ကျေးရွာများတွင် စက်လှေနစ်မြုပ်၍ မျောပါလာသည်ဟုယူဆရသည့် ပိုင်ရှင်မဲ့ ICE များ သိမ်းဆည်းရမိခဲ့သည့်ဖြစ်စဉ်နှင့်ဆက်စပ်၍ ယခုသီတင်းပတ်အတွင်း ပုလောမြို့နယ်၊ လောင်းလုံမြို့နယ်၊ သရက်ချောင်းမြို့နယ်တို့၏ ပင်လယ်ပြင်နှင့် ပင်လယ်ကမ်းစပ်ကျေးရွာများ၌ ပလတ်စတစ်ထုပ်များ တွေ့ရှိသိမ်းဆည်းရမိပြီး ၎င်းတို့အတွင်းမှ ရေစို၍ အလေးချိန်စိစစ်မရ ICE အထုပ်(၂၈)ထုပ်နှင့် ရေစိုပျက်စီးမှုမရှိသည့် အထုပ်(၃၀) ထုပ်အတွင်းမှ ICE(၂၇၁၀၀)ဂရမ်တို့အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့၊ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့၊ အေးချမ်းသာရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၁)ပြား၊ ဆေးခြောက်(၄)ဂရမ်၊ သာယာဝတီမြို့၊ ကျောင်းစုရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၅) ပြား၊ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၊ ဈေးကုန်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၆)ပြား၊ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ စပ္ပါယ်နဂိုရ်ကျေးရွာသွားလမ်းပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၉၄)ပြား၊ ဆိုင်ကယ်(၁)စီး၊ ပေါက်တပင်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦး

*စာမျက်နှာ ၉ သို့*

# ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့၏ စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၂၄**

ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေပိုင်းက ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(ယာပုံ)**



**ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်**

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဖားကန့်ဒေသ တရားဥပဒေစိုးမိုးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြေယာစီမံခန့်ခွဲရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းပေးရေးနှင့် အလုပ်အကိုင်ရှာဖွေပေးရေးတို့နှင့် ပတ်သက်၍ လုပ်ဆောင်နေမှုများကို လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရန် တာဝန်ရှိပါကြောင်း၊ ယခုအစည်းအဝေးတွင် ရှေ့ဆက်မည်သို့ဆက်လက်ဆောင်ရွက်ကြရမည်ကို ဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ အစိုးရ၏ကြိုးပမ်းချက်များ အောင်မြင်ရန်အတွက် ကျယ်ပြန့်စွာ ပညာပေးရန်နှင့်လုပ်ငန်းအဖွဲ့ခွဲများအကြား၊ သက်ဆိုင်ရာ အစိုးရဌာနများအကြား၊ ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရအကြား ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဒေသခံများ၏ ဝိုင်းဝန်းအားပေးကူညီမှုသည်လည်း အရေးကြီးပါကြောင်း။

ဖားကန့်ဒေသတွင် တရားဥပဒေစိုးမိုးရေးသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ မူးယစ်ဆေးတိုက်ဖျက်ရာတွင် ဒေသခံအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အထူးစစ်ဆင်ရေးတစ်ရပ်အဖြစ် ဆောင်ရွက်နိုင်ရေး၊ ယမ်းအမြောက်အမြားသုံးစွဲသည့် ကုမ္ပဏီများ စည်းကမ်းလိုက်နာရေး၊ ရွှေ့ပြောင်း အလုပ်သမားများအတွက် ယာယီနေရာချထားမှုကို စီမံချက်ရေးဆွဲနိုင်ရေး၊ သက်တမ်းကုန် လုပ်ကွက်များတွင် အပင်ပြန်လည်ပြုစုပျိုးထောင်ခြင်း မဖြစ်မနေ ဆောင်ရွက်ရန် ကြိုးပမ်းရေး၊ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သည့်အတွက် ဥရုချောင်းရေစီးရေလာကောင်းမွန်စေရေးအတွက် လုပ်ငန်းရှင်များ၊ ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ကျောက်အချောထည်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးတို့ကို ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း၊ ရှေ့လုပ်ငန်းစဉ်များကိုလည်း ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းဆွေးနွေးရန်**

ထို့နောက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဖားကန့်ဒေသရှိ အလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် မိမိတို့ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ ဖားကန့်ဒေသရှိ အလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပဉ္စမအကြိမ်မြောက် အစည်းအဝေးအား ဇူလိုင်လအတွင်း ပြုလုပ်သွားရေး တက်ရောက်လာကြသူများမှ ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ယင်းနောက် အစည်းအဝေးတက်ရောက်လာသူများက ဖားကန့်ဒေသရှိ အလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲများဖြစ်ကြသော- ဖားကန့်တရားဥပဒေ စိုးမိုးရေးလုပ်ငန်းအဖွဲ့ခွဲ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ခွဲ၊ မြေယာစီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့ခွဲ၊ အသက်မွေးဝမ်းကျောင်းသင်တန်းပေးရေးနှင့် အလုပ်အကိုင်ရှာဖွေပေးရေး လုပ်ငန်းအဖွဲ့ခွဲ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ခွဲနှင့် ဘဏ္ဍာရေးလုပ်ငန်း အဖွဲ့ခွဲတို့၏ ဖွဲ့စည်းပုံများ ပြန်လည် ပြင်ဆင်ဖွဲ့စည်းနိုင်ရေး လုပ်ငန်းအဖွဲ့ခွဲအလိုက် အစည်းအဝေးများ အမြန်ဆုံးခေါ်ယူ အတည်ပြုချက်ရယူရေး၊ ဖားကန့်ဒေသ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးစွဲသူများအား ပြန်လည်ထူထောင်ရေး၊ ဖားကန့်ဒေသရှိ အလုပ်သမားများအား စစ်တမ်းကောက်ယူရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ မြေယာစီမံခန့်ခွဲရေး၊ အသက်မွေးဝမ်းကျောင်း သင်တန်းပေးရေးနှင့် အလုပ်အကိုင်ရှာဖွေပေးရေး၊ ကျောက်အချောထည်လုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရေး စသည့်စီမံချက်များအား သက်ဆိုင်ရာလုပ်ငန်း အဖွဲ့ခွဲများမှ ရေးဆွဲရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် ဝန်ကြီးချုပ်တို့က လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြသည်။

**သတင်းစဉ်**

# အဓမ္မခိုင်းစေမှု တိုင်ကြားချက်များကို အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီမှ ကိုင်တွယ်ဖြေရှင်းသွားမည်

**နေပြည်တော် ဇွန် ၂၄**

မြန်မာနိုင်ငံသည် ၂၀၀၇ ခုနှစ်မှစတင်၍ ILO နှင့်ပူးပေါင်းကာ တိုင်ကြားမှု ယန္တရားထူထောင်ပြီး အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ ၂၀၁၉ခုနှစ်မှစ၍ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism –NCM) ထူထောင်ရေးဆောင်ရွက်လျက်ရှိရာ အဆိုပါ ယန္တရားထူထောင်ဆဲ ကြားကာလတွင် အဓမ္မခိုင်းစေမှု တိုင်ကြားချက်များကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ (High Level Working Group- HLWG) မှ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၀၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် email လိပ်စာ mol@mptmail.net.mm, molipoffice@gmail.com, research.org.dol.mm@ gmail.com များသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်၌ ICT for Education Forum ကျင်းပမည်

**နေပြည်တော် ဇွန် ၂၄**

ICT for Education Forum ကို နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ဇွန် ၂၇ နှင့် ၂၈ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖိုရမ်သည် ပညာရေးဝန်ကြီးဌာနနှင့် ဩစတြေးလျအစိုးရတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာ့ပညာရေးအရည်အသွေးမြှင့်မားရေး လုပ်ငန်းအစီအစဉ်အရ ပညာရေးကဏ္ဍဦးဆောင်သူများ၊ ဆုံးဖြတ်ချက်ချမှတ်သူများ၊ ကျွမ်းကျင်သူများ၊ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းဆောင်ရွက်သူများစုစည်းကာ ပညာရေးနယ်ပယ်အတွင်းရှိ ပညာရေးနည်းပညာများဆိုင်ရာ အကြံဉာဏ်များအပေါ် သင်ယူ၊ ဆွေးနွေးဖလှယ်နိုင်ရန်အတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ICT for Education Forum ၏ ဆောင်ပုဒ်မှာ "ICT ကို အသုံးချလို့ ပညာခေတ်ကို ဖော်ဆောင်စို့" ဖြစ်သည်။

**မောင်လူမော်**

*စာမျက်နှာ ၈ မှ*

ထံမှ စိတ်ကြွဆေးပြား(၆၀၀)ပြား၊ ကျောက်ဆည်မြို့လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ပေါက်တောမီးပွိုင့်အနီး၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၃၁၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဆည်ထိပ်ထန်းတောရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၇၅၃)ပြား၊ ဆက်လက်ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ လားရှိုးမြို့၊ အမှတ်(၉)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၇၅)ပြား၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၈၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၄၃၈၇)ပြား၊ ICE (၁၀၁)ဂရမ်၊ ဘိန်းဖြူ(၀.၂)ဂရမ်၊ ဆေးခြောက်(၁၀၀)ဂရမ်၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၃၀)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တောင်ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၈၀)ပြား၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၌ တရားခံ အမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၅)ပြား၊ Ecstasy ဆေးပြားအကြေမှုန့် (၀.၂)ဂရမ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ သခင်ထွန်းအုပ်လမ်းနှင့် ဗိုလ်ဖိုးစောလမ်းထောင့်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၀၀၀)ပြား၊ သန်လျင်မြို့နယ်၊ အလွမ်းဆွတ်ကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၉၈၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အမှတ်(၇)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၅)ပြားအားလည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၆)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ သီပေါမြို့နယ်၊ ကျင်သီကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၂၃၇၀၀)ပြား၊ တူမီးသေနတ်(၁)လက်၊ ဒီတိုနေတာ(၃)ချောင်း၊ ယမ်းအုံ(၂)ခု၊ Wish ယာဉ်(၁)စီး၊ မိုင်းဆတ်မြို့နယ်၊ မယ်ကြုတ် (၁)ကျေးရွာ၌ သတင်းအရ နေအိမ်အား ဝင်ရောက်စစ်ဆေးရှာဖွေရာ အိမ်ရှင်တိမ်းရှောင်နေပြီး နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား(၂၈၅၀၀၀၀)ပြား၊ ဘိန်းဖြူ(၁၄၄၀၀)ဂရမ်၊ ပစ္စတိုသေနတ်(၁)လက်၊ ခြောက်လုံးပြူးသေနတ် (၁)လက်၊ ပွိုင့်-၂၂သေနတ်(၂)လက်၊ M-16 ပြောင်းတိုသေနတ်(၁)လက်၊ ကာဘိုင်သေနတ်(၂)လက်၊ စတင်းသေနတ်(၁)လက်၊ နှစ်လုံးပြူးသေနတ်(၂) လက်၊ ၁၂ ဗို့ ပြောင်းချောသေနတ်(၅)လက်၊ ပေါင်း(၁၅)လက်၊ စတင်းကျည်အိမ်(၁)ခု၊ ၅.၅၆ ကျည်(၃၀၀)တောင့်၊ ကွင်းဆက်သတင်းအရ မယ်ကြုတ်(၃)ကျေးရွာ အနောက်မြောက်ဘက် လယ်တဲအား စိစစ်စဉ် ပိုင်ရှင်စိစစ်ဆဲ စိတ်ကြွဆေးပြား(၁၇၇)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၉)ဂရမ်၊ ၉ မမ ကျည်(၆)တောင့်၊ ကာဘိုင်ကျည်(၂)တောင့်၊ ပူနားကိုကျေးရွာ၌ သတင်းအရ နေအိမ်အား ဝင်ရောက်စစ်ဆေးရှာဖွေရာ အိမ်ရှင်တိမ်းရှောင်နေပြီး နေအိမ်အတွင်းမှ Ephedrine (၄၀၀၀)ဂရမ်၊ ၅.၅၆ ကျည်(၁၄)တောင့်၊ ၇.၆၅ ကျည်(၃၃)တောင့်၊ ၉ မမကျည်(၅၀)တောင့်၊ ၁၂ ဗို့ကျည်(၂)တောင့်၊ ကွင်းဆက်သတင်းအရ ၎င်းကျေးရွာ၏နေအိမ်အား ဝင်ရောက်စစ်ဆေးရှာဖွေရာ အိမ်ရှင်တိမ်းရှောင်နေပြီး နေအိမ်ရှေ့၌ မြေကျင်းတူးဝှက်သိမ်းထားသည့် စိတ်ကြွဆေးပြား(၄၈၀၀)ပြား၊ ဘိန်း(၂၄၀၀)ဂရမ်၊ သေနတ်ပြောင်း (၁)ခု၊ တစ်လုံးထိုးသေနတ်ကိုယ်ထည်(၁)ခု၊ ၎င်းကျေးရွာအနီး အားဆော်ပေါ်မိုး-ပူနားကို ကျေးရွာချင်းဆက် လမ်းဘေးအမှိုက်ပုံ၌ ဆာလာအိတ်အတွင်းမှ ပိုင်ရှင်မဲ့စိတ်ကြွဆေးပြား(၄၀၀၀၀)ပြား၊ Ketamine(၅၀၀၀)ဂရမ်၊ ပစ္စတို သေနတ်(၁)လက်၊ ၎င်းကျည်အိမ်(၁)ခုတို့အားလည်းကောင်း၊ ပြန်လည်ခုခံသဖြင့် ပစ်ခတ်ဖမ်းဆီးရမိမှု ဖြစ်စဉ် (၁)ခုရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ ချပ်ကုန်း-ချပ်သင်းကျေးရွာသွားလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အားစစ်ဆေးရန် တားဆီးစဉ် စစ်ဆေးရေးအဖွဲ့အား ဆိုင်ကယ်နှင့် ပွတ်တိုက်မောင်းနှင် ထွက်ပြေးသဖြင့် သတိပေးပစ်ခတ်ဖမ်းဆီးရာ တရားခံအမျိုးသား(၁)ဦး မစိုးရိမ်ရဒဏ်ရာရရှိပြီး ဘိန်းဖြူ (၁၁) ဂရမ်၊ ဆိုင်ကယ်(၁)စီးတို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးရမိမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၁၆-၆-၂၀၁၉ရက်နေ့မှ ၂၂-၆-၂၀၁၉ရက်နေ့အထိ)အတွင်း အမှုပေါင်း(၂၆၆)မှု၊ တရားခံကျား (၂၈၀)ဦး၊ မ(၄၄)ဦး၊ ပေါင်း(၃၂၄)ဦး၊ စိတ်ကြွဆေးပြား (၁၁၂၇၁၀၀၂)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့် (၄၆၁၇၇)ဂရမ်၊ ဘိန်းဖြူ (၂၆၄၆၇.၉၅၁၅)ဂရမ်၊ ICE (၃၉၆၈၄.၄)ဂရမ်၊ Ketamine(၃၅၀၀၀)ဂရမ်၊ ကဖင်း(၇၉၀၀၀)ဂရမ်၊ ဘိန်း(၆၂၉၃.၄) ဂရမ်၊ အဆင့်နိမ့်ဘိန်း(၄၀၂၇၀)ဂရမ်၊ ဘိန်းစာမှုန့်(၈၀)ဂရမ်၊ ဘိန်းစာရွက်(၆၅၆)ဂရမ်၊ ဘိန်းစာရည်(၀.၀၀၃၅) လီတာ၊ ဘိန်းဆီခဲ (၃၄.၃၃)ဂရမ်၊ ဆေးခြောက်(၁၇၃)ဂရမ်၊ ဆက်စပ်ဓာတုပစ္စည်းများဖြစ်သည့် Hydrochloric Acid (၃၆၀)လီတာ၊ Ethyl Ether (၁၈၆)လီတာ၊ Ephedrine (၄၀၀၀)ဂရမ်၊ Sodiumhydroxide (၂၅၂၀၀၀)ဂရမ်၊ ဓါတုဆေးမှုန့်(၁၃၁၆၀၀)ဂရမ်၊ Ecstasy ဆေးပြားအကြေမှုန့်(၀.၂)ဂရမ်၊ သေနတ်မျိုးစုံ(၁၇)လက်၊ ကျည်မျိုးစုံ (၄၀၇)တောင့်၊ ကျည်အိမ်မျိုးစုံ(၂)ခု၊ သေနတ်ပြောင်း(၁)ခု၊ တစ်လုံးထိုးသေနတ်ကိုယ်ထည်(၁)ခု၊ ဒီတိုနေတာ (၃)ချောင်း၊ ယမ်းအုံ(၂)ခု၊ စကားပြောစက်(၃)လုံး၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့်မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | **၀၆၇-၃၉၀၂၀၀** |
| **ဖက်စ်ဖုန်းနံပါတ်** | - | **၀၆၇-၃၉၀၂၃၃** |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကလေးစာပေပွဲတော် (တာချီလိတ်) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး




**တာချီလိတ် ဇွန် ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မကာဟိုခမ်း ရပ်ကွက် အထက တာချီလိတ်၌ ဇွန် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပသွားမည့် ကလေးစာပေပွဲတော် (တာချီလိတ်) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ယနေ့ညနေပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။ **(ဓာတ်ပုံ)**

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်မြို့နယ် စာရေးဆရာ အသင်းရုံးရှိ နေ့သစ်ရည်ညွန်းစာကြည့်တိုက်သို့ ရောက်ရှိပြီး စာကြည့်တိုက်အတွင်း ကြည့်ရှုလေ့လာကာ စာရေးဆရာများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးသို့ ရောက်ရှိပြီး စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြတိုက်ငယ် ခင်းကျင်းပြသထားရှိမှုနှင့် နံရံကပ်စာစောင် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

**အမှတ်တရလက်ဆောင်များ ပေးအပ်**

ယင်းနောက် ကလေးစာဖတ်ခန်းတွင် စာပေလေ့လာဖတ်ရှုနေကြသော ကျောင်းသား ကျောင်းသူများကို အမှတ်တရလက်ဆောင်များပေးအပ်ပြီး စာကြည့် တိုက် လုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခရိုင်ရုံးမှ တာဝန်ရှိသူထံ အလှူငွေကျပ် ၅ သိန်း ပေးအပ်လှူဒါန်းခဲ့သည်။

**အောင်မင်းဟန်**

## ကလေးစာပေပွဲတော် (တာချီလိတ်) အောင်မြင်စွာ ကျင်းပနိုင်ရေး အစမ်းလေ့ကျင့်မှုများပြုလုပ်

**တာချီလိတ် ဇွန် ၂၄**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် တာချီလိတ်ခရိုင် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပမည့် ကလေးစာပေပွဲတော် (တာချီလိတ်) အောင်မြင်စွာ ကျင်းပနိုင် ရေး အစမ်းလေ့ကျင့်နေမှုများကို ယနေ့ နံနက် ၉ နာရီက တာချီလိတ်မြို့ မကာဟိုခမ်း ရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပ သည်။ **(အောက်ပုံ)**

ကလေးစာပေပွဲတော် (တာချီလိတ်) အောင်မြင်စွာ ကျင်းပနိုင်ရေး အစမ်း လေ့ကျင့်မှုများ ကျင်းပရာနေရာသို့ ရှမ်းပြည်နယ် ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိ သူများ၊ ပွဲတော်တွင်ပါဝင်မည့် အခြေခံ ပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်း များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိ သူများ တက်ရောက်ခဲ့ကြပြီး ကဏ္ဍ အလိုက် လေ့ကျင့်မှုများဆောင်ရွက်ခဲ့ကြ ကာ တာဝန်ရှိသူများက ပွဲတော်တွင် ခင်းကျင်းပြသမည့် ပြခန်းများအား လိုက်လံကြည့်ရှုခဲ့ကြသည်။



ကလေးစာပေပွဲတော်တွင် ဖျော်ဖြေ ရေး အစီအစဉ်များ၊ အသိပညာပေး ပြခန်းများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင် ပြောပြိုင်ပွဲ၊ ကျပန်းစကားပြော ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ပုဖောင်းညှပ်ပြိုင်ပွဲ၊ ဖိနပ်စီးပြိုင်ပွဲ၊ ခွက်နင်းကစားနည်းပြိုင်ပွဲ ၊ ဆန်ကော ရွက်ပြိုင်ပွဲ၊ ခါးကွင်းလှည့်ပြိုင်ပွဲ၊ ဘောလုံး ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ဂိမ်းကစား နည်းပြိုင်ပွဲများ၊ စာပေဟောပြောပွဲနှင့် စာပေစကားဝိုင်းဆွေးနွေးပွဲများ ပါဝင် သည့်အပြင် ၂၀၁၈ ခုနှစ်အတွင်း ထုတ်ဝေ ခဲ့သော စာအုပ်များကိုလည်း ခင်းကျင်း ပြသသွားမည်ဖြစ်ပြီး မည်သူမဆို ပါဝင် ဆင်နွှဲနိုင်ကြောင်း သိရသည်။

**အောင်မင်းဟန်**
**ဓာတ်ပုံ- သန်းထွန်းအေး(ပြန်/ဆက်)**



တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်း ပြင်ဆင်ထားစဉ်။

## ကလေးစာပေပွဲတော် (တာချီလိတ်) တွင် တိုင်းရင်းသားဘာသာစကားဖြင့် ပုံပြင်ပြောခြင်းအစီအစဉ် ပါဝင်

**တာချီလိတ် ဇွန် ၂၄**

ကလေးစာပေပွဲတော်(တာချီလိတ်)၌ တိုင်းရင်းသားတို့၏ ကိုယ်ပိုင်ဘာသာစကားဖြင့် တိုင်းရင်းသားရိုးရာ ပုံပြင်ပြောနှင့် ကဗျာရွတ်ခြင်းအစီအစဉ် ပါဝင်ကြောင်း သိရသည်။

**ဘာသာစကားအသီးသီးဖြင့် ပုံပြင်ပြောကြမည်**

အဆိုပါ တိုင်းရင်းသားပုံပြင်ပြောခြင်း အစီအစဉ်တွင် တာချီလိတ်ခရိုင် အတွင်းရှိ တိုင်းရင်းသားများဖြစ်ကြသည့် ရှမ်း၊ အာခါ၊ လားဟူ စသည့် တိုင်းရင်းသား များ၏ ရိုးရာပုံပြင်များကို ကိုယ်ပိုင်ဘာသာစကားအသီးသီးဖြင့် ပုံပြင်ပြောကြမည် ဖြစ်သည်။

**ဂုဏ်ယူမြတ်နိုးတန်ဖိုးထားတတ်စေရန်**

ထို့အပြင် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တိုင်းရင်းသားများ ၏ ကိုယ်ပိုင်စာပေနှင့် ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားများ၏ ကိုယ်ပိုင်စာပေဖြင့် ရေးဖွဲ့ထားသည့် ကဗျာများ၊ ပုံပြင်များကို အခြားတိုင်းရင်းသားများ သိရှိပြီး ဂုဏ်ယူမြတ်နိုးတန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ ကလေးစာပေပွဲတော် များတွင် တိုင်းရင်းသားဘာသာစကားဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ပုံပြင်ပြောပြိုင်ပွဲ များကို ထည့်သွင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဦးဆောင်ဦးရွက်ပြုနိုင်သူများ**

ကလေးများ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန်ပညာရှာမှီး သူများ ဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်နှင့် ပညာဗဟုသုတ ရော လူရည်လူသွေးပါ ပြည့်ဝ၍ အနာဂတ်နိုင်ငံတော်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန် ရည်ရွယ်ချက်များဖြင့် ကလေးစာပေ ပွဲတော်များကို ကျင်းပလျက်ရှိသည်။

**ခရိုင် (ပြန်/ဆက်)**

## ကလေးစာပေပွဲတော်(တာချီလိတ်)တွင် ကလေးကဗျာပြခန်းအပါအဝင် ပြခန်းအမျိုးအစားစုံလင်စွာ ပြသမည်

**တာချီလိတ် ဇွန် ၂၄**

ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် (တာချီလိတ်) တွင် ကလေးများအတွက် အသိပညာဗဟုသုတတိုးပွားစေမည့် ပြခန်းပေါင်း ၁၉ ခန်းကို အမျိုးအစားစုံလင်စွာ ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။

ကလေးစာပေပြခန်း၊ ကလေးကဗျာပြခန်း၊ ကျောက်စာနှင့်ကာတွန်းပြခန်း **(ယာပုံ)**၊ သုတဒါန အသိပညာဖွံ့ဖြိုးရေးပြခန်း၊ ရှမ်းအမျိုးသားယဉ်ကျေးမှုပြခန်း၊ Sun Moon Light ပြခန်း၊ လားဟူတိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်း၊ အာခါစာပေနှင့် ယဉ်ကျေးမှုပြခန်း၊ နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်ပြခန်း၊ ပညာရေးဦးစီးဌာနပြခန်း၊ ရွှေမဟာပြခန်း၊ ရှမ်းအရှေ့တန်ဆောင်ပြခန်း၊ အိမ်တွင်းမှုပြခန်း၊ ကုန်းလမ်းပို့ဆောင် ရေးညွှန်ကြားမှုဦးစီးဌာနပြခန်း၊ စိုက်ပျိုးရေးဦးစီးဌာနပြခန်း၊ ကျန်းမာရေးဦးစီးဌာန ပြခန်းများ၌ ဦးစီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ ပြသထားမည်ဖြစ်သည်။။ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးပြခန်း၊ မူးယစ်ပြခန်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပြခန်းများ ပါဝင်မည်ဖြစ်ပြီး အဆိုပါပြခန်းများတွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် မူးယစ် ဆေးဝါးအန္တရာယ် အသိပညာပေးပြဘုတ်များကို ပြသထားမည်ဖြစ်ကြောင်း သိရသည်။

ကလေးကဗျာပြခန်း၌ မြန်မာပြည်၏ စာပေနယ်တွင် ရှေ့ဆောင်လမ်းပြပုဂ္ဂိုလ် တစ်ဦးဖြစ်သည့် ဆရာကြီးမင်းသုဝဏ်၏ ရှားပါးသည့် ကလေးစာပေများ၊ ကဗျာ၊ အလင်္ကာ၊ ပုံပြင်စသည့် ကလေးစာပေများကို စုံလင်စွာ ပြသထားမည်ဖြစ်ကြောင်း သိရသည်။



ပွဲတော်တွင် ထိုင်း-မြန်မာနယ်စပ် တာချီလိတ်ဒေသရှိ ရှမ်း၊ အာခါ၊ လားဟူ စသော တိုင်းရင်းသားကလေးငယ်များကလည်း တိုင်းရင်းသား ဘာသာစကားများဖြင့် ပုံပြင် ပြောနှင့် ကဗျာရွတ်ပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်မှုနှင့်အတူ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးတို့ဖြင့်လည်း ပါဝင်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပွဲတော်ကို ကလေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေချင်သည့် ရည်ရွယ်ချက် ဖြင့် ကျင်းပခြင်းဖြစ်ပြီး ကလေးများ ငယ်စဉ်ဘဝကပင် လူရည်လူသွေး၊ ဉာဏ်ရည် ဉာဏ်သွေး ပြည့်စုံအောင် ရည်ရွယ်ကာ လူတော် လူကောင်း ဖြစ်စေရန်အတွက် ကလေးစာပေပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်အကြောင်း သိကောင်းစရာ

ပါမောက္ခဒေါက်တာမာမာဝင်း (ပါမောက္ခချုပ် - မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်)

**"ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုတဲ့ ဆိုရိုးစကားအတိုင်း နောင်တစ်ခေတ်ရဲ့ ခေါင်းဆောင်များဖြစ်ကြမယ့် ယခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ထားတဲ့ သားငယ်၊ သမီးငယ်များအနေနဲ့ ကိုယ်စိတ်ပါဝင်စားရာတက္ကသိုလ်အသီးသီးကို မကြာခင် ရွေးချယ်တက်ရောက်ကြရမှာ ဖြစ်ပါတယ်။ ကိုယ့်ဘဝတိုးတက်အောင်မြင်ဖို့နဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သားငယ်၊ သမီးငယ်တို့ရဲ့ရွေးချယ်မှုမှန်ကန်ဖို့ အရေးကြီးပါတယ်။ တက္ကသိုလ်ရဲ့မူဝါဒနဲ့အညီ မြန်မာနိုင်ငံရဲ့သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုဗဟိုဌာနကြီးအဖြစ် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိတဲ့ "မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်" အကြောင်း သိကောင်းစရာများကို အနည်းငယ် မိတ်ဆက်ပေးချင်ပါတယ်။**

မိမိတို့တက္ကသိုလ်ဟာ တိရစ္ဆာန်မွေးမြူရေးနဲ့ဆေးကုသရေးနယ်ပယ်အတွက် မြန်မာနိုင်ငံမှာ တစ်ခုတည်းသော တက္ကသိုလ်အဖြစ် နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာမှာ တည်ရှိပါတယ်။ မိမိတို့တက္ကသိုလ်ကို ၁၉၉၀ ပြည့်နှစ်မှာ "လက်ထောက်တိရစ္ဆာန်ဆေးကုသင်တန်း" အဖြစ် စတင်ခဲ့ပါတယ်။ ၁၉၅၇ ခုနှစ်မှာတော့ ရန်ကုန်တက္ကသိုလ် လက်အောက်မှာ "တိရစ္ဆာန်ဆေးပညာမဟာဌာန" အဖြစ် တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ၁၉၆၄ ခုနှစ်မှာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဘီအိုစီကွေ့အနီးမှာ "တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်" အဖြစ် သီးခြားဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၈၁ ခုနှစ်မှာ အင်းစိန်မှ ရေဆင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ၁၉၉၉ ခုနှစ်မှာ "မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်" အဖြစ် ပြောင်းလဲ ခေါ်ဝေါ်ခဲ့ပါတယ်။

**သင်ကြားပေးလျက်ရှိ**

မိမိတို့တက္ကသိုလ်ဟာဆိုရင် မွေးမြူဆေးကုဘာသာရပ်များကို အထူးပြုဘာသာရပ်အလိုက် သီးခြားစီလေ့လာနိုင်ဖို့ သင်တန်းကာလ လေးနှစ်ဖြစ်တဲ့ "မွေးမြူရေးပညာသင်တန်း" နဲ့ သင်တန်းကာလ ခြောက်နှစ်ဖြစ်တဲ့ "တိရစ္ဆာန်ဆေးပညာသင်တန်း" ဆိုပြီး ဖွင့်လှစ်ထားပါတယ်။ နှစ်စဉ် မွေးမြူရေးပညာသင်တန်းအတွက် ကျောင်းသား ကျောင်းသူ ၁၅၀၊ တိရစ္ဆာန် ဆေးပညာသင်တန်းအတွက် ကျောင်းသားကျောင်းသူ ၁၀၀ (သင်တန်းတစ်ခုစီအတွက် ကျား ၅၀ %၊မ ၅၀%) လက်ခံသင်ကြား ပေးလျက်ရှိပါတယ်။

"မွေးမြူဆေးကုတိုင်းပြည်ပြု" ဆိုတဲ့ တက္ကသိုလ်ရဲ့ ဆောင်ပုဒ်နဲ့အညီ နိုင်ငံတော်ရဲ့သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမယ့် သင်ရိုးညွှန်းတမ်းတွေကို ထည့်သွင်း ရေးဆွဲထားပါတယ်။ "မွေးမြူရေးပညာဘွဲ့" သင်တန်းမှာဆိုရင် မွေးမြူထုတ်လုပ်ရေး ပညာရပ်များအပြင် မွေးမြူရေးခြံစီမံ ခန့်ခွဲရေး၊ မွေးမြူရေးဆိုင်ရာစီးပွားရေး၊ အစားအစာပြုပြင်ထုတ်လုပ်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အစရှိတဲ့ ဘာသာရပ်တွေကိုသင်ကြားပေးသွားမှာဖြစ်ပါတယ်။ "တိရစ္ဆာန် ဆေးပညာဘွဲ့" သင်တန်းမှာဆိုရင် တိရစ္ဆာန်ဆေးကုသရေးနဲ့ ဆက်စပ်ဘာသာရပ်များအပြင် ပြည်သူ့ကျန်းမာရေးကို အထောက်အကူပြုမယ့် တိရစ္ဆာန်မှလူကို ကူးစက်တတ်တဲ့ ရောဂါများ (Zoonoses) ထိန်းချုပ်ရေး၊ အသားစစ်ဆေးခြင်းနဲ့ဆိုင်တဲ့ ပညာရပ်တွေကိုသင်ကြားပေးသွားမှာဖြစ်ပါတယ်။ ယနေ့ကမ္ဘာမှာ တိရစ္ဆာန်မှလူကို ကူးစက်တတ်တဲ့ရောဂါတွေဖြစ်တဲ့ ခွေးရူးရောဂါ၊ ကြက်ငှက်တုပ်ကွေး၊ အီဘိုလာ စတဲ့ရောဂါတွေရဲ့ခြိမ်းခြောက်မှုတွေကို ရင်ဆိုင်နေရတဲ့ အချိန်လည်းဖြစ်ပါတယ်။ ဒါကြောင့် ဒီရောဂါတွေကို တိရစ္ဆာန်ကနေတစ်ဆင့် လူတွေဆီ ကိုမကူးစက်အောင် တားဆီးကာကွယ်ဖို့ အလွန်အရေးကြီးပါတယ်။ မျက်မှောက်ခေတ်ရဲ့ အရေးပါတဲ့ ဆောင်ပုဒ်တစ်ခုဖြစ်တဲ့ "တစ်ခုတည်းသောကမ္ဘာ တစ်ခုတည်းသောကျန်းမာရေး" (One World One Health) အတွက် မိမိတို့ တက္ကသိုလ်ကမွေးထုတ်ပေးလိုက်တဲ့ ပညာရှင်များကလည်း မဖြစ်မနေပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

**လုပ်ငန်းခွင် အကြိုလေ့လာရေး**

သားတို့သမီးတို့အနေနဲ့ မြန်မာနိုင်ငံရဲ့ စားနပ်ရိက္ခာဖူလုံရေး၊ ကျေးလက်နေပြည်သူများရဲ့လူနေမှုဘဝမြှင့်တင်ရေး၊ ဆင်းရဲမှုလျှော့ချရေးအတွက် အထောက်အကူဖြစ်စေမယ့် မွေးမြူရေးပညာဘွဲ့ရ မွေးမြူရေးပညာရှင်တစ်ဦးဖြစ်ဖို့ လေးနှစ် သင်တန်းစာတွေ၊ လက်တွေ့တက်ရောက်ရမယ့်အပြင် "မွေးမြူရေးဆိုင်ရာပညာရပ်များအသင်း" (LSA) ရဲ့ ဦးဆောင်မှုနဲ့ ကျေးရွာများသို့ ကွင်းဆင်းလေ့လာရေးခရီးများ သွားရောက်ပြီး ကျေးရွာများရှိ မွေးမြူရေးလုပ်ငန်းများကို လေ့လာခြင်း၊ မွေးမြူသူများအား မွေးမြူရေးဆိုင်ရာအသိပညာဗဟုသုတများဖြန့်ဝေပေးခြင်း၊ အခြေခံလူမှုစီးပွားဘဝဆိုင်ရာ အချက်အလက်များ ကောက်ခံခြင်းတို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် တက္ကသိုလ်ရှိ သရုပ်ပြမွေးမြူရေးခြံများ၊ စားကျက်စိုက်ခင်းများမှာ လက်တွေ့လေ့ကျင့်ခြင်း၊ ကျောင်းပိတ်ကာလမှာ မွေးမြူရေးကုမ္ပဏီများ၊ စီးပွားဖြစ် မွေးမြူရေးခြံများမှာ လုပ်ငန်းခွင် အကြိုလေ့လာရေးများလည်း လုပ်ဆောင်ရမှာဖြစ်ပါတယ်။ "မွေးမြူရေးပညာဘွဲ့" ရရှိပြီးပါက မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (MLF) မှ မွေးမြူရေးပညာရှင်အသင်းဝင်အဖြစ် အသိအမှတ်ပြုပေးမှာ ဖြစ်ပါတယ်။

ဒါ့အပြင် သားတို့သမီးတို့အနေနဲ့ ပြည်သူပြည်သားများရဲ့ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ တိရစ္ဆာန်မှလူသို့ ကူးစက်တတ်တဲ့ရောဂါများ ထိန်းချုပ်ရေးတို့အတွက် အရေးပါတဲ့ တိရစ္ဆာန်ဆေးပညာဘွဲ့ရတိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးဖြစ်လာစေဖို့ သင်တန်းကာလ ခြောက်နှစ်အတွင်း စာတွေ့၊ လက်တွေ့များလုပ်ဆောင်ရမယ့်အပြင် နေပြည်တော်အနီးတစ်ဝိုက်ရှိ ကျေးရွာများကို အလှည့်ကျသွားရောက်ပြီး နယ်လှည့်ဆေးကုဖို့ လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်း၊ တက္ကသိုလ်ရှိ သင်ကြားရေး အထောက်အကူပြုတိရစ္ဆာန်ကုဆေးရုံမှာ လက်တွေ့ဆေးဝါးကုသခြင်း၊ ခွဲစိတ်ကုသခြင်းတို့ အပြင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များအား ကယ်ဆယ်စောင့်ရှောက် နိုင်ဖို့အတွက် ကမ္ဘာ့တိရစ္ဆာန် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ (WAP) ရဲ့ အကူအညီနဲ့ အစပြုခဲ့တဲ့ Veterinary Emergency Response Unit (VERU) Training and Drill များကိုလည်း လေ့ကျင့်ရမှာ ဖြစ်ပါတယ်။ တက္ကသိုလ်မှာ လက်တွေ့ လေ့ကျင့်သင်ကြားပေးခြင်းများအပြင် စာတွေနဲ့ လက်တွေ့ပေါင်းစပ်နိုင်ဖို့အတွက် တက္ကသိုလ်ပြင်ပကွင်းဆင်းလေ့လာရေးခရီးများအဖြစ် မွေးမြူရေးဇုန်များ၊ ဆင်စခန်း၊ တိရစ္ဆာန်ဥယျာဉ်၊ ငါးလုပ်ငန်းစခန်းများသို့ သွားရောက်လေ့လာခြင်းအပြင် "ဆေးခန်းဆိုင်ရာပညာရပ်များအသင်း" (CSA) မှ ကြီးမှူး၍ နှစ်စဉ်ကျေးရွာများသို့ သွားရောက်ပြီး ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ဆေးဝါးကုသပေးခြင်း၊ ခွဲစိတ်ကုသပေးခြင်း၊ လူထုပညာပေးခြင်း၊ ရောဂါပျံ့နှံ့မှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကောက်ယူခြင်းတို့ကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နောက်ဆုံးနှစ်သင်တန်းမှာ "ဘွဲ့ယူကျမ်း" အတွက် အုပ်စုငယ်များအလိုက် သုတေသနဆောင်ရွက်ခြင်း၊ စာတမ်းပြုစုခြင်းများ လုပ်ဆောင်ရမယ့်အပြင် တိရစ္ဆာန်ကုဆေးခန်းများ၊ ဆေးရုံများ၊ မွေးမြူရေးကုမ္ပဏီများ၊ စီးပွားဖြစ် မွေးမြူရေးခြံများမှာ လုပ်ငန်းခွင်အကြိုလေ့လာရေးများလည်း လုပ်ဆောင်ရမှာဖြစ်ပါတယ်။ "တိရစ္ဆာန်ဆေးပညာဘွဲ့" ရရှိပါက မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ (MVC) မှလည်း တိရစ္ဆာန်ဆေးကု ဆရာဝန်မှတ်ပုံတင် (တဆမ) လက်မှတ်အပ်နှင်းပေးမှာဖြစ်ပြီး မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း (MVA) မှာလည်း အသင်းဝင်အဖြစ် ဝင်ရောက်နိုင်မှာ ဖြစ်ပါတယ်။




**"တက္ကသိုလ်ရှိ သရုပ်ပြမွေးမြူရေးခြံများ၊ စားကျက်စိုက်ခင်းများမှာ လက်တွေ့လေ့ကျင့်ခြင်း၊ ကျောင်းပိတ် ကာလမှာ မွေးမြူရေးကုမ္ပဏီများ၊ စီးပွားဖြစ် မွေးမြူရေးခြံများမှာ လုပ်ငန်းခွင် အကြိုလေ့လာရေးများလည်း လုပ်ဆောင်ရမှာဖြစ်ပါတယ်။"မွေးမြူရေးပညာဘွဲ့" ရရှိပြီးပါက မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (MLF) မှ မွေးမြူရေးပညာရှင်အသင်းဝင်အဖြစ် အသိအမှတ်ပြုပေးမှာ ဖြစ်ပါတယ်"**

**သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်**

ဘွဲ့ကြိုကာလအတွင်းမှာလည်း ထူးချွန်ကျောင်းသား၊ ကျောင်းသူများအနေနဲ့ နိုင်ငံခြားတိုင်းပြည်များသို့ ပညာတော်သင်များ၊ လေ့လာရေးခရီးများသွားရောက်နိုင်မှာဖြစ်ပါတယ်။ အခြေခံဘွဲ့ရရှိပြီးပါက မဟာဘွဲ့၊ ပါရဂူဘွဲ့များကိုလည်းဆက်လက်ဆည်းပူးရင်း နိုင်ငံရဲ့သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမယ့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

မိမိတို့တက္ကသိုလ်ဘွဲ့ရမောင်မယ်များဟာ အစိုးရဌာနများ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ နိုင်ငံတကာအဖွဲ့အစည်းတွေမှာ ဝင်ရောက်လုပ်ကိုင်နိုင်တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း အလွန်ပေါများပါတယ်။ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများအနေနဲ့ မွေးမြူရေးလုပ်ငန်းများ၊ တိရစ္ဆာန်ကုဆေးခန်းများကို အောင်မြင်စွာ လုပ်ကိုင်နေကြသူတွေလည်း အများကြီးရှိပါတယ်။ တက္ကသိုလ်အကြောင်း အသေးစိတ်သိလိုပါက အင်တာနက်ဝက်ဆိုက်နဲ့ လူမှုကွန်ရက်များမှာလည်း ရှာဖွေဖတ်ရှုနိုင်ပါတယ်။ တက္ကသိုလ်ဝင်ခွင့်အတွက် ဝင်ခွင့်လမ်းညွှန်စာအုပ်ရဲ့အချက်အလက်များကို လေ့လာကာဝင်ခွင့်ကိုတော့ တက္ကသိုလ်သို့ တိုက်ရိုက်လျှောက်ထားရမှာဖြစ်ပြီး နိုင်ငံပိုင်သတင်းစာများကနေ မကြာမီလျှောက်လွှာခေါ်ယူသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် မွေးမြူဆေးကုပညာရပ်တွေ စိတ်ဝင်စားတဲ့ သားငယ်သမီး ငယ်များအနေနဲ့ လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်း ပါးလိုက်ရပါတယ်။

ကိုယ်အမှန်တကယ် စိတ်ဝင်စားပြီး လေ့လာဆည်းပူးသမျှကိုလက်တွေ့အသုံးချကာ အသက်မွေးမှုပြုနိုင်တဲ့ နိုင်ငံ အကျိုးပြုလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်သော သားကောင်းရတနာ သမီးကောင်းရတနာများ ဖြစ်လာကြပါစေ။

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပေးပို့သောစာရင်းများအရ မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှုစာရင်း

| စဉ် | အကြောင်းအရာ | ၂၀၁၈ မေလထိ | ၂၀၁၉ မေလထိ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | လေကြောင်းဖြင့် လာရောက်သူများ | ၅၆၅၁၀၃ | ၇၂၀၈၈၃ | ၁၅၅၇၈၀ | (+) ၂၈ ရာခိုင်နှုန်း |
| ၂ | အပျော်စီးသင်္ဘောဖြင့် ဝင်ရောက်သူများ | ၆၈၃၃ | ၅၉၁၀ | -၉၂၃ | (-) ၁၄ ရာခိုင်နှုန်း |
| ၃ | နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိ လာရောက်သူများ | ၂၁၂၃၅ | ၅၄၉၃၃ | ၃၃၆၉၈ | (+) ၁၅၉ ရာခိုင်နှုန်း |
| | ဗီဇာဖြင့်လာရောက်သူပေါင်း | ၅၉၃၁၇၁ | ၇၈၁၇၂၆ | ၁၈၈၅၅၅ | (+) ၃၂ ရာခိုင်နှုန်း |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ | ၈၉၅၇၉၉ | ၁၀၆၀၅၈၉ | ၁၆၄၇၉၀ | (+) ၁၈ ရာခိုင်နှုန်း |
| | **စုစုပေါင်း** | **၁၄၈၈၉၇၀** | **၁၈၄၂၃၁၅** | **၃၅၃၃၄၅** | **(+) ၂၄ ရာခိုင်နှုန်း** |

## နိုင်ငံအလိုက် ခရီးသွားဝင်ရောက်မှုနှိုင်းယှဉ်ဇယား

| စဉ် | နိုင်ငံ | ၂၀၁၈ (မေလ) | ၂၀၁၉ (မေလ) | ခြားနားချက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| | **မြောက်အမေရိက** | **၃၅၉၀၄** | **၃၆၄၄၆** | **၅၄၂** | **၂ ရာခိုင်နှုန်း** |
| ၁ | အမေရိကန် | ၃၀၂၄၀ | ၃၁၀၃၀ | ၇၉၀ | ၃ ရာခိုင်နှုန်း |
| ၂ | ကနေဒါ | ၅၆၆၄ | ၅၄၁၆ | -၂၄၈ | -၄ ရာခိုင်နှုန်း |
| | **အခြားနိုင်ငံများ** | **၅၁၃၂** | **၄၉၆၃** | **-၁၄၉** | **-၇ ရာခိုင်နှုန်း** |
| | **အနောက်ဥရောပ** | **၈၆၄၉၀** | **၈၄၃၁၀** | **-၂၁၈၀** | **-၃ ရာခိုင်နှုန်း** |
| ၁ | ပြင်သစ် | ၂၂၃၇၇ | ၂၁၇၁၆ | -၆၆၁ | -၃ ရာခိုင်နှုန်း |
| ၂ | ဗြိတိန် | ၁၈၃၅၄ | ၁၆၂၁၅ | -၂၁၃၉ | -၁၂ ရာခိုင်နှုန်း |
| ၃ | ဂျာမနီ | ၁၃၉၅၆ | ၁၃၇၄၄ | -၂၁၂ | -၂ ရာခိုင်နှုန်း |
| ၄ | အီတလီ | ၆၈၀၈ | ၈၅၄၈ | ၁၇၄၀ | ၂၆ ရာခိုင်နှုန်း |
| ၅ | ဆွစ်ဇာလန် | ၄၆၅၃ | ၄၂၀၂ | -၄၅၁ | -၁၀ ရာခိုင်နှုန်း |
| ၆ | နယ်သာလန် | ၄၃၀၂ | ၄၁၇၂ | -၁၃၀ | -၃ ရာခိုင်နှုန်း |
| ၇ | ဘယ်လ်ဂျီယံ | ၂၅၈၈ | ၂၃၆၉ | -၂၁၉ | -၈ ရာခိုင်နှုန်း |
| ၈ | သြစတြီးယား | ၁၆၀၁ | ၁၈၂၆ | ၂၂၅ | ၁၄ ရာခိုင်နှုန်း |
| ၉ | စပိန် | ၃၃၃၅ | ၃၇၇၉ | ၄၄၄ | ၁၃ ရာခိုင်နှုန်း |
| ၁၀ | အခြားနိုင်ငံများ | ၈၅၁၆ | ၇၇၃၉ | -၇၇၇ | -၉ ရာခိုင်နှုန်း |
| | **အရှေ့ဥရောပ** | **၈၉၃၂** | **၈၇၃၇** | **-၁၉၅** | **-၂ ရာခိုင်နှုန်း** |
| ၁ | ရုရှား | ၂၆၇၁ | ၂၄၄၃ | -၂၂၈ | -၉ ရာခိုင်နှုန်း |
| ၂ | အခြားနိုင်ငံများ | ၆၂၆၁ | ၆၂၉၄ | ၃၃ | ၁ ရာခိုင်နှုန်း |
| | **အာဖရိက** | **၁၇၅၉** | **၁၈၄၈** | **၈၉** | **၅ ရာခိုင်နှုန်း** |
| | **အရှေ့အလယ်ပိုင်း** | **၂၃၀၆** | **၂၅၇၅** | **၂၆၉** | **၁၂ ရာခိုင်နှုန်း** |
| | **အာရှ** | **၄၃၈၄၁၆** | **၆၂၉၇၇၂** | **၁၉၁၃၅၆** | **၄၄ ရာခိုင်နှုန်း** |
| ၁ | တရုတ် | ၁၁၂၁၅၈ | ၂၆၆၃၀၁ | ၁၅၄၁၄၃ | ၁၃၇ ရာခိုင်နှုန်း |
| ၂ | ထိုင်း | ၁၃၃၁၈၁ | ၁၁၈၇၉၅ | -၁၄၃၈၆ | -၁၁ ရာခိုင်နှုန်း |
| ၃ | ကိုရီးယား | ၂၈၀၈၈ | ၅၂၀၃၃ | ၂၃၉၄၅ | ၈၅ ရာခိုင်နှုန်း |
| ၄ | ဂျပန် | ၄၂၃၀၁ | ၅၂၄၈၁ | ၁၀၁၈၀ | ၂၄ ရာခိုင်နှုန်း |
| ၅ | စင်ကာပူ | ၂၃၃၉၇ | ၂၂၆၅၉ | -၇၃၈ | -၃ ရာခိုင်နှုန်း |
| ၆ | ဗီယက်နမ် | ၂၃၃၂၃ | ၂၁၉၆၂ | -၁၃၆၁ | -၆ ရာခိုင်နှုန်း |
| ၇ | အိန္ဒိယ | ၁၈၄၄၉ | ၁၆၅၀၇ | -၁၉၄၂ | -၁၁ ရာခိုင်နှုန်း |
| ၈ | မလေးရှား | ၁၉၇၄၀ | ၁၉၆၅၃ | -၈၇ | ၀ ရာခိုင်နှုန်း |
| ၉ | ထိုင်ဝမ် | ၁၅၅၆၇ | ၁၇၉၇၄ | ၂၄၀၇ | ၁၅ ရာခိုင်နှုန်း |
| ၁၀ | ဟောင်ကောင် | ၈၀ | ၁၄၃၇၁ | ၁၄၂၉၁ | |
| ၁၁ | မကာအို | ၂ | ၁၁၄၁ | ၁၁၃၉ | |
| ၁၂ | ဖိလစ်ပိုင် | ၇၁၈၇ | ၇၄၄၅ | ၂၅၈ | ၄ ရာခိုင်နှုန်း |
| ၁၃ | အခြားနိုင်ငံများ | ၁၄၉၄၃ | ၁၈၄၅၀ | ၃၅၀၇ | ၂၃ ရာခိုင်နှုန်း |
| | **သမုဒ္ဒရာပိုင်းဒေသ** | **၁၄၀၅၂** | **၁၃၀၇၅** | **-၉၇၇** | **-၇ ရာခိုင်နှုန်း** |
| ၁ | သြစတြေးလျ | ၁၂၁၆၆ | ၁၁၃၇၀ | -၇၉၆ | -၇ ရာခိုင်နှုန်း |
| ၂ | နယူးဇီလန် | ၁၇၅၁ | ၁၆၃၈ | -၁၁၃ | -၆ ရာခိုင်နှုန်း |
| ၃ | အခြားနိုင်ငံများ | ၁၃၅ | ၆၇ | -၆၈ | -၅၀ ရာခိုင်နှုန်း |
| | **စုစုပေါင်း** | **၅၉၃၁၇၁** | **၇၈၁၇၂၆** | **၁၈၈၅၅၅** | **၃၂ ရာခိုင်နှုန်း** |

# ပထမအကြိမ် မြန်မာနိုင်ငံကမ်ပိုအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ရန်ကုန်တောင်ဒဂုံကလပ်က ဆွတ်ခူးရရှိ



ပထမအကြိမ် မြန်မာနိုင်ငံကမ်ပိုအဖွဲ့ချုပ်ဖလားပြိုင်ပွဲ ယှဉ်ပြိုင်စဉ်။

**ရန်ကုန် ဇွန် ၂၄**

မြန်မာနိုင်ငံ ကမ်ပိုအဖွဲ့ချုပ်က ကြီးမှူး၍ ဇွန် ၂၃ ရက်တွင် ကျရောက်သည့်အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ကမ်ပိုအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို အားကစားနှင့်ကာယ ပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံအားကစားကွင်း မိုးလုံလေလုံ ကမ်ပိုလေ့ကျင့်ရေးရုံ၌ ယမန်နေ့ ညနေ ၆နာရီက ကျင်းပသည်။

"ကမ်ပိုအားကစားနည်းဟာ ဂျပန်ရိုးရာအားကစားနည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံကမ်ပိုအဖွဲ့ချုပ်ကို ၂၀၁၃ ခုနှစ် မတ်လမှာ စတင်ဖွဲ့စည်းပြီး အင်ဒိုနီးရှားနိုင်ငံမှာ လက်ရည်စမ်းသွားရောက်ယှဉ်ပြိုင်ခဲ့ရာမှာ ရွှေလေးခု၊ ငွေနှစ်ခု ရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာလည်း ရွှေခြောက်ခု၊ ကြေးခုနစ်ခုနဲ့ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ပါတယ်။ နောင်နှစ်တွေမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ကမ်ပိုပြိုင်ပွဲတွေ ဆက်လုပ်သွားဖို့ ရှိပါတယ်။ ၂၀၂၁ ခုနှစ်မှာ ကျင်းပမယ့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ ကမ္ဘာ့ကမ်ပိုအဖွဲ့ချုပ် ဂျပန် နည်းပြနဲ့ အာဆီယံကမ်ပိုအဖွဲ့ချုပ် နည်းပြတွေနဲ့ နေပြည်တော်၊ ကယား၊ ရခိုင်၊ ရန်ကုန်ကမ်ပို ကလပ်အသင်းတွေမှာ သင်ကြားပေးနေပါတယ်။ အာရှနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲတွေ စေလွှတ်ဖို့ ချိတ်ဆက်ထားပါတယ်"ဟု မြန်မာနိုင်ငံ ကမ်ပိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်မိုးနိုင်က ပြောသည်။

ညနေပိုင်းတွင် ဆုပေးပွဲဆက်လက် ကျင်းပရာ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးအမျိုးသားဆုကို ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ်မှ မောင်သန်းထိုက်ဦးကလည်းကောင်း၊အမျိုးသမီးဆုကို ကယားပြည်နယ်မှ မခရစ္စတင်ကလည်းကောင်း ရရှိကြပြီး တံခွန်စိုက်ဆုဖလားကြီးကို ရန်ကုန်တောင်ဒဂုံကလပ်ကရွှေနှစ်ဆု၊ ငွေသုံးဆုဖြင့် ဆွတ်ခူးရရှိသွားကြောင်း သိရှိရသည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ကမ်ပိုအဖွဲ့ချုပ်၏ အာဆီယံနည်းပြချုပ် Mr. Morina နှင့် Mr.Hosoe၊ မြန်မာနိုင်ငံတာဝန်ခံ နည်းပြချုပ် Mr. Morinaga နှင့် Mr.Yamagushi မြန်မာနိုင်ငံကမ်ပိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - မျိုးမင်းသိန်း(မရမ်းကုန်း)**

# စင်ကာပူနိုင်ငံ၌ကျင်းပမည့် နပန်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနပန်းအားကစားအဖွဲ့ ထွက်ခွာ

**ရန်ကုန် ဇွန် ၂၄**

စင်ကာပူနိုင်ငံ၌ ဇွန်၂၉ ရက်တွင် ကျင်းပမည့် ဆီးဂိမ်းအကြို အရည်အချင်းစစ် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနပန်းအားကစားအဖွဲ့ ဇွန်၂၃ ရက်နံနက်က ရန်ကုန်မြို့မှ ထွက်ခွာသွားကြောင်း သိရသည်။

မြန်မာနပန်းအားကစားသမားများသည် စင်ကာပူနိုင်ငံ၌ ဇွန်၂၃ ရက်မှ၂၈ ရက်အထိ နပန်းအားကစားနည်း ပူးတွဲလေ့ကျင့်မည်ဖြစ်ပြီး ဇွန်၂၉ ရက်တွင် ဆီးဂိမ်းအကြို အရည်အချင်းစစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲသို့ အဖွဲ့ခေါင်းဆောင်မြန်မာနိုင်ငံနပန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါက်တာအောင်ကျော်ဆန်း၊ နည်းပြ ဒေါ်နန်းအေးမိစံ၊ အားကစားသမားများဖြစ်ကြသည့် ဇော်ဇော်အောင် ၁၂၅ ကီလိုတန်း၊ ဇာဇာလင်း ၅၀ ကီလိုတန်း၊ ယဉ်ယဉ်ထွေး ၅၅ ကီလိုတန်း၊ လှသိန်း ၆၃ ကီလိုတန်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

ယင်းပြိုင်ပွဲတွင် အာဆီယံနိုင်ငံများမှ နပန်းကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**



ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ASEAN Women Entrepreneur Outstanding Award 2019 ရရှိခဲ့သော မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်းဥက္ကဋ္ဌ ဒေါ်ခင်လေးနှင့် ဆုရသူများ ဇွန်၂၂ ရက်က ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်းတွဲဖက်အတွင်းရေးမှူး ဒေါ်စန္ဒာထွန်းနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များကကြိုဆိုပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

အေကေလင်း

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၄**

နေပြည်တော် နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည့် နာမည်ကြီး ဘရာဇီး**

ယမန်နေ့က အမျိုးသမီးကမ္ဘာ့ဖလား ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်နှင့် ကင်မရွန်းအသင်းတို့ပွဲစဉ်တွင် အင်္ဂလန်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ အခြားသောပွဲစဉ်အဖြစ် နာမည်ကြီး ဘရာဇီးအသင်းသည် အိမ်ရှင်ပြင်သစ်အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

**မက်ဂွိရီ ကမ္ဘာ့ဈေးအကြီးဆုံး နောက်ခံကစားသမားတစ်ဦးဖြစ်လာဖွယ်ရှိ**

လက်စတာစီးတီးအသင်းမှ အင်္ဂလန်နောက်ခံကစားသမား မက်ဂွိရီ (၂၆နှစ်) သည် မန်ယူအသင်း၏ ကမ်းလှမ်းမှုကို ပယ်ချလိုက်ပြီးနောက် ယခုသီတင်းပတ်တွင် ပေါင်သန်း ၈၀ ဖြင့် မန်စီးတီးအသင်းထံသို့ ပြောင်းရွှေ့သွားပါက ကမ္ဘာ့ဈေးအကြီးဆုံး နောက်ခံကစားသမားတစ်ဦးဖြစ်လာဖွယ်ရှိကြောင်း မေရာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**ထရိုဆတ်ကို ခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်သည့် ဘရိုက်တန်**

ဘရိုက်တန်အသင်းသည် ဂျန့်ခ်အသင်းမှ ဘယ်လ်ဂျီယံတောင်ပံကစားသမား ထရိုဆတ် (၂၄နှစ်) အား ပေါင် ၁၈ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိပြီ ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဝက်ဘ်စတာကို ခေါ်ယူရေးတွင် အဲဗာတန်အသင်းပါဝင်လာ**

အဲဗာတန်အသင်းသည် ဘရစ္စတိုးစီးတီးအသင်းမှ အင်္ဂလန်ဗဟိုခံစစ်ကစားသမား ဝက်ဘ်စတာ (၂၄နှစ်) အား ခေါ်ယူရေးတွင် ပါဝင်လာခဲ့ကြောင်း၊ အဆိုပါ ကစားသမားအား အက်စတွန်ဗီလာနှင့် နယူးကာဆယ်အသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**တော်ရဲရားကို ရောင်းထုတ်သွားရန် စီစဉ်နေသည့် အာဆင်နယ်**

အာဆင်နယ်အသင်းသည်အသက် ၂၃ နှစ်အရွယ် လူးကပ်စ် တော်ရဲရားကို ရောင်းထုတ်သွားရန် စီစဉ်နေကြောင်း အီတလီအခြေစိုက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**အဲဗက်စ် ပီအက်စ်ဂျီအသင်းမှ ထွက်ခွာမည်**

ဘရာဇီးညာနောက်ခံကစားသမား ဒန်နီအဲဗက်စ်သည် ပီအက်စ်ဂျီအသင်းနှင့် အတူ နှစ်ရာသီကြာဖြတ်သန်းပြီးနောက် ယခုအခါ အသင်းနှင့်လမ်းခွဲတော့မည်ဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အသက် ၃၆ နှစ်အရွယ်ရှိပြီဖြစ်သည့် အဲဗက်စ်သည် ၂၀၁၇ ခုနှစ် ဂျူဗင်တပ်စ်အသင်းမှ ပီအက်စ်ဂျီအသင်းသို့ ရောက်ရှိလာသူဖြစ်ပြီး ပီအက်စ်ဂျီ အသင်းအတွက် ၇၃ ပွဲ ကစားပေးထားပြီး ရှစ်ဂိုးသွင်းယူနိုင်ခဲ့ကြောင်းလည်း ဖော်ပြထားသည်။ **အောင်ဇော်**

# ချောင်းဦးမြို့နယ် သုံးပန်လှကျေးရွာ၌ ဘုရားဆင်းတုတော်များ ပျောက်ဆုံး

**ချောင်းဦး ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် သုံးပန်လှကျေးရွာ၌ ဇွန် ၂၃ ရက် ညနေ ၄ နာရီခွဲက တည်ထားကိုးကွယ်သည့် ဘုရားစေတီတော်များအတွင်းမှ ဘုရားဆင်းတုတော် ၂၄ ဆူ ပျောက်ဆုံးခဲ့ကြောင်း သိရသည်။

ချောင်းဦးမြို့နယ် သုံးပန်လှကျေးရွာစေတီတော်တိုက် သမ္ဗုလဘုရားဝင်းအတွင်းရှိ လေးမျက်နှာ အလိုတော်ပြည့်ဘုရားမှ စကျင်ကျောက်ဖြင့် ထုလုပ်ထားသော ဉာဏ်တော် နှစ်ပေ ခြောက်လက်မခန့်ရှိ ဘုရားဆင်းတု သုံးဆူနှင့် နှစ်ကျိပ်ရှစ်ဆူ အေးမြချမ်းသာလိုဏ်ဂူတော်အတွင်းရှိ ဉာဏ်တော် တစ်ပေကျော်ခန့်ရှိ ဘုရားဆင်းတု ၂၁ ဆူတို့မှာ ပျောက်ဆုံးနေကြောင်း သိရသည်။

ဘုရားဆင်းတုတော်များ ပျောက်ဆုံးခဲ့မှုနှင့်ပတ်သက်၍ သုံးပန်လှကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်က တရားလိုပြုလုပ်၍ တိုင်တန်းသဖြင့် ချောင်းဦးမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်စုံစမ်းနေကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မှတ်သားဖွယ်ရာမိုးရေချိန်

**နေပြည်တော် ဇွန် ၂၄**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မူဆယ်မြို့တွင် ၂ ဒသမ ၉၁ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ လှိုင်လင်မြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ချောင်းဆုံမြို့တွင် ၁ ဒသမ ၆၉ လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၃၈ လက်မ၊ သံတောင်ကြီးမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ မိုးကောင်းမြို့တွင် ၁ ဒသမ ၁၄ လက်မနှင့် ရမ်ကလောင်းတွင် ၀ ဒသမ ၆၇ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၄**

တပ်မတော်မှ တပ်ဖွဲ့ဝင်များသည် ဇွန် ၂၃ ရက် နံနက် ၁ နာရီခွဲက မံစီမြို့နယ် သံတံတား ကျေးရွာအထွက် ကားလမ်းပေါ်တွင် မောင်မောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၀ နှင့် ငွေကျပ် ၄၃၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၃၄) ကော့သောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဘိုးဘွားရိပ်သာလမ်းနေ ပိုက်ဦးစိုး၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၁၈ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀၊ ဘိန်းစာမှုန့် ၉၉၀ ဂရမ်၊ လက်ကိုင်ဖုန်း တစ်လုံး၊ လုပ်သေနတ်ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် တစ်ခုနှင့် ပွိုင့် ၃၈ ဗုံ့ကျည် ၁၃ တောင့်တို့ကို လည်းကောင်း၊

ထို့အတူ ဇွန် ၂၂ ရက် ညပိုင်းက ဒိုးပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် ဟိုခိုကျေးရွာအနီး ဟိုခို-ပြင်ဦးလွင်-မိုးကုတ်သွား ကားလမ်းတွင် အောင်နိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၇၀ ကိုလည်းကောင်း၊ အလားတူ ဇွန် ၂၃ ရက် နံနက် ၈ နာရီက မူးယစ်တပ်ဖွဲ့စု(၂၇) လှိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်လင်မြို့နယ် လှိုင်လင်-တောင်ကြီးသွားကားလမ်းတွင် စိုင်းထွန်းနိုင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀၀၊ ငွေကျပ် ၃၃ သိန်းနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း၊



ပိုက်ဦးစိုးအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများနှင့် အတူ တွေ့ရစဉ်။

ထို့အတူ ယင်းနေ့ နံနက် ၁၁ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန္နီမြို့နယ် ပန်လော့ကျေးရွာအုပ်စု မန်ချက်ကျေးရွာနေ အိုက်ဆာ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၄၀၊ ဘိန်းဖြူ ၁၄ ဂရမ်နှင့် ငွေကျပ် ၂၄၀၀၀ တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# တွံတေးမြို့နယ်၌ လူသတ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိ

**ရန်ကုန် ဇွန် ၂၄**

တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာနေ သိန်းဇော်ဦးသည် ဇွန် ၂၀ ရက် ညက သူငယ်ချင်းဖြစ်သူ မောင်မောင်(ခ) ဖားမျက်လုံး၊ နိုင်လင်းထွန်း၊ မောင်မောင်တို့နှင့်အတူ နေအိမ်၌ အရက်သောက်နေကြစဉ် ည ၁၀ နာရီက ယခင်က ရန်ဖြစ်စကားများခဲ့ဖူးသော တစ်ရွာတည်းနေ ရာအိမ်မှူး ဖိုးထောင်၊ အာကာ၊ ဖိုးနီ(၁)၊ ဇော်မင်းထွေး (ခ) ပါစတီးနှင့် ဖိုးနီ(၂)တို့ ငါးဦးက အိမ်ပေါ်သို့ ရောက်ရှိလာပြီး ရဲစခန်းသို့ သွားရောက်ရန် ခြိမ်းခြောက်ခေါ်ဆောင်သဖြင့် သိန်းဇော်ဦးပါ လေးဦးက လိုက်သွားခဲ့ကြကြောင်း၊ ဇွန် ၂၂ ရက်တွင် သိန်းဇော်ဦး၏ ဇနီးဖြစ်သူက ရဲစခန်းသို့ လိုက်သွားခဲ့ရာ သိန်းဇော်ဦးပါ လေးဦးမှာ ရဲစခန်းသို့ လာရောက်ခဲ့ခြင်းမရှိကြောင်း သိရှိရသဖြင့် ဖိုးထောင်ပါ ငါးဦးအား အရေးယူပေးရန် တိုင်တန်းရာ တွံတေးမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် တွံတေးမြို့နယ် ရဲတပ်ဖွဲ့မှူးဦးစီးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ရာ အမှုမှ ပြစ်မှုကျူးလွန်သူ ဖိုးထောင် (ခ) ကျင်သောင်း (၄၃ နှစ်)ကို ဇွန် ၂၂ ရက်တွင် တံခွန်တိုင်ကျေးရွာ စက်လှေဆိပ်တွင် ဖမ်းဆီးရမိပြီး ဇော်မင်းထွေး (ခ) ပါစတီး (၄၁ နှစ်)သည် ဇွန် ၂၃ ရက် ညနေပိုင်းတွင် သက်သေခံ ဓားနှင့်အတူ ရဲစခန်းသို့ လာရောက်အဖမ်းခံခဲ့သည်။

ဖမ်းဆီးရမိသူ ဖိုးထောင်(ခ)ကျင်သောင်းနှင့် ဇော်မင်းထွေး (ခ) ပါစတီး တို့၏ ထွက်ဆိုချက်အရ သိန်းဇော်ဦးပါ လေးဦးက





ဖိုးထောင်(ခ)ကျင်သောင်းနှင့် ဇော်မင်းထွေး (ခ) ပါစတီး တို့အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

လွန်ခဲ့သော ငါးရက်ခန့်က ဇော်မင်းထွေး(ခ)ပါစတီး၏ အစ်မ မမိအေး နေအိမ်ပေါ်သို့ တက်ရောက်ပြီး မမိအေး၏သား မန်းကြီး၏ လည်ကုပ်အား ဓားတင်ပြီး ခြိမ်းခြောက်ခဲ့ကြောင်း၊ ထို့နောက် ညီမဖြစ်သူ မစိုးစိုးထွေး (ခ) စာဥမ၏ သားကြီး ဘိုဘို ကိုလည်း ခြိမ်းခြောက်ပြောဆိုသဖြင့် ဖိုးထောင်က ဟန့်တားစဉ် သိန်းဇော်ဦးက ဖိုးထောင်အား ဓားနှင့်လိုက်ခုတ်၊ လေးခွနှင့်ပစ်သောကြောင့် ဖိုးထောင်မှာ ထွက်ပြေးခဲ့ရကြောင်း။

ထို့ကြောင့် ဇွန် ၂၀ ရက် ည ၁၀ နာရီခန့်တွင် ဖိုးထောင်(ခ) ကျင်သောင်း၊ ဇော်မင်းထွေး(ခ)ပါစတီး၊ အာကာ၊ စန်းဦး၊ ဖိုးနီ(၁)၊ ဇော်လှမျိုး၊ ဖိုးနီ(၂)၊ အောင်ထွဋ်နှင့် ခွာကြီးတို့ ညီအစ်ကိုဝမ်းကွဲများစုပြီး သိန်းဇော်ဦး၏ နေအိမ်ပေါ်သို့ တက်ရောက်ကာ နေအိမ်မှန်ပြတင်းတံခါးများအား ဓားဖြင့် ဝိုင်းခုတ်ပြီး သိန်းဇော်ဦးပါ လေးဦးကို ရဲစခန်းသို့ ပို့အပ်ရန် ကျေးရွာအုပ်ချုပ်ရေးမှူး၏ နေအိမ်သို့ ခေါ်ဆောင်ခဲ့ကြောင်း၊ အုပ်ချုပ်ရေးမှူး၏ နေအိမ်၌ နိုင်လင်းထွန်းနှင့် သိန်းဇော်ဦးကို တစ်တွဲ၊ မောင်မောင်(၁)နှင့် ဖားမျက်လုံး (ခ) မောင်မောင်(၂) တို့အား တစ်တွဲ ကြိုးနှင့်တုပ်၍ ဇော်လှမျိုးပိုင် စက်လှေဖြင့် ခေါ်ဆောင်လာစဉ် တွံတေးတူးမြောင်းအတွင်း၌ သိန်းဇော်ဦး၊ နိုင်လင်းထွန်းနှင့် မောင်မောင်(၁) တို့အား ဓားဖြင့် ဝိုင်းထိုးခုတ်ပြီး တွံတေးတူးမြောင်းအတွင်း ပစ်ချထားခဲ့ကြောင်း၊ ဖားမျက်လုံး(ခ)မောင်မောင်(၂)ကို ဆွေမျိုးသားချင်းဖြစ်၍ ထိုးကြိတ်ဆုံးမပြီး ပြန်လွှတ်ခဲ့ကြောင်း ထွက်ဆိုစစ်ဆေးပေါ်ပေါက်သည်။

အမှုမှ သေဆုံးသူ မောင်မောင်(၁)၏ အလောင်းကို ဇွန် ၂၃ ရက်တွင် လည်းကောင်း၊ သိန်းဇော်ဦးနှင့် နိုင်လင်းထွန်းတို့၏ အလောင်းကို ဇွန် ၂၄ ရက်တွင်လည်းကောင်း တွံတေးတူးမြောင်းအတွင်းမှ ဆယ်ယူရရှိသည်။ ထို့အတူ အခင်းဖြစ်စဉ် အသုံးပြုသည့် ဇော်လှမျိုးပိုင် စက်လှေအား သိမ်းဆည်းရမိသဖြင့် ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကျန်ထွက်ပြေးတိမ်းရှောင်နေသူများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

# တောင်ငူခရိုင် ခြောက်မြို့နယ်တွင် တရားမဝင်သစ်မျိုးစုံ ၁၅၇၆ တန်နှင့် ဆက်စပ်ပစ္စည်းများဖမ်းမိ



**တောင်ငူ ဇွန် ၂၄**

ပဲခူးရိုးမသစ်တောကြီးအပါအဝင် တောင်ငူခရိုင်အတွင်းရှိ တောင်ငူ၊ ရေတာရှည်၊ ဖြူး၊ အုတ်တွင်း၊ ထန်းတပင်၊ ကျောက်ကြီးမြို့နယ်များ၌ တရားမဝင်သစ်ထုတ်လုပ်မှုများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် အစဉ်တစိုက် ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် ဇွန် ၂၂ ရက်အထိ တရားမဝင်သစ်တန်ချိန် ပေါင်း ၁၅၇၆ ဒသမ ၆၁၈၃ တန်နှင့် သစ်ခွဲစက်များ၊ ပြစ်မှုကျူးလွန်သူ ၁၁၂ ဦးကို အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း တောင်ငူခရိုင် သစ်တောဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်စိုးက ပြောကြားသည်။

တရားမဝင်သစ်ဖမ်းဆီးရမိမှုများတွင် မော်တော်ယာဉ် အစီး ၅၀၊ ဆိုင်ကယ် ၃၇ စီး၊ သစ်ခွဲစက် ၃၈ လုံးနှင့် ဆက်စပ်ပစ္စည်း ၅၇ မျိုး၊ ပြစ်မှုကျူးလွန်သူ ၁၁၂ ဦးကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **သန်းလွင်**

# မင်းကင်းမြို့နယ်၌ ယာဉ်တိမ်းမှောက်၍ လူတစ်ဦးသေဆုံးကာ ငါးဦးဒဏ်ရာရ

**မင်းကင်း ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ညောင်ကုန်းကျေးရွာအနီး ဇွန် ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲက ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်၍ ခရီးသည် ငါးဦး ဒဏ်ရာရရှိကာ မိန်းကလေးငယ်တစ်ဦး သေဆုံးကြောင်း မင်းကင်းမြို့မရဲစခန်းမှ သိရသည်။

မင်းကင်းမြို့မှ သဘော်ာကျေးရွာသို့ MDY-3G/---- ဟိုက်ဂျက်ယာဉ်ကို ယာဉ်မောင်း သူရအောင် မောင်းနှင်လာစဉ် ညောင်ကုန်းကျေးရွာလမ်းခွဲအနီး မိုင်တိုင်အမှတ် (၁၀၈/၅) အနီးအရောက်တွင် တိမ်းမှောက်ခဲ့သည်။ အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါခရီးသည် မမူမူမြင့်၊ မလဲ့လဲ့ခိုင်၊ မခိုင်ဇင်ဦး၊ ကိုဇင်မောင်သန်း၊ မောင်ဇွဲပြည့်အောင်တို့မှာ ပွန်းပဲ့ဒဏ်ရာများ(မစိုးရိမ်ရ)ဖြင့် မင်းကင်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေကြပြီး မင်းကင်းမြို့နယ်နေသူ မဇွန်မိုးပွင့်(၂ နှစ်)မှာ နေရာတွင်ပင် သေဆုံးသွားသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မင်းကင်းမြို့ အမှတ်(၂) ချောင်းဆုံရပ်နေသူ ယာဉ်မောင်း သူရအောင် (၂၇ နှစ်)ကို မင်းကင်းမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ချင်းတွင်းသား**

## မြန်မာ့ရုပ်မြင်သံကြား

**၂၅-၆-၂၀၁၉ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၁၀း၃၀ - သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှု
- ၁၀း၃၅ - "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၁၀၆)
- ၁၀း၄၅ - ဥပဒေရေးရာအဖြာဖြာ "အစားအသောက်များတွင် ယုတ်ညံ့သောအရာများ ရောစပ်ခြင်း"
- ၁၁း၃၅ - ဘ၀ထဲကဝတ္ထု၊ ဝတ္ထုထဲက ဘ၀ "ကျွန်တော့်တပည့်က ကျွန်တော့်ဆရာ"
- ၁၂း၃၀ - လျှော်ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင်ကာကွယ်ကြပါစို့(ရုပ်ကွက်)
- ၁၄း၁၀ - တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ

**ညပိုင်း**

- ၁၆း၂၅ - ထိုင်ခုံခါးပတ်ပတ်ကြစို့၊ အသက်ကယ်ထိုင်ခုံခါးပတ်
- ၁၇း၃၀ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၁၇း၅၅ - ကမ်းပြို၊ မြေပြိုအန္တရာယ်နှင့်ပတ်သက်၍ သတိပြုလိုက်နာရမည့်အချက်များ အသိပေးနှိုးဆော်ခြင်း
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- လူ့ညွှန့်တုံးစေသောအရာ
- ၂၀း၃၅ - People Talk "မူးယစ်ကင်းစင် မြန်ပြည်တစ်ခွင်"

# ဆော်ဒီတောင်ပိုင်းရှိ လေဆိပ်တစ်ခုကို ယီမင်သူပုန်အဖွဲ့ ထပ်မံတိုက်ခိုက်

**ရီယာ့ဒ် ဇွန် ၂၄**

ဆော်ဒီအာရေဗျနိုင်ငံ တောင်ပိုင်းရှိ လေဆိပ်တစ်ခုကို ဇွန် ၂၃ ရက်က ယီမင်ရှိ သူပုန်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် ဆီးရီးယားနိုင်ငံသား တစ်ဦးသေဆုံးပြီး ၂၁ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

အဆိုပါနေရာတွင် တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ပြီးနောက် ထပ်မံပေါ်ပေါက်လာသည့် တင်းမာမှုအခြေအနေတစ်ခု ဖြစ်ကြောင်း ဆော်ဒီဦးဆောင်မဟာမိတ်အဖွဲ့က ပြောကြားခဲ့သည်။

အက်ဘ်ဟာလေဆိပ်ကို တိုက်ခိုက်ခဲ့မှုကြောင့် မော်တော်ယာဉ် ၁၈ စီး ထိခိုက်ပျက်စီးကာ မှန်များကွဲကြေခဲ့သည်။ အီရန်မဟာမိတ်ပြုထားသည့် ဟူသီသူပုန်အဖွဲ့က ဆော်ဒီရှိမြို့ကြီးများကို တိုက်ခိုက်နေမှုများသည် ကြားဝင်အာမခံပေးထားသည့် ဟိုဒေးဒါဆိပ်ကမ်းမြို့ အပစ်အခတ်ရပ်စဲရေးစာချုပ်ကို ခြိမ်းခြောက်လာလျက်ရှိသည်။

အီရန်ကျောထောက်နောက်ခံပေးထားသည့် ဟူသီသူပုန်အဖွဲ့က အက်ဘ်ဟာလေဆိပ်ကို အကြိမ်းဖက်တိုက်ခိုက်မှုကြောင့် ဆီးရီးယားပြည်သူတစ်ဦးသေဆုံးပြီး အရပ်သား ၂၁ ဦး ဒဏ်ရာရခဲ့ကြောင်း တရားဝင်ဆော်ဒီသတင်းအေဂျင်စီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိသူများမှာ ဆော်ဒီအာရေဗျ၊ အီဂျစ်၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများဖြစ်ပြီး ၎င်းတို့အနက် အမျိုးသမီးသုံးဦးနှင့် ကလေးငယ်နှစ်ဦးပါဝင်ပြီး ၎င်းတို့ကို ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း မဟာမိတ်အဖွဲ့က ပြောကြားသည်။

လေဆိပ် မည်သို့တိုက်ခိုက်ခံရကြောင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ဖော်ပြခြင်းမရှိသော်လည်း အီရန်မဟာမိတ်ပြုထားသည့် ဟူသီသူပုန်အဖွဲ့က ယခုလအတွင်း အရပ်သားများရှိရာ အဆောက်အအုံများကို ဒရုန်းယာဉ်များနှင့် ဒုံးကျည်များကို အသုံးပြုကာ မကြာခဏတိုက်ခိုက်ခဲ့ကြောင်း မဟာမိတ်အဖွဲ့ကဖော်ပြခဲ့သည်။ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် လေယာဉ်ပျံသန်းမှုများနှင့် လုပ်ငန်းလည်ပတ်မှုများကို ပုံမှန်အတိုင်းဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း အက်ဘ်ဟာလေဆိပ်အာဏာပိုင်များက တွစ်တာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။ **အေအက်ဖ်ပီ**



အက်ဘ်ဟာလေဆိပ်အပြင်ဘက်တွင် လုံခြုံရေးတာဝန်ရှိသူတစ်ဦးကို တွေ့ရစဉ်။

# ဘင်္ဂလားဒေ့ရှ်၌ နိုင်ငံတစ်ဝန်းသစ်ပင်စိုက်ပွဲတော် ပြုလုပ်

**ဒါကာ ဇွန် ၂၄**

ဘင်္ဂလားဒေ့ရှ်အစိုးရသည် နှစ်စဉ်ပြုလုပ်နေကျဖြစ်သည့် တစ်တိုင်းပြည်လုံးအနှံ့ သစ်ပင်စိုက်ပျိုးပွဲကို ပြုလုပ်နေပြီး တိုင်းပြည်အတွင်း သစ်တောမြေများ တိုးပွားလာစေရန် ရည်ရွယ်ကာ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ပွဲတော်၏ ဆောင်ပုဒ်မှာ သစ်ပင်နှင့် သစ်တောအတွက် ပညာပေး၊ စိမ်းလန်းသည့် ဘင်္ဂလားဒေ့ရှ် တည်ဆောက်ရေးဟု သိရသည်။ အဆိုပါ တိုင်းပြည်တစ်ဝန်း သစ်ပင်စိုက်ပွဲတော်ကို ဝန်ကြီးချုပ် ရှိခ်ဟာဆီနာက ဖွင့်လှစ်ပေးခဲ့ပြီး အပြည်ပြည်ဆိုင်ရာညီလာခံစင်တာတွင် မန်ကျည်းပင်စိုက်ပျိုးခဲ့သည်။


ပွဲတော်တွင်ပြသထားသည့် သရက်ပင်များကို ကြည့်ရှုနေကြစဉ်။

အဆိုပါပွဲတွင် ရှိတ်ခ်ဟာဆီနာက ပြည်သူများကိုသစ်ပင်စိုက်ကြရန် မိမိတို့၏ နေအိမ်နေရာများတွင်သာမက လုပ်ငန်းခွင်များတွင်လည်း သစ်ပင်စိုက်ပျိုးကြရန် တိုက်တွန်းခဲ့သည်။ သစ်ပင်စိုက်ပွဲသို့ တက်ရောက်လာသည့် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို သီးပင်စားပင်များ၊ အလှစိုက်ပျိုးပင်များနှင့် သစ်မာပင်များကို ပြသခဲ့ကြသည်။ အဆိုပါပွဲကို ကာလရှည်ပြုလုပ်ခြင်းဖြစ်ပြီး ၁၉၉၄ ခုနှစ်မှ စတင်ကာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

တိုင်းပြည်၏အရေးပါသည့်ပွဲတစ်ခုအဖြစ် သတ်မှတ်ထားပြီး သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန် ရည်ရွယ်ကာ ဆောင်ရွက်ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ကယ်တင်ထားသည့် ဒုက္ခသည် ၃၇ ဦး မော်လတာနိုင်ငံသို့ ရောက်ရှိ

**ဗလက်ဒါ ဇွန် ၂၄**

ရွှေ့ပြောင်းဒုက္ခသည် ၃၇ ဦးပါဝင်သည့်အုပ်စုသည် တနင်္ဂနွေနေ့ မွန်းလွဲပိုင်းတွင် မော်လတာနိုင်ငံသို့ ကမ်းတက်ခွင့်ရရှိသွားပြီဖြစ်ကြောင်းသိရသည်။ အဆိုပါအုပ်စုကို မော်လတာလက်နက်ကိုင်တပ်ဖွဲ့က တနင်္ဂနွေနေ့အစောပိုင်းတွင် ရော်ဘာလှေပေါ်မှ ကယ်တင်ခဲ့ခြင်းဖြစ်သည်။

၎င်းတို့အုပ်စုသည် လွန်ခဲ့သည့်နှစ်ရက်က လစ်ဗျားမှ ထွက်ခွာလာခဲ့ခြင်းဖြစ်ပြီး ၎င်းတို့စီးလာသည့် ရော်ဘာလှေအခက်ကြုံနေသည့်အချိန်တွင် ရွှေ့ပြောင်းဒုက္ခသည်များအတွက် အရေးပေါ်ဆက်သွယ်ရာလိုင်းသို့ဆက်သွယ်ခဲ့သည်။

အစိုးရမဟုတ်သည့်အဖွဲ့အစည်း(NGO)က မော်လတာအာဏာပိုင်များနှင့် ဆက်သွယ်ခဲ့ပြီး အဆိုပါဖြစ်ရပ်ကိုသတင်းပို့ပေးခဲ့သည်။ အင်န်ဂျီအိုအဖွဲ့အစည်း၏ ဖော်ပြချက်အရ ဒုက္ခသည်အချို့မှာ သေလုနီးနီးအခြေအနေဖြစ်နေပြီး အရေးပေါ်ဆေးအကူအညီလိုအပ်နေကြောင်း၊ ယခုကယ်တင်ထားသည့် ဒုက္ခသည်များ၏အခြေအနေကို မသိရသေးကြောင်း မော်လတာလက်နက်ကိုင်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

**ဆင်ဟွာ**



ကယ်တင်ခံထားရသည့် ဒုက္ခသည်များ မော်လတာနိုင်ငံ ဗလောရေနာမြို့၌ ရဲကားတစ်စီးပေါ် တက်နေသည်ကို တွေ့ရစဉ်။

# ကမ္ဘောဒီးယားအဆောက်အအုံပြိုကျမှု သေဆုံးသူ ၂၅ ဦးအထိ မြင့်တက်

**ဖနောင်ပင် ဇွန် ၂၄**

ကမ္ဘောဒီးယားနိုင်ငံတွင် အဆောက်အအုံပြိုကျမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၂၅ ဦးအထိမြင့်တက်လာခဲ့ပြီး ဆောက်လုပ်ရေးလုပ်ငန်းခွင်များအားလုံးကို စစ်ဆေးကြရန် ကမ္ဘောဒီးယားဝန်ကြီးချုပ်က အမိန့်ပေးအပ်ခဲ့ကြောင်း သိရသည်။

အထပ်ပေါင်း ခုနစ်ထပ်ပါရှိသည့် တရုတ်နိုင်ငံပိုင် အဆောက်အအုံသည် ဇွန် ၂၂ ရက် အစောပိုင်းတွင်ပြိုကျခဲ့ပြီး ယင်းအချိန်တွင် အလုပ်သမားများ ဆောက်လုပ်ရေးလုပ်ငန်းခွင် မြေညီထပ်တွင် အိပ်ပျော်နေခဲ့ကြသည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်သည် အဆောက်အအုံပြိုကျရာနေရာသို့ ဇွန် ၂၄ ရက် နေ့လယ်မတိုင်မီ လာရောက်ခဲ့သည်။ အဆောက်အအုံပြိုကျမှုဖြစ်ပွားခဲ့ပြီးနောက်တွင် Preah Sihanouk ပြည်နယ် အုပ်ချုပ်ရေးမှူးမှာ ဇွန် ၂၄ ရက်တွင် နုတ်ထွက်သွားခဲ့သည်။

အုပ်ချုပ်ရေးမှူး ယွမ်မင်က ၎င်းအနေဖြင့် စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာ အမှားအယွင်းရှိကြောင်း ဝန်ခံခဲ့သည်ဟု ဝန်ကြီးချုပ် ဟွန်ဆန်၏ ဖေ့ဘွတ်စ်စာမျက်နှာတွင် ရေးသားဖော်ပြထားမှုအရ သိရသည်။

အဆောက်အအုံပြိုကျမှုနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းရန်အလို့ငှာ တရုတ်နိုင်ငံသားနှစ်ဦးနှင့် ကမ္ဘောဒီးယားနိုင်ငံသားမြေပိုင်ရှင်တစ်ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**

# အမေရိကန်နှင့်ဆွေးနွေးရန် တံခါးဖွင့်ထားသည်ဟု ရုရှားသမ္မတ ပူတင်ပြောကြား

**မော်စကို ဇွန် ၂၄**

အမေရိကန်နှင့်ရုရှားတို့ကြား သိသာထင်ရှားသည့်ပြဿနာများတွင် သဘောတူညီမှုရရှိအောင် အမေရိကန်ဘက်မှ လိုအပ်သည့်ဆွေးနွေးပွဲများ ပြုလုပ်ရန်အသင့်ရှိသည့်အခါတွင် ရုရှားဘက်မှလည်းဆွေးနွေးပွဲအတွက် တံခါးဖွင့်ထားသည်ဟု ရုရှားသမ္မတ ပူတင်က တနင်္ဂနွေနေ့ကပြုလုပ်သည့် အင်တာဗျူးတွင်ဖြေကြားခဲ့သည်။

နှစ်နိုင်ငံကြားရှိနေသည့် အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် ဆွေးနွေးပွဲပြုလုပ်ရန် ရုရှားနိုင်ငံကိုမဖိတ်ခေါ်သေးကြောင်း ၎င်းကဆက်ပြောသည်။ ဆွေးနွေးမှုမရှိဘဲ အများသဘောဆန္ဒကိုအဖြေရှာရန်မလွယ်ကူကြောင်း ၎င်းကပြောကြားခဲ့သည်။ အမေရိကန်သမ္မတ ထရမ့်အကြောင်းမေးမြန်းရာတွင် ထရမ့်မှာ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့်လုပ်ကိုင်နေစဉ် ဝါရှင်တန်မှ လက်ရှိနိုင်ငံရေးစနစ်များက ၎င်းကို ဟန့်တားနေကြောင်း ပူတင်ကပြောကြားခဲ့သည်။

ဝါရှင်တန်မှ နိုင်ငံရေးစနစ်များကြောင့် ထရမ့်လုပ်ချင်သည့် အရာများကို မလုပ်ဆောင်နိုင်သည်ကို တွေ့မြင်ရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အမေရိကန် သုတေသနပညာရှင်များ တရုတ်ပင်ကိုစွမ်းရည်ပညာရှင်များ အစီအစဉ်တွင် ပါဝင်ခြင်းကို အမေရိကန်မှပိတ်ပင်

**ဝါရှင်တန် ဇွန် ၂၄**

အမေရိကန်စွမ်းအင်ဌာနသည် ၎င်းတို့၏သုတေသနပညာရှင်များကို တရုတ်နိုင်ငံမှပြုလုပ်သည့် ပင်ကိုစွမ်းရည်ပါရမီရှင်များစုဆောင်းသည့် အစီအစဉ်တွင် ပါဝင်ခြင်းကို တားမြစ်ခဲ့သည်။

အမေရိကန်၏ နည်းပညာများပေါက်ကြားသွားမည်ကို စိုးရိမ်သည့်အတွက် ယခုလိုပိတ်ပင်ခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံမှ ရန်ပုံငွေထောက်ပံ့ပေးထားသည့် ပင်ကိုစွမ်းရည်ပညာရှင်များ အစီအစဉ်ပေါင်းများစွာတွင် အမေရိကန်စွမ်းအင်ဌာနမှ သုတေသနပညာရှင် အချို့ပါဝင်ထားကြောင်းတွေ့ရသည်ဟု အဆိုပါဌာနမှ ပြောသည်။

စွမ်းရည်မြင့်မားသည့် နိုင်ငံရပ်ခြားမှ ပညာရှင်များသည်အဆိုပါအစီအစဉ်တွင်ပါဝင်ခွင့်ရရှိသည်။ ၎င်းတို့သည်တရုတ်နိုင်ငံတွင် ဟောပြောပို့ချရန် သို့မဟုတ် အချိန်ပြည့်အလုပ်လုပ်ကိုင်ရန် ဖိတ်ခေါ်ခြင်းခံရသည်။

လွန်ခဲ့သည်လအတွင်းကလည်း အမေရိကန်စုံစမ်းစစ်ဆေးရေးဗျူရို FBI မှ သိပ္ပံပညာရှင်တစ်ဦးကိုဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခဲ့ရသည့်အကြောင်းမှာ တရုတ်နိုင်ငံမှပြုလုပ်သည့် ပင်ကိုစွမ်းရည်ပါရမီရှင်များစုဆောင်းသည့် အစီအစဉ်တွင် ၎င်း၏ပါဝင်ပတ်သက်မှုနှင့်ပတ်သက်ပြီး သတင်းအချက်အလက်အမှားများ ဖြန့်ဝေခဲ့သည်ဟု သံသယရှိသည့်အတွက် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့်နှစ်ကလည်း တရုတ်အမေရိကန်တစ်ဦးကို တရုတ်အစိုးရနှင့် အမေရိကန် အစိုးရနှစ်ခု စလုံးထံမှ လစာငွေခံစားသည်ဟု အမေရိကန်တရားရုံးမှ စစ်ဆေးတွေ့ရှိခဲ့သည်။

၎င်းသည် အမေရိကန်အမျိုးသား သမုဒ္ဒရာနှင့်ကမ္ဘာ့လေထု စီမံခန့်ခွဲရေးတွင် လုပ်ကိုင်နေစဉ် တရုတ်တက္ကသိုလ်တစ်ခုတွင် သင်ကြားပို့ချပေးနေခဲ့ကြောင်း တွေ့ရှိရသည်။ အဆိုပါအစီအစဉ်သည် တရားမဝင်ထောက်ပံ့ပေးနေသည့် အစီအစဉ်တစ်ခုဟုတ်မဟုတ် FBI မှ စုံစမ်းစစ်ဆေးလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ရှုံးနိမ့်ပြန်ပြီ အေကေပီ

*ကလျာမိုးမြင့်*

**အစ္စတန်ဘူလ်မြို့တော်ဝန်ရွေးကောက်ပွဲ ပြန်လည်ကျင်းပမှုရဲ့ နောက်ဆုံးရလဒ်တွေကို ထုတ်ပြန်လိုက်ပြီးတဲ့နောက် တူရကီရဲ့အာဏာရပါတီဖြစ်တဲ့ အေကေပါတီဟာ အစ္စတန်ဘူလ်မြို့ကို ထိန်းချုပ်ခွင့်လက်လွှတ်ဆုံးရှုံးရပြီဆိုတဲ့ အဖြေထွက်လာခဲ့ပါပြီ။ မဲတွေအားလုံးကို ရေတွက်ပြီးသွားချိန်မှာ အဓိက အတိုက်အခံပါတီကိုယ်စားလှယ် အက်ကရမ် အီမာမိုဂလူဟာ မဲအရေအတွက်ရဲ့ ၅၄ ရာခိုင်နှုန်းကို ရရှိခဲ့ပါတယ်။ အက်ကရမ်ဟာ မတ်လအတွင်းမှာတုန်းက ရွေးကောက်ပွဲအတွင်းမှာလည်း အံ့အားသင့်ဖွယ်အနိုင်ရခဲ့ပြီး အဲဒီအချိန်တုန်းက အာဏာရအေကေပါတီဟာ ရွေးကောက်ပွဲအတွင်း မသမာမှုတွေရှိတယ်ဆိုတဲ့ အကြောင်းပြချက်ကိုရမယ်ရှာပြီး ရလဒ်တွေကို ပယ်ဖျက်ခဲ့လိုက်ရပါတယ်။**



အတိုက်အခံကိုယ်စားလှယ် အက်ကရမ် အီမာမိုဂလူ ၎င်းကိုထောက်ခံသူ လူအုပ်စုအတွင်းမှ လက်ပြနှုတ်ဆက်နေစဉ်။

### ဆုတ်ယုတ်မှု

အက်ကရမ်ရဲ့ အတိုက်အခံဝန်ကြီးချုပ်ဟောင်း ဘီနာလီယီလ်ဒါရင်မ်က သူ့ရဲ့ရှုံးနိမ့်မှုကို ဝန်ခံခဲ့ပြီး သမ္မတ ရီဆက်တေယစ်အာဒိုဂန်က အနိုင်ရသူကို ဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြခဲ့ပါတယ်။ ကနဦး ရလဒ်တွေအပေါ်မှာ အခြေပြုပြီး ရွေးကောက်ပွဲမှာ အောင်ပွဲဆွတ်ခူးသွားတဲ့ အက်ကရမ် အီမာမိုဂလူအတွက် ကျွန်ုပ်ဂုဏ်ယူဝမ်းမြောက်တယ်လို့ သမ္မတ အာဒိုဂန်က တွစ်တာပေါ်မှာ ရေးသားဖော်ပြလိုက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ထွက်ပေါ်လာတဲ့ရလဒ်ဟာ သမ္မတ မစ္စတာ အာဒိုဂန်အတွက် ဆုတ်ယုတ်မှုကြီးတစ်ခုအဖြစ် တွေ့မြင်နေရပါတယ်။ ဘာကြောင့်လဲဆိုတော့ အစ္စတန်လ်ဘူကို အနိုင်ရတာဟာ တူရကီကို အနိုင်ရလိုက်တာပဲလို့ ယခင်ကငင်းပြောခဲ့ဖူးတာကြောင့် အခုချိန်မှာ အစ္စတန်ဘူလ်ကို လက်လွှတ်လိုက်ရတာဟာ တူရကီကိုလည်း လက်လွှတ်လိုက်ရပြီဆိုတဲ့ သဘောသက်ရောက်သွားပြီမို့လို့ပါပဲ။

### အစ္စတန်ဘူလ်ရဲ့စာမျက်နှာသစ်

အောင်ပွဲရမိန့်ခွန်း ပြောကြားစဉ်အတွင်း မစ္စတာ အက်ကရမ် အီမာမိုဂလူက ရွေးကောက်ပွဲရလဒ်ဟာ အစ္စတန်ဘူလ်မြို့အတွက်ရော တူရကီနိုင်ငံအတွက်ပါ အသစ်တစ်ဖန်ပြန်လည်စတင်ခြင်း အထိမ်းအမှတ်တစ်ခုဖြစ်သွားတယ်လို့ ဆိုပါတယ်။ အစ္စတန်ဘူလ်ရဲ့ စာမျက်နှာသစ်ကို ကျွန်ုပ်တို့ဖွင့်လှစ်နိုင်ပြီဖြစ်လို့ အဲဒီစာမျက်နှာသစ်မှာ တရားမျှတမှု၊ သာတူညီမျှရှိမှုနဲ့ ချစ်ခြင်းမေတ္တာတရားတွေ ရှိလာမယ်လို့ ပြောကြားခဲ့ပါတယ်။

ဒ့ါအပြင် မစ္စတာ အက်ကရမ်က ၎င်းဟာ မစ္စတာ အာဒိုဂန်နဲ့ လက်တွဲလုပ်ဆောင်သွားဖို့လည်း လိုလိုလားလားရှိနေပြီး သမ္မတကြီးနဲ့ စည်းချက်ညီညီ လက်တွဲလုပ်ဆောင်ဖို့ အဆင်သင့်ပဲဆိုတာကိုပါ ထပ်လောင်းပြောကြားလိုက်ပါတယ်။ လွန်ခဲ့သော မတ်လအတွင်းက မစ္စတာ အက်ကရမ် အနိုင်ရရှိခဲ့မှုဟာ ၎င်းရဲ့သမိုင်းကြောင်းမှာ ကြီးကျယ်တဲ့ တိုးတက်မှုတစ်ခု၊ အထိမ်းအမှတ်တစ်ခုအဖြစ် ပြောစမှတ်တွင်ခဲ့ပါတယ်။

### အကြီးမားဆုံးရိုက်ခတ်မှု

တူရကီရဲ့ ဩဇာအာဏာအကြီးဆုံးပုဂ္ဂိုလ်ဖြစ်တဲ့ သမ္မတ အာဒိုဂန်ဟာ ခေတ်သစ်သမိုင်းမှာ ၎င်းရဲ့တာဝန်ထမ်းဆောင်မှုသက်တမ်းကို အကြီးမားဆုံးရိုက်ခတ်မှုနဲ့ ကြုံနေရပါတယ်။ ရွေးကောက်ပွဲရလဒ်ကိုကြည့်ပြီး သုံးသပ်ရမယ်ဆိုရင် ၎င်းအနေနဲ့ရွေးကောက်ပွဲကို ပြန်လည်ယှဉ်ပြိုင်စေဖို့ တိုက်တွန်းလိုက်တာဟာ မယုံကြည်နိုင်လောက်တဲ့ မှားယွင်းတွက်ချက်မှုကြီးတစ်ခုကို လုပ်လိုက်တာလို့ ဆိုရမလိုပါပဲ။

ဒီလိုလုပ်လိုက်တာဟာ မစ္စတာအာဒိုဂန်ရဲ့ အာဏာရ အေကေပါတီအတွင်းမှာ အဖွဲ့ကွဲပြားမှုတွေ မြန်မြန်ဆန်ဆန်ဖြစ်စေခဲ့ပြီး အာဒိုဂန်ရဲ့ ခေတ်ကုန်သွားပြီဆိုတဲ့ ပြောဆိုမှုတွေမြင့်တက်အောင်လုပ်လိုက်သလို ဖြစ်သွားခဲ့ပါတယ်။ ကြိုတင်ခန့်မှန်းထားတဲ့ အနာဂတ်မှာ ၎င်းအနေနဲ့ အာဏာဆက်လက်ရရှိရေး ကြိုးပမ်းလာနိုင်ပါတယ်။ ၂၀၂၃ မတိုင်မီအထိကတော့ ရွေးကောက်ပွဲတွေ ကျင်းပမယ့် အစီအစဉ်မရှိပေမယ့် အများစုကတော့ ဒီထက်စောပြီး ကျင်းပဖို့မျှော်လင့်ကြမှာပါ။

### အတိုက်အခံဘယ်လိုအနိုင်ရခဲ့သလဲ

အက်ကရမ် အီမာမိုဂလူကတော့ ပြည်သူတွေ မက်မောတောင့်တနေတဲ့ အရာတစ်ခု၊ ဂုဏ်သိက္ခာညှိုးနွမ်းစေခဲ့မှုကို အပြုံးတွေနဲ့ ပြန်ပြီး ခုခံတွန်းလှန်ရတယ်ဆိုတဲ့ ထူးခြားလေးနက်သော၊ အပြုသဘောဆန်သော မက်ဆေ့ချ်တစ်ခုကို ပေးအပ်ခဲ့ပါပြီ။ ဒါဟာ ထိရောက်မှုကြီးကြီးမားမားရှိပြီး အတိုက်အခံဖြစ်တဲ့ ရီပတ်ဘလစ်ကန် ပြည်သူ့ပါတီ(CHP)ဟာ နောက်ဆုံးမှာ သမ္မတကိုဘယ်လိုရင်ဆိုင်မယ်ဆိုတာကို အကောင်းဆုံးလုပ်ပြသွားခဲ့တာလည်း ဖြစ်ပါတယ်။

အစ္စတန်ဘူလ်ကို ထိန်းချုပ်နိုင်ဖို့ ၎င်းတို့ဟာ ၂၅ နှစ်လုံးလုံး စောင့်ဆိုင်းနေခဲ့ကြတာဖြစ်ပြီး အချိန်တွေကြာတဲ့အထိ အောင်မြင်မှု ရအောင်လုပ်နိုင်စွမ်းမရှိဘဲ နေလာရပါတယ်။ ဒီလိုနဲ့ပဲအဆုံးသတ်မှာတော့ အောင်ပွဲရတဲ့လက်ရှိ အခိုက်အတန့်လေးကို ကျေကျေနပ်နပ် ထိုင်ကြည့်နေနိုင်ခဲ့ပါပြီ။ ဒါဟာ အလှည့်အပြောင်းတစ်ခုလည်း ဖြစ်လာနိုင်ပါတယ်။

### ကိုယ်စားလှယ်တွေအကြောင်း

အသက် ၄၉ နှစ်ရှိပြီဖြစ်တဲ့ မစ္စတာ အီမာမိုဂလူဟာ ရီပတ်ဘလစ်ကန် ပြည်သူ့ပါတီက ကိုယ်စားလှယ်ဖြစ်ပြီး အစ္စတန်ဘူလ်မြို့ ဘေလစ်ဒူဇူဒေသ မြို့တော်ဝန်တစ်ဦးပါ။ မတ်လအတွင်း ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်တာ မပြုခင်အချိန်အထိ ၎င်းကိုဘယ်သူမှ သိပ်မသိကြသေးပါဘူး။ မစ္စတာ ယီလ်ဒါရင်မ်ဟာဆိုရင် မစ္စတာ အာဒိုဂန်ရဲ့ အေကေပီပါတီ တည်ထောင်သူအဖွဲ့ဝင်တွေထဲက တစ်ဦးဖြစ်ပြီး ၂၀၁၆ ခုနှစ် ကနေ ၂၀၁၈ ခုနှစ်အထိ ဝန်ကြီးချုပ်ဖြစ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းမှာ ၎င်းကို ပါလီမန်လွှတ်တော်သစ်ရဲ့ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခန့်အပ်လိုက်ပြီး အဲဒီတာဝန်မဆောင်ရွက်မီ သယ်ယူပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးအဖြစ်လည်း တာဝန်ယူဆောင်ရွက်ခဲ့ပါသေးတယ်။

### ဘာကြောင့်ပယ်ဖျက်ခံရသလဲ

ပြီးခဲ့တဲ့မတ်လအတွင်းက တစ်ကြိမ်ကျင်းပခဲ့တဲ့ရွေးကောက်ပွဲမှာ မစ္စတာ အီမာမိုဂလူက အနိုင်ရလိုက်တဲ့အောင်ပွဲဟာ မစ္စတာ ယီလ်ဒါရင်မ်အတွက် ရှုံးနိမ့်တယ်လို့ လက်ခံလောက်အောင် လုံလောက်ခြင်းမရှိခဲ့ပါဘူး။ အာဏာရပါတီက မဲခိုးမှုတွေရှိနေပြီး မဲပုံးတွေကို စောင့်ကြည့်ခဲ့တဲ့သူတွေမှာ တရားဝင်အတည်ပြု ထောက်ခံချက်မရရှိခဲ့ဘူးဆိုပြီး စွပ်စွဲခဲ့တာကြောင့် မဲပေးမှုကို အသစ်တစ်ခါ ပြန်လည်လုပ်ဆောင်ဖို့ ရွေးကောက်ပွဲဘုတ်အဖွဲ့က တောင်းဆိုဖို့ အကြောင်း ဖန်လာခဲ့တာဖြစ်ပါတယ်။ ဝေဖန်သူတွေကတော့ ရွေးကောက်ပွဲပြန်လည်ကျင်းပရေး ဆုံးဖြတ်ချက်နောက်ကွယ်မှာ သမ္မတအာဒိုဂန်ရဲ့ ဖိအားပေးမှုရှိနေတယ်လို့ အငြင်းပွားနေပါတယ်။

### နိုင်ငံအတွက် အင်မတန်အရေးကြီး

အစ္စတန်ဘူလ်မြို့ကဖြစ်တဲ့ မစ္စတာ အာဒိုဂန်ဟာ ၁၉၉၄ ခုနှစ်မှာ မြို့တော်ဝန်အဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရပါတယ်။ ၎င်းဟာ အေကေပီကို ၂၀၀၁ ခုနှစ်မှာ တည်ထောင်ခဲ့ပြီး ၂၀၀၃ နဲ့ ၂၀၁၄ခုနှစ်အတွင်း ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် သမ္မတဖြစ်လာပါတယ်။ ဒါပေမယ့် ၎င်းရဲ့ပါတီအတွင်းမှာ သဘောထားကွဲပြားမှုတွေကို စပြနေတာဖြစ်ပြီး အာဒိုဂန်ရဲ့ ရှုံးနိမ့်မှုကြောင့် ပါတီတွင်းပြိုကွဲမှုတွေ ပိုဖြစ်လာလိမ့်မယ်လို့ မှတ်ချက်ချကြပါတယ်။

သမ္မတအာဒိုဂန်ဟာ ၎င်းရဲ့လက်ထဲမှာရှိသမျှဖဲချပ်တိုင်းကို ထုတ်သုံးနေတဲ့သူဖြစ်ပြီး အကယ်၍ ၎င်းရှုံးနိမ့်သွားရင် ၎င်းရဲ့ နိုင်ငံရေးဇာတ်ခုံပေါ်မှာ ရာစုနှစ်ရဲ့ လေးပုံတစ်ပုံလောက်နေရာယူထားခဲ့မှု အဆုံးသတ်သွားပြီဖြစ်တယ်လို့ နိုင်ငံရေးဆိုင်ရာလေ့လာသူတွေက ကောက်ချက်ဆွဲကြပါတယ်။ ဒါပေမယ့် လက်တွေ့အခြေအနေအရတော့ မစ္စတာအာဒိုဂန် သမ္မတနေရာမှာ ဆက်လက်ရှိနေဦးမှာဖြစ်ပြီး ၎င်းရဲ့မဟာမိတ်အဖွဲ့ကလည်း ပါလီမန်လွှတ်တော်ကို ထိန်းချုပ်နေဦးမှာပါ။

**ကိုးကား- ဘီဘီစီ၊ ဆင်ဟွာ**

> **“အစ္စတန်လ်ဘူကို အနိုင်ရတာဟာ တူရကီကို အနိုင်ရလိုက်တာပဲလို့ ယခင်ကငင်းပြောခဲ့ဖူးတာကြောင့် အခုချိန်မှာ အစ္စတန်ဘူလ်ကို လက်လွှတ်လိုက်ရတာဟာ တူရကီကိုလည်း လက်လွှတ်လိုက်ရပြီဆိုတဲ့ သဘောသက်ရောက်”**

---

# နိုင်ငံတကာသတင်းတိုထွာ

## အင်ဒိုနီးရှား အရှေ့ပိုင်းတွင် ငလျင်တစ်ခုလှုပ်

**ဂျကာတာ ဇွန် ၂၄**

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း မယ်လူကူပြည်နယ်၌ ပြင်းအား ၇ ဒသမ ၇ ရစ်ချ်တာစကေးရှိ မြေငလျင်တစ်ခု ဇွန် ၂၄ ရက်တွင် လှုပ်သွားကြောင်း မိုးလေဝသနှင့် ဘူမိဗေဒ အေဂျင်စီက ပြောကြားခဲ့သည်။ ငလျင်ဖြစ်ပေါ်ပြီးနောက် ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်း မရှိပေ။

ငလျင်သည် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၅၃ မိနစ်တွင် မယ်လူကာ ဘာရတ်ဒါယာအရှေ့မြောက်ဘက် မှ ၂၄၅ ကီလိုမီတာအကွာခန့်ကို ဗဟိုပြုလှုပ်သွားခဲ့ခြင်းဖြစ်ပြီး ပင်လယ်ရေအောက်အနက် ၂၃၁ ကီလိုမီတာအကွာတွင် လှုပ်ခြင်းဖြစ်ကြောင်း အေဂျင်စီမှ ကြီးကြပ်သူအရာရှိ အဖရန်တီယာနာက ထုတ်ဖော်ပြောကြားခဲ့သည်။ ငလျင်ဗဟိုချက်မသည် ပင်လယ်ရေအောက်မှ အလွန်နက်ရှိုင်းသည့်နေရာတွင် တည်ရှိနေသည့်အတွက် ဆူနာမီဖြစ်ပွားနိုင်သည့် အလားအလာမရှိကြောင်း အာဖရန်တီယာနာက ဆင်ဟွာသို့ ဖုန်းမှတစ်ဆင့် ဖြေကြားခဲ့သည်။ **ဆင်ဟွာ**

## နျူကလီးယားလက်နက်ဖျက်သိမ်းရေး ဆွေးနွေးပွဲများ အမှန်တကယ်ဖြစ်လာနိုင်ကြောင်း မိုက်ပွန်ပီအို ပြောကြား

**ဝါရှင်တန် ဇွန် ၂၄**

မြောက်ကိုရီးယားခေါင်းဆောင်ထံသို့ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ထံမှ ပေးစာတစ်စောင် ရောက်ရှိလာမှုအရ နျူကလီးယားလက်နက်ဖျက်သိမ်းရေး ဆွေးနွေးပွဲများ ဖြစ်လာနိုင်ဖွယ်ရှိသည်ဟု ယူဆရကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် သမ္မတထရမ့်ထံမှ ပေးပို့လာသော စာတစ်စောင်တွင်ပါရှိသည့် စိတ်ဝင်စားဖွယ်အကြောင်းအရာအပေါ် ကျေနပ်မှုရှိခဲ့ပြီး လေးလေးနက်နက် စဉ်းစားချင့်ချိန်ခဲ့ဖွယ်ရှိကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် ကိုရီးယားဗဟိုသတင်းအေဂျင်စီက ဇွန် ၂၃ ရက်က ဖော်ပြခဲ့မှုကို မိုက်ပွန်ပီအိုက ကိုးကားပြောဆိုခဲ့ခြင်း ဖြစ်သည်။

အဆိုပါပေးစာသည် ကိုရီးယားကျွန်းဆွယ် နျူကလီးယားလက်နက်ဖျက်သိမ်းရေးအတွက် မြောက်ကိုရီးယားနှင့် အရေးကြီးသည့် ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားရန် အမေရိကန်အတွက် အုတ်မြစ်ကောင်းတစ်ခုကို ပေးအပ်ခဲ့ခြင်း ဖြစ်မည်ဟု မျှော်လင့်ကြောင်း မိုက်ပွန်ပီအိုက သတင်းထောက်များသို့ ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ကျောက်ချောလမ်း ဖွင့်လှစ်ပေး၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**ရွှေဘို ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး /ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ပိတောက်ခေါင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရန်ပုံငွေနှင့် ပြည်သူလူထုထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်သည့် ကျေးရွာ ရွာလယ်လမ်းမကြီး ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ပိတောက်ခေါင်းကျေးရွာ ရွာလယ်လမ်းမကြီး ကျောက်ချောလမ်းသည် လမ်းအရှည် ၁၃၇၅ ပေ၊ လမ်းအကျယ် ၁၂ ပေနှင့် လမ်းအမြင့် ၉ လက်မရှိကာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေကျပ် ၁၀ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ အကုန်အကျခံ အဆင့်မြှင့်တင်ဖောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ပိတောက်ခေါင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြည်သူလူထုတွေ့ဆုံပွဲကို ဆက်လက်ကျင်းပသည်။ ပိတောက်ခေါင်း၊ မြနန္ဒာ၊ ဆီဆုံကုန်း၊ ဥယျာဉ်တော်၊ မေဂွန်၊ သီးကုန်းကျေးရွာ ခြောက်ရွာမှ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ရေရရှိရေးနှင့် သိမ်းဆည်းလယ်ယာမြေများ ပြန်လည်ရရှိရေးစသည့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဒေသခံပြည်သူများက တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ပြီးနောက် အဆိုပါ ကျေးရွာများအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စည်သာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြည်သူလူထုတွေ့ဆုံပွဲကို ဆက်လက်ကျင်းပရာ စည်သာ၊ ဘုတ်ကုန်း၊ ရွာမိဿာ၊ ခွန်တောင်းငယ်၊ မီးကျောင်းပင်၊ ကြက်တက်ကျေးရွာ ခြောက်ရွာမှ ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို တင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကာ အဆိုပါ ကျေးရွာ ခြောက်ရွာအတွက် ကျောင်းသုံးဗလာ စာအုပ်များနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**ထွန်းကိုကို(ယင်းမာပင်)**




စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင် ရွှေဘိုမြို့နယ်ရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း မိုးညိုမြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။

# ဒီးမော့ဆိုမြို့နယ်၌ စီးပွားရေးအသိပညာ မျှဝေပေးခြင်း အခမ်းအနားကျင်းပ

**ဒီးမော့ဆို ဇွန် ၂၄**

ကယားပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ကြီးမှူး၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကနဦးစွမ်းအားမြင့် အစီအစဉ် ခေါင်းစဉ်ဖြင့် စီးပွားရေးအသိပညာ မျှဝေပေးခြင်း အခမ်းအနားကို ဇွန် ၂၂ ရက်က ဒီးမော့ဆိုမြို့နယ်ရှိ Demoso Lodge ဟိုတယ်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် အားလုံး၏ စုပေါင်းအားဖြင့်ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ပြီး ပြည်သူ့အစိုးရ တာဝန်ယူသော သုံးနှစ်တာကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းကို ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ ယခုလို နယ်စပ်ကုန်သွယ်ရေးစခန်းဖော်ဆောင်နိုင်ခြင်းသည် အားလုံး၏ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းအားစိုက်ဆောင်ရွက်ကြစေလိုကြောင်း၊ ထို့အပြင် ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လာရောက်ရင်းနှီးမြှုပ်နှံသောလုပ်ငန်းရှင် အနေဖြင့်လည်း စိန်ခေါ်မှု အခက်အခဲများကို ဖြေရှင်းနိုင်ရေးအပြုသဘောများဖြင့် တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ကယားပြည်နယ် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် "ငယ်သော်လည်း လုပ်ပါ၏" ခေါင်းစဉ်ဖြင့် ဦးထွန်းနိုင်ဝင်းက လည်းကောင်း၊ "စွန့်စားမှု၊ စိန်ခေါ်မှုများနှင့် လုပ်ငန်းရှင်" ခေါင်းစဉ်ဖြင့် ဒေါက်တာစောငွေးမြင့်က လည်းကောင်း ဆွေးနွေးဟောပြောပြီး တက်ရောက်လာကြသော လုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

**ရီရယ်(ဒီးမော့ဆို)**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**မိုးညို ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ယမန်နေ့က မိုးညိုမြို့နယ် ထိန်တောကျေးရွာ သိဒ္ဓိကာရုံကျောင်းတိုက်၌ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသခံပြည်သူများ၏ အခက်အခဲများကို သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပြဿနာများကို ဖြေရှင်းပေးမည့်ပွဲဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲမှုများတွင် မတူကွဲပြားမှုများကြောင့် ဖြစ်ပေါ် နေသော ပဋိပက္ခများကို အချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းပေါင်းစပ်အဖြေရှာခြင်းတို့ဖြင့် တည်ငြိမ်အေးချမ်းသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ဒေသခံပြည်သူများက ထိန်တောကျေးရွာကို မြို့အဆင့်တိုးမြှင့်ပေးရေး၊ လမ်း၊ တံတားကိစ္စ၊ လျှပ်စစ်မီးလင်းရေးကဏ္ဍ၊ ပညာရေးဆိုင်ရာကိစ္စများ၊ ကျေးလက်ကျန်းမာရေးကိစ္စများ၊ အင်းကိစ္စများ တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဖြေရှင်းပေးသည်။

တွေ့ဆုံပွဲအပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထိန်တောကျေးရွာရှိ ဆောက်လုပ်နေဆဲ အဆောက်အအုံနှင့် အခြေခံပညာအထက်တန်း ကျောင်းထွန်းမြတ် (စံပြ) ကျောင်းရှိ ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး ကျွဲတဲကုန်းရွာအနီးရှိ ရေကာတာအား ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်ဖောင်းရှို စီးပွားရေးအသိပညာမျှဝေခြင်း အခမ်းအနား၌ အမှာစကားပြောကြားစဉ်။



ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးဖွင့်ပွဲ၌ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# ကျိုက်မရောတွင် ကိုယ့်အားကိုယ်ကိုးကျေးရွာမီးလင်းရေး ဖွင့်ပွဲကျင်းပ

**ကျိုက်မရော ဇွန် ၂၄**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်က ကွမ်ငန်းကျေးရွာမီးလင်းရေး မဏ္ဍပ်၌ ကျင်းပသည်။

ဖွင့်ပွဲသို့ မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ဒုဥက္ကဋ္ဌ ဒေါက်တာ အောင်နိုင်ဦးနှင့် ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးအောင်မြင့်ခိုင်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောကျော်ဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက ကျေးလက်တောရွာများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်မီးရရှိရေးသည်လည်း အဓိကကျကြောင်း၊ ကျေးရွာသူရွာသားများ၏ စည်းလုံးမှု ညီညွတ်မှုများကြောင့် ယခုလိုကိုယ့်အားကိုယ်ကိုး မီးရရှိခဲ့ပြီးဖြစ်သည့်အတွက် ဝမ်းသာဂုဏ်ယူကြောင်း ပြောကြားသည်။

အဆိုပါ ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ကြိုးသွယ်တန်းမှုလုပ်ငန်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက တာဝန်ယူ၍ အတ္တရံမြစ်အား ဖြတ်ကျော်သွယ်တန်းထားခြင်းဖြစ်ပြီး ကုန်ကျငွေကျပ်သိန်း ၂၀၀၀ ကျော်အကုန်အကျခံကာ တစ်အိမ်လျှင် ငွေကျပ် ၆ သိန်းစီ ထည့်ဝင်ကာ သွယ်တန်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလို အတ္တရံမြစ်တစ်ဖက်ကမ်းရှိ ကျေးရွာတွင် လျှပ်စစ်မီးလင်းနိုင်ခဲ့၍ ဒေသခံပြည်သူများက ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။ **ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ**

# ရေယာဉ်များအတွက် သဘာဝဘေးကာကွယ်ရေး သတိပေးချက်များထုတ်ပြန်

**မုံရွာ ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် အထက်အောက် စုန်ဆန်ပြေးဆွဲလျက်ရှိသော လူစီးအမြန်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များသည် မိုးဦးကာလတွင် ဖြစ်ပွားနိုင်သော သဘာဝဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

"သတိပေးထုတ်ပြန်ချက်ကိုတော့ ဇွန်လ ဒုတိယပတ်အတွင်းက ထုတ်ပြန်ပြီး မိုးဦးကာလဖြစ်တဲ့အတွက် လေပြင်းတိုက်ခတ်တာတွေ ဖြစ်ပေါ်နိုင်တယ်။ လေပြင်းနဲ့အတူ လှိုင်းကြီးတာတွေ ဖြစ်ပေါ်နိုင်တဲ့အတွက် အန္တရာယ်ရှိနိုင်တယ်။ မတော်တဆမှုတွေ မဖြစ်ပွားစေဖို့အတွက် ကြိုတင်သတိပေးထုတ်ပြန်တာဖြစ်တယ်"ဟု တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှူး ဦးအောင်သန်းက ပြောကြားသည်။

သတိပေးညွှန်ကြားချက်များသည် ရေယာဉ်ကိုယ်ထည်နှင့် စက်ကိရိယာများကို ပြုပြင်ထိန်းသိမ်းရန်၊ ရေယာဉ်များပေါ်တွင် အသက်ကယ်အင်္ကျီ၊ မီးသတ်ပစ္စည်းနှင့် အချက်ပေး/အချက်ပြပစ္စည်းကိရိယာများ စုံလင်စွာထားရှိပြီး အသင့်အသုံးပြုနိုင်အောင် ဆောင်ရွက်ထားရန်၊ မိုးကာအသုံးပြုမှုကြောင့် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များကို သတိပြုရန်၊ ရေယာဉ်များ ခုတ်မောင်းစဉ်/ကျောက်ချထားစဉ်နှင့် ဆိပ်ကမ်းများတွင် ရပ်နားထားစဉ် အချက်ပြအမှတ်အသား၊ အချက်ပြမီးနှင့် အသံပေးကိရိယာများကို စည်းကမ်းသတ်မှတ်ချက်နှင့်အညီ အသုံးပြုကြရန်နှင့် စည်းကမ်းမဲ့စွာ ခုတ်မောင်းမှုများမပြုလုပ်ကြရန် စသည်တို့ကို တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။



ချင်းတွင်းမြစ်အတွင်း ခုတ်မောင်းနေသော ကုန်တင်ရေယာဉ်ကြီးတစ်စင်း။

**ဝင်းဦး(ဧယျာတိုင်း)**

# မယ်စဲ့မြို့နယ်၌ ပုံမှန်အတိုင်း ဓာတ်အားပြန်လည်ဖြန့်ဖြူးနေ

**မယ်စဲ့ ဇွန် ၂၄**

ကယားပြည်နယ် မယ်စဲ့မြို့နယ်အတွင်း ဓာတ်အားပိတ်ဝန်အားလျှော့ချခြင်းကို ဇွန် ၂၂ ရက်မှစ၍ ရပ်ဆိုင်းကာ ယခင် ပုံမှန်အတိုင်း ၂၄ နာရီ လျှပ်စစ် ဓာတ်အားပြန်လည်ဖြန့်ဖြူးနေပြီဖြစ်ကြောင်း ဘော်လခဲခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ပြီးခဲ့သော ရက်များအတွင်းက အပူချိန်မြင့်၍ ဆည်များတွင် ရေဝင်ရောက်မှုနည်းပြီး ဓာတ်အားထုတ်လုပ်နိုင်မှု လျော့ကျခြင်းနှင့် ဓာတ်အားသုံးစွဲသူ အရေအတွက် တိုးတက်များပြားလာခြင်းတို့ကြောင့် ဓာတ်အားမလုံလောက်သဖြင့် မယ်စဲ့မြို့နယ်၌ အချိန်ပိုင်းဓာတ်အားပိတ်၍ ဝန်အားလျှော့ချမှုကို နေ့စဉ် နံနက် ၇ နာရီမှ ၉ နာရီအထိလည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိလည်းကောင်း ပြုလုပ်ခဲ့ရာ ထိုရက်များတွင် ရုံးဌာနများအနေဖြင့် ရုံးလုပ်ငန်းများအချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် အခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ယခုအခါတွင်မူ မယ်စဲ့မြို့နယ်၌ ဓာတ်အားပိတ် ဝန်အားလျှော့ချခြင်းကို မပြုလုပ်တော့ဘဲ ၂၄ နာရီ ပုံမှန်ဓာတ်အား ဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်း၊ ရုတ်တရက်ရံခါမှ အရေးပေါ်ဝန်အားလျှော့လျှင်မှ ဓာတ်အားပိတ်ခြင်းကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဓာတ်အားပိတ်၍ ဝန်အားလျှော့ချမှုဆောင်ရွက်မည်ဆိုပါက ပြည်သူများထံ ကြိုတင်အသိပေး သတင်းထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ဇင်လင်း၏ ပြောကြားချက်အရ သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# မြန်မာသံဂီတဝင်အဆိုတော်ကြီးဦးတင်လှိုင် ကွယ်လွန်

မြန်မာသံဂီတဝင်အဆိုတော်ကြီး ဦးတင်လှိုင် (ရေနံချောင်း) အသက် ၈၃ နှစ်သည် ဇွန် ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲက ရန်ကုန်မြို့ ဆာကူရာဆေးရုံ၌ ကွယ်လွန်ခဲ့သည်။

ကိုတင်လှိုင်ကို မြန်မာသက္ကရာဇ် ၁၂၉၉ ခုနှစ်၊ ခရစ်နှစ် ၁၉၃၇ ခုနှစ်တွင် မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နေ အဘဦးဟုတ်လှိုင်နှင့် အမိဒေါ်ငြိမ်းတို့က မွေးဖွားခဲ့သည်။ မွေးချင်းသုံးယောက်အနက် အကြီးဆုံးဖြစ်သည်။ ငယ်စဉ်က ရေနံချောင်းအစိုးရ အထက်တန်းကျောင်း၌ ပညာသင်ကြားခဲ့သည်။ ကျောင်းသားဘဝ ကတည်းကပင် အားကစားနည်းများစွာတို့တွင် ထူးချွန်သူတစ်ဦးဖြစ်ခဲ့သည်။ ၁၉၅၅-၁၉၅၆ ခုနှစ်တွင် ကိုတင်လှိုင်သည် မကွေးတိုင်း လက်ရွေးစင် ဘော်လီဘောသမားအဖြစ်လည်းကောင်း၊ ရေနံချောင်းမြို့နယ် လက်ရွေးစင်ဘော်လီဘောသမား အဖြစ်လည်းကောင်း ရွေးချယ်ခံရသည်အထိ အားကစားဘက်တွင် ထူးချွန်ခဲ့သည်။ ကိုတင်လှိုင်သည် ဂီတနှင့် အားကစားနှစ်ခုစလုံးတွင် ထူးချွန်သော်လည်း ဂီတကိုသာ ရွေးချယ်ခဲ့သည်။ ၁၉၇၉ ခုနှစ် နွဲ့နှောင်းထံတျာ တေးဂီတအဖွဲ့ (စည်သူဒေါ်တင်တင်မြ၏ အစ်ကို ကိုပါကြီးတီးဝိုင်း) ဖြင့် ကိုပါကြီးရေးစပ်ခဲ့သည့် 'ကွာခြားခဲ့လေပြီ' တေးသီချင်းကို စတင်သီဆိုခဲ့သည်။ ရောင်းတန်းဓာတ်ပြား 'ဘကြီးအောင်ညာတယ်' နှင့် 'တစ်ယောက်တစ်ကမ္ဘာ' တို့ကို ထုတ်လုပ်ခဲ့သည်။ ထို့နောက် 'ချစ်သံသယစိတ်ဝင်မိတယ်'၊ 'ရင်နှစ်ပန်း' 'မမုန်းသာချစ်ပါလေဦး'၊ 'ချစ်သူကိုယ့်ထံမရောက်လာပါလားကွယ်'၊ 'စိန်ပန်းပြာနဲ့ဝေးသူရေ'၊ 'ချစ်သူတိုင်းလည်း ညားကြပါစေ'၊ 'ယောကျ်ားမှာလည်း အသည်းနဲ့ပါ'၊ 'အမုန်းခွန်အားပေးသနားပါ'၊ 'သံသရာဆုတောင်း'၊ 'ပန်းနဲ့ပေါက်တာလည်း နာချင်တယ်'၊ 'မပြောတော့ဘူး'၊ 'တေးပလ္လင်မှအဆွေးသခင်' စသည့် သီချင်းပေါင်းများစွာကို သီဆိုအောင်မြင်ခဲ့သည်။ အလွမ်းသီချင်း စီးရီးပေါင်းများစွာ ကိုယ်တိုင်ထုတ်လုပ်ခဲ့သည်။ ၁၉၆၈ ခုနှစ်မှစ၍ အပေါင်းလက္ခဏာ တေးဂီတအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ကျော်ကြားသော အနုပညာရှင်များစွာကို မွေးထုတ်ပေးခဲ့သည်။

"အစ်ကိုကြီး မေ ၁၁ ရက်က ရေနံချောင်းကို ရောက်လာခဲ့တယ်။ ကိုယ့်ဇာတိကို ပြန်လာချင်တယ်လို့ ပြောတယ်။ သင်္ကြန် ၁၂ ရက်၊ ၁၃ ရက်မှာ ရင်ဘတ်အောင့်တယ်ဆိုပြီး ရေနံချောင်းဆေးရုံမှာပဲ ကုသခဲ့တယ်။ ရောဂါမသက်သာတာနဲ့ ရန်ကုန်ကို မေ ၂၆ ရက်ကစပြီး ဆာကူရာဆေးရုံမှာ ကုသရင်း တစ်နေ့က ကွယ်လွန်ခဲ့ပါတယ်။ အစ်ကိုကြီးရဲ့ ဆန္ဒအရ ရေနံချောင်းမှာ အမေ့ရဲ့ အုတ်ဂူနားမှာ ပြာအိုးယူပြီး အုတ်ဂူပြုလုပ်ပေးသွားမှာပါ"ဟု ညီဖြစ်သူ ဦးနေဝင်း (နေဝင်းလှိုင်)က ပြောသည်။ ဂန္ထဝင်အဆိုတော်ကြီး



ကိုတင်လှိုင်သည် ရန်ကုန်မြို့ အလုံမြို့နယ် သိပ္ပံလမ်း အမှတ် (၄၀) ၌ ဇနီး၊ သားသမီးများနှင့်အတူ နေထိုင်ခဲ့သည်။

**အာကာစိုး**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၄-၆-၂၀၁၉

### ရွှေ

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၂၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၂၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) |
|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၆၅/၉၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၅/၉၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၅၀/၈၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၃၀/၈၉၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၉ ・ ၁ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၂၉ ・ ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၁ ・ ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၃၄ ・ ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၁၄ ・ ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၅ ・ ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၀ ・ ၇၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၈၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၁ ・ ၂၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၆ ・ ၅၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ ・ ၃၆၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကျောင်းမှာမင်းထင် သိမ်တွင်မိုးတား ဘုရားအာနန္ဒာ

မောင်သာ(ရှေးဟောင်းသုတေသန)

ကုန်းဘောင်ခေတ် မြန်မာနိုင်ငံ၏ နောက်ဆုံးမင်းနေပြည်တော် ဖြစ်ခဲ့သည့် ရတနာပုံမန္တလေးသည် များစွာသော ယဉ်ကျေးမှု အမွေအနှစ်များ ကျန်ရှိနေသည့် ရပ်ဝန်းတစ်ခုဖြစ်သည်နှင့် အညီ ရတနာပုံခေတ် သမိုင်းမှတ်တမ်း အထောက်အထား များစွာကို လေ့လာနိုင်သည့် ရှေးဟောင်းနယ်မြေတစ်ခု ဖြစ်ပေသည်။ မန္တလေးမြို့တွင်ရှိနေသည့် သမိုင်းအမွေအနှစ်များ အနက် ကုန်းဘောင်ခေတ် နှောင်းပိုင်းက တည်ဆောက်ခဲ့သည့် အုတ် သို့မဟုတ် သစ်သားဘုန်းတော်ကြီးကျောင်းများကို Hidden Treasure in Mandalay ဟု တင်စားခေါ်ဆိုခဲ့ကြသည်။

မန္တလေးမြို့သို့ ရောက်ရှိခိုက် မန္တလေးဧည့်လမ်းညွှန်များ အသင်း နာယက ဦးရဲမြတ်ထွန်း၊ MTVTH သင်တန်းကျောင်းမှ ဒေါ်စန္ဒာအောင်နှင့် ဧည့်လမ်းညွှန်များက မန္တလေးမြို့ရှိ တိမ် မြုပ်နေသည့် ရတနာသိုက်များကို လိုက်လံပြသခဲ့ရာ မဟာမင်းထင် ရှေးဟောင်းသစ်သားကျောင်းကြီးလည်း ပါဝင်ခဲ့သည်။

### ရှေးဟောင်း ဘုန်းကြီးကျောင်းများ

သမိုင်းစဉ်ဆက်တစ်လျှောက် မြန်မာနိုင်ငံ နေရာဒေသ အသီးသီး၌ အုတ် သို့မဟုတ် သစ်သား ဘုန်းကြီးကျောင်းများကို တည်ဆောက်ခဲ့ကြသည့်အနက် ဘုရင်နှင့် တော်ဝင်မိသားစုများ၊ သူဌေးသူကြွယ်များ တည်ဆောက်ခဲ့သည့် သစ်သားဘုန်းကြီးကျောင်းနှင့် သာသနိကအဆောက်အအုံများသည် မန္တလေး၊ အင်းဝ၊ စစ်ကိုင်း၊ စလေ၊ စလင်း၊ မြိုင် အစရှိသည့် မြို့နယ်များတွင် အများဆုံး ကျန်ရှိနေသည်။ ယင်းတို့အနက် ကုန်းဘောင်ခေတ်နှောင်းလက်ရာ သစ်သားဘုန်းကြီးကျောင်းများဖြစ်သည့် ရွှေကျောင်းကြီး၊ ရွှေအင်ပင်ကျောင်း၊ ခမ္မိကာရာမ ရွှေကျင်ကျောင်းတိုက်၊ သင်္ဂဇာကျောင်း၊ သာကဝန်ကျောင်း၊ မြတောင်ကျောင်း၊ မင်းထင်ကျောင်း စသည်တို့သည် မန္တလေးမြို့၌ တည်ရှိနေကြကာ ခရီးသွားများနှင့် စိတ်ပါဝင်စားသူများအကြားတွင် အထူး ထင်ရှားကြပေသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး စာအုပ်တွင် ဖော်ပြထားချက်များအရ ကုန်းဘောင်ခေတ်ဘုရင်များဖြစ်သည့် အလောင်းမင်းတရား ဦးအောင်ဇေယျ၊ နောင်တော်ကြီးမင်း၊ မြေဒူးမင်း၊ ဗဒုံမင်း၊ စစ်ကိုင်းမင်း၊ သာယာဝတီမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်းနှင့် သီပေါမင်း တို့သည် ဘုန်းတော်ကြီးကျောင်းများ တည်ဆောက်လှူဒါန်းခဲ့ကြသည်။ ရတနာပုံခေတ် မင်းတုန်းမင်းနှင့် သီပေါမင်း လက်ထက်တွင် မန္တလေးမြို့၌ ဆောက်လုပ်ခဲ့သော ဘုန်းကြီးကျောင်း ၅၅ ကျောင်း ရှိခဲ့သည်။

မင်းတုန်းမင်းသည် မန္တလေးမြို့၏ အရှေ့ပြင်၊ အနောက်ပြင်၊ တောင်ပြင်နှင့် မြောက်ပြင်တို့တွင် ဘုန်းတော်ကြီးကျောင်းများကို နေရာချထားခဲ့သော်လည်း ယခုအချိန်တွင် ကျောင်းတိုက်အနည်းငယ်သာ ကျန်ရှိနေကာ ရွှေနန်းတော်ကျောင်းနှင့် ရွှေအင်ပင်ကျောင်းတို့ကို နိုင်ငံတော်က ထိန်းသိမ်းစောင့်ရှောက်ထားသည်။ မြန်မာ့ ရှေးဟောင်းဘုန်းတော်ကြီးကျောင်း အများစုကို မြန်မာ့ဗိသုကာဟန်စစ်စစ်ဖြင့်သာ တည်ဆောက်ခဲ့သော်လည်း သာကဝန်ကျောင်းနှင့် ယောအတွင်းဝန်ကျောင်းကဲ့သို့ အနောက်တိုင်းနှင့် မြန်မာဟန်ရောသည့် ကျောင်းများလည်း အနည်းငယ် ရှိခဲ့ပေသည်။

### ရှေးမြန်မာဘုန်းကြီးကျောင်းများ

ရှေးအခါက မြန်မာဘုန်းတော်ကြီးကျောင်းများတွင် ယေဘုယျအားဖြင့် ပြာသာဒ်ဆောင်၊ စနုဆောင်၊ ဆောင်မကြီးနှင့် ဘောဂဆောင်တို့ ထည့်သွင်း၍ တည်ဆောက်ခဲ့ကြသည်။ ဘုန်းတော်ကြီးကျောင်း အဆောက်အအုံ၏ ရှေ့ဘက်ဆုံး (ခေါင်းရင်းဘက်)တွင်ရှိသည့် ပြာသာဒ်ဆောင်ကို ပြာသာဒ်ငါးဆင့်၊ ခုနစ်ဆင့်၊ ကိုးဆင့် တင်ထားလေ့ရှိရာတွင် ခုနစ်ဆင့်က အများဆုံးဖြစ်သည်။ ပြာသာဒ်ဆောင်၏ မျက်နှာသုံးဖက် (အရှေ့ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်)တွင် လှေကား တစ်ခုစီ တပ်ဆင်ထားပြီး ယင်းလှေကားများမှ ဘုရင်၊ မိဖုရားနှင့် ဆရာတော်များသာ အတက်အဆင်း ပြုကြရသည်။ ပြာသာဒ်ဆောင်တွင် ဘုရားပလ္လင်နှင့် ဗုဒ္ဓဆင်းတုတော် ထားရှိသည်။ ပြာသာဒ်ဆောင်နှင့် ဆောင်မကြီးတွင် ကျောင်းထိုင်ဘုန်းကြီး သီတင်းသုံးနေထိုင်၍ အာဂန္တုဧည့်သည် ရဟန်းသံဃာများကို ဧည့်ခံတွေ့ဆုံသည့် စနုဆောင်ဖြင့် ဆက်ထားသည်။

ဘုန်းတော်ကြီးကျောင်း၏ အဓိကအဆောင်ဖြစ်သည့် ဆောင်မကြီးကို နှစ်ထပ် လည်ပေါ် တည်ဆောက်ထားလျှင် ထားဝယ်ဆောင်ဟုလည်းကောင်း၊ သုံးထပ် သို့မဟုတ် လေးထပ် လည်ပေါ် တည်ဆောက်ထားလျှင် ဇေတဝန်ဆောင်ဟုလည်းကောင်း ခေါ်ဆိုသည်။ ဆောင်မကြီး၏ လည်ပေါ်ကို ငါးထပ်ဆောက်လေ့ မရှိချေ။ ဆောင်မကြီး၏ ဘေးပတ်လည်တွင် အပြင်သို့ ထုတ်ထားသောအမိုး(စမြင်) ရှိသည်။ ထို့ကြောင့် နှစ်ထပ် စမြင်ခံကျောင်း၊ သုံးထပ်စမြင်ခံကျောင်းဟု ခေါ်ဆိုမှုများရှိသည်။

ဆောင်မကြီးကို အလယ်မှ မာရဘင်(ကြမ်းပြင်မှ အမိုးအထိ ပိတ်ဆီးထားသော အကာအရံ)ဖြင့် ကန့်ထား၍ အရှေ့နှင့် အနောက် ပိုင်းခြားကာ အရှေ့မာရဘင်ဆောင်၊ အနောက်မာရဘင်ဆောင်ဟု ခေါ်ဆိုသည်။ မာရဘင်တွင် ဝင်ထွက်ရန် အပေါက် ဖောက်လုပ်ထားပြီး မာရဘင်ဆောင်များ၌ နေ့ဘက်တွင် လူပရိသတ်များကို ဧည့်ခံကာ ညပိုင်းတွင် ရဟန်းသံဃာများ ကျိန်းစက်သည်။ အချို့ဘုန်းကြီးကျောင်းများတွင် အရှေ့မာရဘင်၌ ဥပုသ်စောင့် တရားနာသူများ နားခိုကြကာ အနောက်မာရဘင်ဆောင်၌ သက်ကြီးဝါကြီး ဆရာတော်များ သီတင်းသုံးသည်။

မာရဘင်၏ ရှေ့ခန်းတွင် တံကဲပါရှိသောပလ္လင်ကို ထားရှိပြီး နောက်ခန်းတွင် တံကဲမပါသော ပလ္လင်ကို ထားရှိလေ့ရှိသည်။ ဆောင်မကြီး၏ ဝဲယာနှစ်ဖက်တွင် ရဟန်းသံဃာများနှင့် အမျိုးသားများ တက်ဆင်းရန် လှေကားနှစ်ခုနှင့် အမျိုးသမီးများ တက်ဆင်းရန် လှေကားနှစ်ခု တပ်ဆင်သည်။ မြန်မာဘုန်းကြီးကျောင်းများတွင် ထုထည်ကြီးမား၍ လှပသော သရက်ကင်းပုံစံ အုတ်လှေကားများကို တပ်ဆင်လေ့ရှိကြသည်။

ဘောဂဆောင်သည် ဘုန်းကြီးကျောင်း၏ အနောက်ဘက်ဆုံးတွင်ရှိကာ ဆောင်မကြီး၏ ကြမ်းခင်းအောက်သို့ နှိမ့်ထားသည်။ ဘောဂဆောင်တွင် အခန်းသုံးခန်း ပါရှိ၍ ဘေးဘက်တစ်ခန်းတွင် ပန်းကန်ခွက်ယောက်များထားကာ ကျန်ဘေးခန်းတွင် သစ်သီးဝလံများနှင့် စားသောက်ဖွယ်ရာများကို သိမ်းဆည်းပြီး အလယ်ခန်း၌ ကိုရင်များ နေကြသည်။



မဟာမင်းထင်ကျောင်းကြီးရှေ့မှ ပျက်စီးနေသော အုတ်လှေကား

အချို့ဘုန်းကြီးကျောင်းများတွင် ယင်းအဆောင် လေးဆောင်အပြင် ကျောင်းတွင်တိုးလာသည့်သံဃာများ နေထိုင်ရန် ခုံးဆောင်တစ်ခုကို ဆောင်မကြီးရှေ့၌ဖြစ်စေ၊ ဆောင်မကြီးနှင့် ဘောဂဆောင်ကြား၌ဖြစ်စေ၊ ဆောင်မကြီးနှင့် စနုဆောင်ကြား၌ဖြစ်စေ သင့်လျော်သည့်နေရာတစ်ခုခု၌ ဆောက်လုပ်ကြသည်။ သို့သော် ခုံးဆောင်သည် မြေစိုက်အဆောင် မဟုတ်ချေ။ ကုန်းဘောင်ခေတ်နှောင်းနှင့် ကိုလိုနီခေတ်ဦးပိုင်း ဘုန်းကြီးကျောင်းအချို့တွင် ဆောင်မကြီးနှင့် ဘောဂဆောင်ကြား၌ ဘောဂစနုဆောင်အမည်ဖြင့် အဆောင်ကူးတစ်ခုကို တည်ဆောက်ခဲ့ကြရာ ယင်းပုံစံကို ရွှေအင်ပင် ဘုန်းတော်ကြီးကျောင်းတွင် မြင်တွေ့နိုင်ကြသည်။

### ကျောင်းမှာ မင်းထင်၊ သိမ်မှာ မိုးတား၊ ဘုရားမှာ အာနန္ဒာ

မန္တလေးမြို့၌တည်ရှိသည့် ရှေးဟောင်းအဆောက်အအုံများ အနက် ရတနာပုံခေတ်က ခမ်းနားကြီးကျယ်စွာ တည်ဆောက်ခဲ့သည့် ဘုန်းကြီးကျောင်း၊ သိမ်နှင့် ဘုရားတို့ကို ကျောင်းမှာ မင်းထင်၊ သိမ်မှာ မိုးတား၊ ဘုရားမှာ အာနန္ဒာဟု ဆိုခဲ့ကြသည်။ မင်းထင်သည် မဟာမင်းထင် ဘုန်းတော်ကြီးကျောင်း၊ မိုးတားသည် မိုးတားကျောင်းတိုက်သိမ်၊ အာနန္ဒာသည် မဟာမုနိရုပ်ရှင်တော်မြတ်ဝင်း တောင်ဘက်ရှိ သိမ်နီကြီးခေါ် အာနန္ဒာစေတီတော် ဖြစ်သည်။

မဟာမင်းထင်ကျောင်းသည် မန္တလေး မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက်အတွင်း မဟာမုနိဘုရားကြီး၏ အရှေ့မြောက်ဘက် ပညာပျိုးခင်းလမ်းတွင် တည်ရှိသည့် ရတနာပုံခေတ်လက်ရာ ရှေးဟောင်း သစ်သားဘုန်းတော်ကြီးကျောင်းကြီးဖြစ်သည်။

မိုးတားသိမ်သည် မဟာမင်းထင်ကျောင်းတိုက်၏ မြောက်ဘက်နှင့် ခမ္မိကာရာမတိုက်၏ အရှေ့ဘက်၌ တည်ရှိသည့် မိုးတားတိုက်ဝင်းအတွင်း အရှေ့တောင်ထောင့်၌ရှိသော သိမ်ဖြစ်သည်။ မိုးတားကျောင်းတိုက်ကို မင်းတုန်းမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၂၂၆ ခုနှစ်က ကျီဝန် မိုးတားဝန်ထောက်က ဆောက်လုပ်ကာ သုဇာတာဘိ သီရိဓဇ မဟာဓမ္မရာဇဂုရု ဆရာတော်အား လှူခဲ့သည်။ မိုးတားသိမ်သည် ဘုံခုနစ်ဆင့် အဆောက်အအုံဖြစ်ကာ သိမ်ပြာသာဒ်ကြီးကို အဝေးမှ မြင်ကြရသည်။ မိုးတားအလယ်တိုက်သည် မီးလောင်ကျွမ်းပျက်စီးခဲ့သော်လည်း မြန်မာမှု ပန်းပုလက်ရာများဖြင့် ခံ့ညားထည်ဝါလှသည့် မိုးတားသိမ်ပြာသာဒ်မှာ ယခုတိုင် ကျန်ရှိနေပေသည်။

မန္တလေး အာနန္ဒာစေတီသည် မဟာမုနိရုပ်ရှင်တော်၏ အရှေ့ဘက်စောင်းတန်းအလယ်မှ တောင်ဘက်တည့်တည့်၌ တည်ရှိသည်။ ယင်းစေတီသည် ပုဂံ အာနန္ဒာဘုရားနှင့် တည်ဆောက်ပုံ ဆင်တူနေသဖြင့် အာနန္ဒာဘုရားဟု ထင်ရှား၍ စေတီအတွင်းပိုင်း၌ ပုဂံ အာနန္ဒာစေတီကဲ့သို့ပင် ဉာဏ်တော် ၁၈ တောင်မြင့်သည့် ရပ်တော်မူ ရုပ်ပွားတော်လေးဆူ ထားရှိသည်။

အာနန္ဒာစေတီကို သိမ်သမုတ်ကာ တည်ထားခဲ့ပြီး အပြင်ဘက် အုတ်ရိုးနီကို အစွဲပြုလျက် ရှေးအခါက သိမ်နီကြီးဟုလည်း ခေါ်ဆိုခဲ့ကြသည်။ ဗဒုံမင်းလက်ထက်က ယင်းတော်မြို့စား ယင်းတော်မိဖုရားက အာနန္ဒာစေတီကို စတင်ကိုးကွယ်ခဲ့ကာ ပုဂံမင်း၏နန်းမတော်သူ ဖြူးမြို့စားက ပြုပြင်ကိုးကွယ်ခဲ့သည်။ မန္တလေးတောင် ဖွံ့ဖြိုးရေးကို ဆောင်ရွက်ခဲ့သည့် ရသေ့ကြီး ဦးခန္တီကလည်း မြန်မာသက္ကရာဇ် ၁၂၇၉ ခုနှစ်တွင် အာနန္ဒာစေတီကို ပြုပြင်မွမ်းမံခဲ့သည်။

### မဟာမင်းထင်

မဟာမင်းထင် မူလကျောင်းတော်ကြီးကို အင်းဝမြို့ဟောင်း၌ တည်ဆောက်ခဲ့ပြီး ခရစ်နှစ် ၁၈၅၂ ခုနှစ်တွင် အမရပူရသို့ ပြောင်းရွှေ့ခဲ့သည်။ မင်းတုန်းမင်းလက်ထက် ၁၈၇၆ ခုနှစ်တွင် မူလကျောင်းဒကာ၏သား ဇနက်ပလာ ဆင်ဝန် မဟာမင်းလှမင်းကျော် ပြာရုပ် ဦးမင်းထင်က အမရပူရမှ လက်ရှိနေရာသို့ ရွှေ့ပြောင်းဆောက်လုပ်ခဲ့ရာ မဟာမင်းထင်ကျောင်းဟု ထင်ရှားခဲ့သည်။ ဆရာကြီး နတ်မောက်ထွန်းရှိန်က ကျောင်းအလှူရှင် ဆင်ဝန် ဦးမင်းထင်သည် တောင်သာ၊ ညောင်အုပ် နှစ်မြို့စား၊ ဝန်မင်း မဟာမင်းလှသီရိသင်္ခယာ ဦးဗိုလ်၏ သားကြီးဟု ရေးသားခဲ့သည်။ ကျောင်းကြီးသည် အလွန်ကြီးမားသဖြင့် နှစ်နှစ်ကြာ ပြောင်းရွှေ့တည်ဆောက်ခဲ့ရကာ သီပေါမင်းလက်ထက် ၁၈၇၈ ခုနှစ်ရောက်မှ ပြီးစီးခဲ့သည်။

မဟာမင်းထင်ကျောင်းကို ရွှေ့ပြောင်းဆောက်လုပ်ပြီးနောက် ဆရာတော် ဦးတိဿအား ကျောင်းကြီးကို လှူဒါန်းခဲ့ပြီး ဆင်ဝန်သည် လေးထပ်လည်ပေါ် သုံးဆင့်ခံ ဇေတဝန်ဆောင်မကြီးကို စမြင်ခံအထပ်များ တိုးချဲ့တည်ဆောက်ခဲ့သည်။ ရတနာပုံခေတ်လက်ရာ ကြီးမားခန့်ထည်သည့် မဟာမင်းထင်ကျောင်းကို ရှေးမြန်မာဘုန်းတော်ကြီးများ တည်ဆောက်သည့် ပုံစံအတိုင်း ပြာသာဒ်ဆောင်၊ စနုဆောင်၊ ဇေတဝန်ဆောင်၊ ဘောဂဆောင်များဖြင့် ဖွဲ့စည်းတည်ဆောက်ကာ စင်္ကြံပတ်လမ်းကိုပါ ထည့်သွင်းခဲ့သည်။

သို့သော် လက်ရှိအချိန်တွင် ပြာသာဒ်ဆောင်၊ စနုဆောင်၊ ဘောဂဆောင်နှင့် စင်္ကြံပတ်လမ်း အချို့သည် ပြိုကျပျက်စီးလျက်ရှိကာ အချင်း တစ်ပေခွဲမှ နှစ်ပေအထိရှိသည့် တိုင်လုံး ၁၁၀ ဖြင့် တည်ဆောက်ထားသည့် ဇေတဝန်ဆောင်မှာမူ ကျန်ရှိနေသည်။ လက်ရှိမဟာ မင်းထင်ကျောင်းတိုက် တစ်ခုလုံးတွင် တိုင်လုံးပေါင်း ၁၄၃ လုံးသာ ကျန်ရှိနေသော်လည်း မူလကျောင်းတော်တွင် တိုင်ပေါင်း ၄၆၂ လုံး ရှိခဲ့သည်။ မဟာမင်းထင်ကျောင်းတိုက်ရှိ တိုင်လုံးများသည် ပေ ၃၀ ဝန်းကျင် ရှည်လျားသည့် တစ်ဖြောင့်တည်းသော ကျွန်းတိုင်လုံးကြီးများဖြစ်ကာ လူတစ်ဖက်မက ကြီးမားကြသည်။ ကျယ်ဝန်းသော မြေကွက်လပ်အတွင်း တည်ဆောက်ထားသည့် မဟာမင်းထင်ကျောင်းသည် ဘုံသုံးဆင့်ပါရှိသည့် သစ်သားကျောင်းကြီးဖြစ်ကာ မူလကျောင်းသည် လက်ရှိကျောင်း၏ သုံးဆခန့် ရှိမည်ဟု ခန့်မှန်းရပေသည်။

### မဟာမင်းထင် ကျောင်းအိုကြီး

လွန်ခဲ့သော နှစ် ၁၄၀ ကျော်က လက်ရှိနေရာသို့ ပြောင်းရွှေ့တည်ဆောက်ခဲ့သည့် သစ်သားကျောင်းကြီးသည် လေးထောင့်ပုံရှိကာ လက်ရှိအချိန်၌ ကျောင်းကြီး၏ အနောက်ဘက် အုတ်လှေကားသည် လုံးဝနီးပါး ပျက်စီးနေပြီး အသစ်ပြုပြင်ထားသည့် သရက်ကင်းလှေကားနှစ်ခုကိုလည်း မြင်တွေ့ကြရသည်။

ကျောင်းကြီး၏ စင်္ကြံပတ်လမ်းသည် မြောက်ဘက်တွင် ၁၀ ပေ ဝန်းကျင် ကျယ်ဝန်းလျက် အနောက်ဘက်စင်္ကြံသည် မြောက်ဘက်စင်္ကြံထက် ကျဉ်းမြောင်းသည်။ တောင်ဘက်စင်္ကြံလမ်းသည် ပြိုကျပျက်စီးခဲ့ပြီးဖြစ်ကာ စင်္ကြံသို့တက်သည့် လှေကားသည်လည်း ပျက်စီးနေပြီဖြစ်သည်။

မဟာမင်းထင်ကျောင်းတိုက် ဆောင်မကြီးအတွင်းပိုင်းကို မာရဘင်ကန့်၍ အခန်းနှစ်ခန်း ဖွဲ့စည်းထားကာ တံခါးပေါက်များနှင့် သစ်သားမှန်ကူကွက်များ တပ်ဆင်ထားသည်။ အရှေ့မာရဘင်ဆောင် သုံးဖက်၌ မောင်းတံတပ်ထားကာ ထောက်ဖြင့် ဖွင့်ပိတ်ရသည့် သစ်သားတံခါးများ တပ်ဆင်ထား၍ အနောက်မာရဘင်ဆောင် သုံးဖက်လုံး၌ သစ်သားပြတင်းများ ထည့်သွင်းထားသည်။ မဟာမင်းထင်ကျောင်း၏ အတွင်းပိုင်း ဖွဲ့စည်းထားပုံသည် မန္တလေးတောင်ခြေရှိ ရွှေကျောင်းနှင့် တူညီနေပြီး တိုင်လုံးကြီးများသည် ရွှေကျောင်းမှတိုင်များထက် ကြီးမားသော်လည်း ရွှေကျောင်းကဲ့သို့ အနုလက်ရာများဖြင့် အနုစိတ်ပုံဖော်ထားခြင်း မရှိချေ။

ကျောင်း၏ ဘုရားခန်းဟုဆိုရမည့် အရှေ့မာရဘင်ဆောင်သည် အင်းဝ ဗားကရာကျောင်းတိုက် ဖွဲ့စည်းပုံနှင့် ဆင်တူသည်။ ဝရန်တာမှ ကျောင်းဆောင်အတွင်းသို့ဝင်ရန် စရွေးစွပ်တံခါးအရှင်ကို တပ်ဆင်ထားကာ တံခါးတွင် နတ်ရုပ်များ တပ်ဆင်ထားသည်။ အခန်းဖွဲ့စည်းတည်ဆောက်ရာတွင် ထည့်သွင်းပြုလုပ်ခဲ့သည့် လင်းနို့တောင်ပန်းဆွဲများကို ပကတိအတိုင်း မြင်တွေ့ကြရပေသည်။

အရှေ့မာရဘင်ဆောင်၌ သစ်သားပွတ်လုံးတိုင်များ သုံးဖက်ကာရံထားသော အကျယ် ၁၅ ပေ ပတ်လည်၊ အမြင့် သုံးပေနီးပါးရှိသည့် စင်တစ်ခုပေါ်၌ နောက်ခံတံကဲပါရှိသည့် ပလ္လင်ကြီးတစ်ခုကို ထားရှိသည်။ သစ်သားပွတ်လုံးတိုင်များကို ရုပ်လုံးရုပ်ကြွများ ထွင်းထုထားသော သစ်သားပေါင်များဖြင့် အနားကွပ်ထားသည်။ ယင်းပလ္လင်ကြီးသည် ဗုဒ္ဓဆင်းတုတော်ကြီးတစ်ဆူကို ပူဇော်ထားရှိနိုင်ရုံသာမက ရဟန်းသံဃာ တစ်ပါး ထိုင်၍ တရားဟောနိုင်သည့် အကျယ်အဝန်းရှိသည်။ ခန်းမအတွင်း၌ ရှေးဟောင်းစာတိုက်သေတ္တာ အပါအဝင် ရှေးဟောင်းပစ္စည်းအချို့နှင့် ခေတ်သုံး ပစ္စည်းအဟောင်းများကိုလည်း တွေ့ရှိရသည်။

လွန်ခဲ့သော နှစ် ၁၄၀ ကျော်က ရွှေ့ပြောင်းတည်ဆောက်ခဲ့သည့် မဟာမင်းထင်ကျောင်းကြီးသည် မြန်မာမှု အနုလက်ရာများဖြင့် ခမ်းနားစွာ တည်ရှိနေသော်လည်း အခြားသော သစ်သားကျောင်းကြီးများကဲ့သို့ လာရောက်ကြည့်ရှုသူများပြားခြင်းမရှိချေ။

### ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်

နှစ်ကာလကြာရှည်စွာ လူသူအသွားအလာ နည်းပါးသဖြင့် ပျက်စီးယိုယွင်းမှုများ ရှိလာခဲ့ရာ ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်အတွင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနက ယိမ်းယိုင်နေသည့် တိုင်များကို တည့်မတ်ပေးခြင်း၊ တိုင်များအောက်ခြေကို ကွန်ကရစ်လောင်းခြင်း၊ ကျောင်းကြီးအောက်ရှိ ရေဝပ်သောနေရာများတွင် မြေဖို့ခြင်း စသည့် ပြုပြင်မွမ်းမံမှုများကို ဆောင်ရွက်ခဲ့သည်။ မဟာမင်းထင်ကျောင်းတိုက်ကြီး၏ ပတ်လည်သုံးဖက်ကို ကျုံးပုံစံ အုတ်ရေမြောင်းဖြင့် ပတ်ရံထားကာ မြောင်းအတွင်း၌ ရေများ အပြည့်ရှိနေသည်။

လက်ရှိ မဟာမင်းထင်ကျောင်းတိုက်ကို ကျောင်းထိုင်ဆရာတော်က ထိန်းသိမ်းစောင့်ရှောက်ထားသော်လည်း ကျောင်းတိုက်အတွင်းပိုင်းသည် အလင်းရောင်ဝင်ရောက်မှု အားနည်းသလို သန့်ရှင်းမှုလည်း နည်းပါးလျက်ရှိနေသည်။ ကျောင်းတိုက်ကြမ်းပြင်ပေါ်၌ ငှက်မွေးများ၊ ပင့်ကူမျှင်များ၊ ခိုချေးများ ကျရောက်နေသဖြင့် ဝင်ရောက်ကြည့်ရှုသူများ အတွက်လည်း အခက်အခဲဖြစ်နိုင်သည်။

၁၈၇၈ ခုနှစ်က မန္တလေးမြို့၌ သီပေါဘုရင် ပြောင်းရွှေ့တည်ဆောက်ခဲ့သည့် ရွှေကျောင်းနှင့် ရှေ့ဆင့်နောက်ဆင့် ရွှေ့ပြောင်းဆောက်လုပ်ခဲ့သည့် မဟာမင်းထင် သစ်သားကျောင်းကြီးကို ထိန်းသိမ်းမွမ်းမံမှုများ ပြုလုပ်၍ ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက်လေ့လာနိုင်သည့် မြန်မာမှုလက်ရာ ဘုန်းတော်ကြီးကျောင်းကြီးတစ်ခု ဖြစ်လာစေရန် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ယူဆမိပေသည်။ ။

**ကိုးကား**

(၁) ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် (နတ်မောက် ထွန်းရှိန်)

(၂) မြန်မာမှု အဆင်တန်ဆာများနှင့်ဘုန်းတော်ကြီးကျောင်းများ(မောင်ယဉ်လှိုင်၊ ပျဉ်းမမြိုင်)

(၃) မြန်မာ့ယဉ်ကျေးမှု မြန်မာ့ရှေးဟောင်း ဘုန်းတော်ကြီးကျောင်းကြီးများ(နတ်မောက်ထွန်းရှိန်)

## မြစ်မ်းရောင်စီမံကိန်း အတိုးရငွေဖြင့် ကျေးရွာလမ်းခင်းမှုများ ပြီးစီး

**ပေါင်းတည် ဇွန် ၂၄**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစ်မ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျောင်းတော်ရာကျေးရွာအုပ်စု ကျီးမနိုးကျေးရွာအတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းထံမှ သိရသည်။

ကျေးရွာတွင်းလမ်းမကြီး အရှည်ပေ ၂၅၀၀ ၌ အကျယ် ၁၀ ပေ၊ ထု ခုနစ်လက်မနှင့် ဘုန်းကြီးကျောင်းလမ်း အရှည်ပေ ၁၃၄၀ ၌ အကျယ် ရှစ် ပေ၊ ထု ခြောက်လက်မ မြေနီ ကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို မြစ်မ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ကျပ် ၅၄ သိန်းနှင့် ပြည်သူများ၏ လုပ်အားများဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နည်းပညာပံ့ပိုးပြီး ဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမျိုးသိန်း၊ ပြည်ခရိုင်ဦးစီးမှူး ဦးသိန်းထိုက်ဦးနှင့် တာဝန်ရှိသူများက ဇွန် ၂၄ ရက်က လာရောက်စစ်ဆေးကြည့်ရှုခဲ့သည်။ **ငြိမ်းသူ(စလင်း)**

## စစ်ကိုင်းတိုင်းဒေသကြီးမှ မိုးစပါး ဧက ၆၁၀ ၌ ငါးသားပေါက် သုံးသိန်းကျော် မျိုးစိုက်ထည့်ပေးမည်

**မုံရွာ ဇွန် ၂၄**
ယခု မိုးရာသီကာလတွင် မိုးစပါးစိုက်ပျိုးမည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ရှစ်ခုမှ မိုးစပါး ဧက ၆၁၀ အတွင်း ငါးသားပေါက်ကောင်ရေ ၃ ဒသမ ၀၅ သိန်းကို မျိုးစိုက်ထည့်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

"စပါးနဲ့ငါး တွဲဖက်မွေးမြူတဲ့ စနစ်အရ မြို့နယ် ရှစ်မြို့နယ်မှာ အခုနှစ် မိုးစပါးစိုက်ရာသီအတွင်း ငါးမျိုးစိုက်ထည့်ပေးဖို့ စီစဉ်နေတယ်၊ စိုက်ထည့်ပေးမယ့် ငါးသားပေါက်တွေကို တိုင်းဒေသကြီးအတွင်းက ရေဦး၊ ရွှေဘိုနဲ့ အင်းကြင်းကုန်း ငါးသားဖေါက်စခန်းတွေကနေ ထုတ်လုပ်ပြီး စိုက်ထည့်ပေးသွားမှာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းထွန်းဝင်းက ပြောကြားသည်။

မြို့နယ်အလိုက် ငါးမျိုးစိုက်ထည့်ပေးရန် လျာထားမှုမှာ ကောလင်းမြို့နယ်ရှိ မိုးစပါး ၆၅ ဧကအတွင်းသို့ ငါးသားပေါက်ကောင်ရေ ၃၂၅၀၀ သိန်း၊ ထီးချိုင့်မြို့နယ်ရှိ မိုးစပါး ဧက ၆၀ အတွင်းသို့ ငါးသားပေါက်ကောင်ရေ ၃၀၀၀၀၊ ရေဦးမြို့နယ်ရှိ မိုးစပါး ဧက ၁၂၀ အတွင်းသို့ ငါးသားပေါက် ကောင်ရေ ၆၀၀၀၀၊ တန့်ဆည်မြို့နယ်ရှိ မိုးစပါး ၁၀ ဧကအတွင်းသို့ ငါးသားပေါက်ကောင်ရေ ၅၀၀၀၊ ဒီပဲယင်းမြို့နယ်ရှိ မိုးစပါး ဧက ၅၀ အတွင်းသို့ ငါးသားပေါက်ကောင်ရေ ၂၅၀၀၀၊ ဝက်လက်မြို့နယ်ရှိ မိုးစပါး ဧက ၆၀ အတွင်းသို့ ငါးသားပေါက်ကောင်ရေ ၃၀၀၀၀၊ ခင်ဦးမြို့နယ်ရှိ မိုးစပါး ၆၅ ဧကအတွင်းသို့ ငါးသားပေါက်ကောင်ရေ ၃၂၅၀၀ နှင့် ရွှေဘိုမြို့နယ်ရှိ မိုးစပါး ဧက ၁၈၀ အတွင်းသို့ ငါးသားပေါက်ကောင်ရေ ၉၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## မြန်မာအမျိုးသမီးများနေ့ အကြိုအထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**ယင်းမာပင် ဇွန် ၂၄**
ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုစာစီစာကုံးပြိုင်ပွဲကို ဇွန် ၂၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာဗွဲ့မာန်ခန်းမ၌ ကျင်းပခဲ့သည်။

စာစီစာကုံးပြိုင်ပွဲကို မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည် မြင့်မားရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် မြန်မာအမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု တိုးတက်လာရေး ရည်ရွယ်ချက်များဖြင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် အေးချမ်းသာယာပြည်မြန်မာ အမျိုးသမီးများနဲ့ လက်တွဲပါ ခေါင်းစဉ်ဖြင့် အလယ်တန်းနှင့် အထက်တန်းအဆင့် ပြိုင်ပွဲနှစ်ခု ကျင်းပခဲ့ရာ မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူ ၇၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

ကျောင်းသားကျောင်းသူများ၏ စာစီစာကုံး ယှဉ်ပြိုင်မှုကို မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးပြီး ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား မြန်မာအမျိုးသမီးများနေ့တွင် ဆုများချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**

## မိုးနဲမြို့၌ မြို့မြေယာစာရင်း ရေးသွင်းခြင်းဆိုင်ရာများ ရှင်းလင်းဆွေးနွေး

**မိုးနဲ ဇွန် ၂၄**
၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မြို့မြေတိုင်းတာရေးစီမံချက်အရ မိုးနဲမြို့နယ် ပေါ့မိုင်းရပ်ကွက် အကွက်အမှတ် (၁၃)၌ မြေယာပိုင်ဆိုင်မှုစာရင်းကောက်ယူ၍ မြေငှားဂရန်ထုတ်ပေးနိုင်ရေး ဒေသခံပြည်သူများအား ရှင်းလင်း ဆွေးနွေးပွဲကို ဇွန် ၂၄ ရက်က ပေါ့မိုင်းရပ်ကွက် ချမ်းသာကြီးဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။



ရပ်ကွက်နေပြည်သူများအား မြို့မြေယာစာရင်း ရေးသွင်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းစဉ်။

ဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွဋ်က အမှာစကားပြောကြားကာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးသန်းညွန့်ဦးက မြို့မြေယာစာရင်းများ ရေးသွင်းခြင်းဆိုင်ရာ အချက်အလက်များနှင့် မြေငှားဂရန် ထုတ်ပေးနိုင်ရေး စာရင်းကောက်ယူမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒေသခံပြည်သူများက မရှင်းလင်းသည်များ မေးမြန်းကာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ မိုးနဲမြို့ ပေါ့မိုင်း ရပ်ကွက်၌ အဆိုပါ မြို့မြေယာစာရင်းများ ရေးသွင်းပြီးပါက မြေငှားဂရန်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

## ဆွမ်ပရာဘွမ်မြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိပညာပေးဟောပြော

**ဆွမ်ပရာဘွမ် ဇွန် ၂၄**
ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ခင်ဒူယန်ကျေးရွာမှ ဒေသခံပြည်သူများအား စိုက်ပျိုးရေး မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများအကြောင်း အသိပညာပေး ဟောပြောဆွေးနွေးပွဲကို အဆိုပါကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၂၄ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းလှိုင်က စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ ဓာတ်မြေသြဇာများ၊ ဓာတုပိုးသတ်ဆေး သုံးစွဲနည်းများ၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး နည်းပညာများကို ဟောပြောဆွေးနွေးပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းမြင့်အောင်က ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်၊ တိရစ္ဆာန်ရောဂါ ကာကွယ်ကုသရေးနည်းလမ်းများနှင့် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများအကြောင်း ဟောပြော ဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန့်ဇင်ဦးက ဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ဟောပြောပွဲတက်ရောက်သည့် ဒေသခံတောင်သူများထံသို့ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များနှင့် နံရံကပ်ပိုစတာများ ဖြန့်ဝေပေးခဲ့သည်။ **ကျော်ဦး**



စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများအကြောင်း လက်ကမ်းစာစောင်ဖြန့်ဝေစဉ်။

## ဆောမြို့နယ် နှော်ကျေးရွာ ကွန်ကရစ်တံတားတည်ဆောက်မှု ၉၀ ရာခိုင်နှုန်းပြီးစီး

**ဆော ဇွန် ၂၄**
မကွေးတိုင်းဒေသကြီး ဆောမြို့နယ် နှော်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းဖြင့် ကွန်ကရစ် တံတားတည်ဆောက်ခြင်းလုပ်ငန်းကို မတ်လပိုင်းက စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

နှော်ကျေးရွာသည် ယခင်က ကျေးရွာအတွင်း ချောင်းကူးတံတား ရှိသော်လည်း တံတားမှာ ဟောင်းနွမ်းပျက်စီးနေ၍ ဖြတ်သန်းသွားလာရာတွင် အန္တရာယ်ရှိသောကြောင့် ယခုလိုတံတားအသစ် တည်ဆောက်ရခြင်းဖြစ်ကြောင်း၊ နှော်ကျေးရွာ ကွန်ကရစ်တံတားအရှည် ပေ ၄၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၄ ပေကို လူထုဗဟိုပြုစီမံကိန်း ထောက်ပံ့ရန်ပုံငွေ ကျပ် ၂၇၆ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ သိန်းဖြင့်တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးကာ ဇွန်လအကုန် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်း တာဝန်ခံ ဒေါ်သီရိဇင်မင်းက ပြောသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှုများကို မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်၊ ဂန့်ဂေါခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဝင်းအောင်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒေါ်မြစန်းလင်းနှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကွန်ကရစ်တံတား တည်ဆောက်နေမှု လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆောမြို့နယ်အတွင်းရှိ ကျေးရွာအားလုံး၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းဖြင့် လမ်းလုပ်ငန်း ၂၄ ခု၊ တံတားလုပ်ငန်း ငါးခု၊ မီးလင်းရေးလုပ်ငန်း ၃၃ ခု၊ ရေပေးရေးလုပ်ငန်းခြောက်ခု၊ စာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း လုပ်ငန်း ၁၉ ခု၊ စာသင်ကျောင်း ခြံစည်းရိုးကာရံခြင်း လုပ်ငန်းတစ်ခု၊ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း ငါးခု၊ ဘက်စုံသုံး ခန်းမတည်ဆောက်ခြင်းလုပ်ငန်း ၁၈ ခုတို့ကို စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ် ၁၆၇၅ သန်း၊ ပြည်သူထည့်ဝင်ငွေများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**သန်းလွင်(မကွေး)**



ဆောမြို့နယ် နှော်ကျေးရွာရှိ ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

## ငါန်းဇွန်မြို့နယ်မှ ကျေးရွာအလကကျောင်းသို့ ဆယ်စုသစ် ကျောင်းဆောင်သစ် လှူဒါန်း

**ငါန်းဇွန် ဇွန် ၂၄**
မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ရေဇင်းကျေးရွာအုပ်စု ရေဇင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ မကွေးမြို့နေ ဦးကျော်မိုးလွင်မိသားစု(ဆယ်စုသစ် စက်သုံးဆီရောင်းဝယ်ရေး)က ဆောက်လုပ်လှူဒါန်းသော ဆယ်စုသစ် ကျောင်းဆောင်သစ် ဖွင့်ပွဲကို ဇွန် ၂၃ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ် လှူဒါန်းပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇော်ဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်နွဲ့နွဲ့သိန်းနှင့် အလှူရှင် ဦးကျော်မိုးလွင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီးနောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အလှူရှင်က ကျောင်းဆောင်သစ်လှူဒါန်းသည့် ရည်ရွယ်ချက်များကို ရှင်းလင်းကာ ကျောင်းဆောင်သစ်ကို ပညာရေးဌာန တာဝန်ရှိသူများထံ လွှဲပြောင်းလှူဒါန်းခဲ့သည်။ ဆက်လက်၍ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော ရေဇင်းကျေးရွာမှ ကျောင်းသားကျောင်းသူများအား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ပြီး ယခု ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် ဘောပင်များကို ကျောင်းဆောင်အလှူရှင်က လှူဒါန်းခဲ့သည်။ အဆိုပါ ဆယ်စုသစ် ကျောင်းဆောင်သစ် သည် အလျား ပေ ၉၀၊ အနံ ပေ ၃၀၊ အမြင့် ၁၃ ပေရှိပြီး ကုန်ကျငွေ ကျပ်သိန်း ၃၂၀ ခန့်ဖြင့် အလှူရှင်မိသားစုက ဆောက်လုပ်လှူဒါန်းခဲ့သည်။ **သက်နောင်ဦး(ငါန်းဇွန်)**

## ရှားတောမြို့နယ်၌ ရွေးကောက်ပွဲ စာရင်းကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**ရှားတော ဇွန် ၂၄**
ကယားပြည်နယ် ရှားတောမြို့နယ် စုပေါင်းရုံးခန်းမ၌ လာမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စာရင်းကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းကို ဇွန် ၂၃ ရက်က ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထိုက်က အမှာစကားပြောကြားပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စာရင်းကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်း အစီအစဉ်ကို ဆက်လက်ပို့ချသည်။ ယင်းသင်တန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံး ဦးစီးမှူး ဦးစန်းဝင်းနှင့် မြို့နယ် လဝကဦးစီးမှူး ဦးကျော်ဝင်းတို့က ပို့ချသွားမည်ဖြစ်ပြီး သက်ဆိုင်ရာကျေးရွာများမှ ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းဆရာမများ၊ ရပ်/ကျေး စာရေးများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌများ တက်ရောက်ကြကြောင်း သိရသည်။

**ထွန်းအောင်(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးကင်းစင် မြန်မာပြည်တစ်ခွင်

ဦးဇော်ဇော် (တရားလွှတ်တော်ရှေ့နေ)

**မြန်မာနိုင်ငံတွင် ဘိန်းဖြူ၊ ဘိန်းစိမ်း (သို့) ပြုပြင်ထားသောဘိန်း၊ ဆေးခြောက် (သို့) ဆေးခြောက် အဆီ၊ ကိုကားရွက်၊ မော်ဖင်း၊ ကိုကင်း၊ စိတ်ကြွရူးသွပ်ဆေးပြား၊ မက်အက်ဖီတမင်း ဟိုဒရိုကလိုရိုက် (အိုက်စ်)၊ အက်ဖီဒရင်း၊ ဆူဒိုအက်ဖီဒရင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက မူးယစ်ဆေးဝါး (သို့) စိတ်ကို ပြောင်းလဲစေသောဆေးဝါးအတွက် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော ဆေးဝါးများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဟု သတ်မှတ်ထားပါသည်။**

> **နည်းပညာဆန်းသစ်လာမှုနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးလာသော လူ့ကမ္ဘာအား မူးယစ်ဆေးဝါးအန္တရာယ်က ခြိမ်းခြောက်လာလျက်ရှိပေသည်။ မူးယစ်ဆေးဝါးအန္တရာယ်သည် မမြင်နိုင်သည့် လက်နက်ကိရိယာတစ်ခုအဖြစ် မြင်နိုင်သည့် လက်နက်ကိရိယာများကို တိတ်တဆိတ် ကျော်လွန် လွှမ်းမိုးနိုင်စွမ်းရှိပေသည်။ မူးယစ်ဆေးဝါးသည် သေမင်း၏ အားအထားရဆုံး တမန်တော်ဟုလည်း ဆိုနိုင်ပါသည်။**

ဘိန်းဖြူ၊ မော်ဖင်း၊ ဘိန်းဖြူနှင့်မော်ဖင်း နှစ်မျိုးပေါင်း၊ ကိုကင်း၊ စိတ်ကြွရူးသွပ်ဆေးပြား၊ မက်အက်ဖီတမင်း၊ ဟိုဒရိုကလိုရိုက်၊ အက်ဖီဒရင်း (သို့) ဆူဒိုအက်ဖီဒရင်း တစ်မျိုးမျိုးကို (သို့) တစ်မျိုးမကကို ၃ ဂရမ်အထိနှင့်အထက် လက်ဝယ်ထားရှိပါက ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိသည့်အလေးချိန်ဟုလည်းကောင်း၊ ဘိန်းစိမ်း၊ ပြုပြင်ထားသောဘိန်း၊ ဆေးခြောက်အဆီ၊ ကိုကားရွက်တစ်မျိုးမျိုး (သို့) တစ်မျိုးမကကို ၁၀၀ ဂရမ်အထိနှင့် အထက် လက်ဝယ်ထားရှိပါက ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိသည့် အလေးချိန်ဟုလည်းကောင်း၊ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ- ၁၉(က)တွင် သတ်မှတ်ထားပြီး ထိုပုဒ်မအတွက် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၁၀ နှစ်မှအများဆုံး နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ချမှတ်ရမည်ဖြစ်ကြောင်းနှင့် ၃ ဂရမ်အောက်နှင့် ၁၀၀ ဂရမ်အောက် လက်ဝယ်ထားရှိပါက သုံးစွဲရန်အလို့ငှာ လက်ဝယ်ထားရှိသည်ဟု ယင်းဥပဒေပုဒ်မ-၁၆(ဂ) တွင် သတ်မှတ်ထားပြီး ၁၆(ဂ) အတွက် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ငါးနှစ်မှ အများဆုံး ၁၀ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။ စိတ်ကြွရူးသွပ်ဆေးပါးတစ်ပြားလျှင် ပျမ်းမျှအလေးချိန် ၀ ဒသမ ၁ ဂရမ်ခန့်ရှိတတ်ပြီး ကော်ဖီမစ် (သို့) တီးမစ် အထုပ်သေးတစ်ထုပ်၏ ပျှမ်းမျှအလေးချိန်မှာ ၃၀ ဂရမ်ခန့်အထိ ရှိတတ်ကြောင်း၊ အလေးချိန်ကို နှိုင်းယှဉ်တွက်ဆနိုင်အောင် တင်ပြလိုပါသည်။

### နည်းပညာဖွံ့ဖြိုးလာသည်နှင့်အမျှ အလွယ်တကူရလာ

နည်းပညာတိုးတက်လာသည့် ယနေ့ခေတ်အခါသမယတွင် မူလကုန်ကြမ်းဖြစ်သည့် မူးယစ်ဆေးဝါးအမျိုးမျိုးတို့ကို ပြုပြင်ပြောင်းလဲ၍ အသင့်သုံးစွဲနိုင်သည့်အခြေအနေ (ပုံစံ)သို့ ပြင်ဆင်ထုတ်လုပ်လာနိုင်နေပြီ ဖြစ်ပါသည်။ ပြင်ဆင်ထုတ်လုပ်ရာတွင် လိုအပ်သော ဓာတုပစ္စည်းအမျိုးမျိုးတို့နှင့် စက်ကိရိယာတန်ဆာပလာတို့သည်လည်း ယခင်ကာလကလောက် မရှားပါးတော့ပေ။ ထို့ကြောင့် ပြင်ဆင်ထုတ်လုပ်ထားသည့် အသင့်သုံးကုန်ချော မူးယစ်ဆေးဝါးများသည်လည်း ပမာဏပေါများစွာဖြင့် စိမ့်ဝင်ပျံ့နှံ့လာလျက်ရှိနေပေသည်။

အသင့်သုံးကုန်ချော မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှု၏ အဓိက အခြေခံအရင်းအမြစ်သည် ထုတ်လုပ်မှုများကြောင့်ဟု ဆိုရပေမည်။ ထုတ်လုပ်မှုနှင့်တစ်ဆက်တည်း သယ်ဆောင်ဖြန့်ဖြူးခြင်းများကိုအမိအရ အဓိကဖမ်းဆီးဖော်ထုတ်နိုင်ပါက မြန်မာနိုင်ငံအတွင်းသို့ မူးယစ်ဆေးဝါး စိမ့်ဝင်ပျံ့နှံ့မှုများ တဖြည်းဖြည်း လျော့နည်းလာလိမ့်မည်ဖြစ်သည်။ လက်ရှိ ပကတိကာလအရ အလုံးအရင်းဖြင့် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများကို အများအားဖြင့် မြန်မာနိုင်ငံနှင့်နယ်နိမိတ်ချင်းထိစပ်နေသော နယ်စပ်ဒေသဧရိယာများ၌လည်းကောင်း၊ နယ်စပ်ဧရိယာများမှ မြန်မာနိုင်ငံအတွင်းထဲသို့ သယ်ဆောင်လာရင်းဖြင့်လည်းကောင်း ဖမ်းဆီးရမိကြောင်း တွေ့ရလေ့ရှိပါသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံဧရိယာ(မြို့ပြဧရိယာ) အပါအဝင်၌ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများမှာ အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်းကြောင့်ဟု ယူဆရမည်ဖြစ်ပါသည်။

နိုင်ငံရပ်ခြားသို့ လူကုန်ကူးခံရသူများ၊ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်သူများ၊ တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများတို့သည် သက်ဆိုင်ရာနိုင်ငံ၏ လူကုန်ကူးသူများ၊ အလုပ်ရှင်များ၊ ရွှေ့ပြောင်းနေထိုင်ကြသည့်နေရာဒေသရှိ မသမာသူ၊ တရားမဝင်ကြီးကြပ်အုပ်ချုပ်သူတို့၏ အနိုင်ကျင့်လွှမ်းမိုးစေခိုင်းခြင်းများကြောင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖြန့်ဖြူးစေခြင်း၊ ထုတ်လုပ်စေခြင်း၊ သုံးစွဲစေခြင်းများ ရှိလာကြလေသည်။ ထို့ကြောင့် လူကုန်ကူးမခံရအောင် တရားမဝင်သွားရောက်ခြင်း၊ တရားမဝင်ရွှေ့ပြောင်းနေထိုင်ခြင်းများ မရှိရအောင် ကာယကံရှင်များကိုယ်တိုင်နှင့် အစိုးရအဖွဲ့အစည်းအသီးသီးတို့ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ အထက်ပါအကြောင်းများနှင့် မူးယစ်ဆေးဝါးကိစ္စများမှာ အပြန်အလှန်အားဖြင့် ချိတ်ဆက်ဖြစ်ပေါ်မှုများ ရှိကြသည်။

ပျမ်းမျှအသက် ၁၅ မှ ၂၅ နှစ်အတွင်းရှိသူလူငယ်များသည် စူးစမ်းတတ်ခြင်း၊ ခေါင်းမာခြင်း၊ စိတ်အလိုလိုက်ခြင်း၊ အပေါင်းအသင်းအပေါ် ခင်မင်တွယ်တာမက်မောခြင်းတို့ကြောင့် လမ်းမှားရောက်နိုင်ကြပေသည်။ လမ်းမှားဟုဆိုရာ၌ မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်ပတ်သက်သည့် လမ်းမှား မရောက်မိစေရန် မိသားစုအသိုင်းအဝိုင်း၊ ပတ်ဝန်းကျင်တို့မှ အမြဲတစေ စောင့်ကြပ်ကြည့်ရှုနိုင်ခြင်း မရှိလျှင်ပင် ဂရုတစိုက်စောင့်ကြပ်၍ ထိန်းသိမ်းပေးကြရပါမည်။

### ကျောင်းသားလူငယ်များအား အသိပညာပေးဖို့လိုအပ်

မြန်မာနိုင်ငံတွင် ကျောင်းသားလူငယ်အင်အားမှာ လက်ရှိ ၉ ဒသမ ၇ သန်းခန့်ရှိသဖြင့် လူငယ်အများစုသည် ကျောင်းသားများဖြစ်ကြပေရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ကျောင်းသားများအချင်းချင်း၊ ကျောင်းသားနှင့် မိဘ၊ ကျောင်းသားနှင့်ဆရာ ဆရာမစသည်ဖြင့် အပြန်အလှန် ဂရုပြုထိန်းကျောင်းပြီး စုပေါင်းကာကွယ်ကြရမည်ဖြစ်သည်။ နိုင်ငံတော်၏ ခေါင်းဆောင်ကောင်းများဖြစ်လာမည့် ကျောင်းသားလူငယ်များ၏ ကာယဉာဏစွမ်းအားများ မူးယစ်ဆေးဝါး သုံးစွဲခြင်းဖြင့် ပျက်စီးဆုံးရှုံးလာပါက နိုင်ငံအတွက် သာမက ကမ္ဘာအတွက်ပါ နစ်နာစေပါမည်။ ထို့ကြောင့် ကျောင်းသားလူငယ်များ၏ အနေအထိုင်၊ အသွားအလာ၊ အပြုအမူထူးခြားမှုများ ရှိလာမှုတွင် ၎င်းတို့အနေဖြင့် မူးယစ်ဆေးဝါးနှင့် ပတ်သက်မှု ရှိ/မရှိကို မိဘ ဆရာများက ပူးပေါင်း၍ နှစ်သိမ့်ဆွေးနွေးမေးမြန်းကာ ၎င်းတို့၏ လိုအပ်ချက်၊ စိတ်ခံစားချက်တို့ကို မေးမြန်းဆွေးနွေး၍ မူးယစ်ဆေးဝါးနှင့် ပတ်သက် ဆက်နွှယ်မှုမရှိစေရအောင် အကူအညီများ ပေးကြရမည်ဖြစ်ပါသည်။ လိုအပ်ပါက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းတိုင်ပင်၍ အကူအညီများ ပေးကြရမည် ဖြစ်ပါသည်။ ၎င်းတို့၏ စိတ်ခံစားချက်၊ လိုအပ်ချက်တို့ကို မေးမြန်းဆွေးနွေးသည် ဆိုရာ၌ ကြောက်ရွံ့ထိတ်လန့်အောင်၊ အမှန်ကို မပြောရဲအောင် စသည့်နည်းလမ်းများမသုံးဘဲ ပွင့်လင်းမြင်သာစွာဖြင့် နှစ်သိမ့်ဆွေးနွေးခြင်းများ ဦးစွာပြုလုပ်ရန် လိုအပ်မည်ဖြစ်ပါသည်။ သို့ရာတွင် ကာယကံရှင်မိဘ၊ ဆရာများအနေဖြင့် မိမိကိုယ်၌က မူးယစ်ဆေးဝါးကင်းရှင်းဖို့ လိုအပ်ပေလိမ့်မည်။ ကျောင်းပရိဝုဏ်အတွင်းရှိ မမြင်ကွယ်ရာ (သို့) စိတ်ကွယ်ရာနေရာများကို ကျောင်းတာဝန်ရှိသူများက မပြတ်စောင့်ကြည့်ခြင်း၊ ထိုနေရာများ၌ မူးယစ်ဆေးဝါးသုံးစွဲရာတွင် ဆက်စပ်အသုံးပြုရသောပစ္စည်းများ ရှိ/မရှိ ရှာဖွေကြည့်ရှုခြင်း၊ ကျောင်းဝင်းနှင့် ကျောင်းအနီးပတ်ဝန်းကျင်ရှိ ဈေးဆိုင်၊ စားသောက်ဆိုင်များတွင် မူးယစ်ဆေးဝါး ရောင်းဝယ်မှု ပြုလုပ်နေခြင်း ရှိ/မရှိ၊ ကျောင်းသားလူငယ်များကို မူးယစ်ဆေးဝါးများ၊ ဘီယာ၊ အရက်၊ ဆေးလိပ်ရောင်းချပေးခြင်း၊ ဝယ်ယူသုံးစွဲခြင်းများ ရှိ/မရှိ စောင့်ကြပ်ကြည့်ရှု လေ့လာအကဲဖြတ်ခြင်းများ ပြုလုပ်ပေးကြရမည်လည်း ဖြစ်ပါသည်။ တချို့သော မူးယစ်ဆေးဝါးရောင်းဝယ်ဖြန့်ဖြူးသူများက ကျောင်းသား လူငယ်များကို ကျောင်းချိန်အတွင်း အလွယ်တကူ ရှာဖွေဖမ်းဆီးမှုပြုမှာမဟုတ်ဘူး၊ ပြစ်ရမည်မဟုတ်ဘူးဟု အထင်ထားကာ ရောင်းချခိုင်းမှုများလည်း ရှိနိုင်ပေသည်။ မူးယစ်ဆေးဝါးကို စွဲလမ်းစွာသုံးစွဲမိနေသော ကျောင်းသားလူငယ်များရှိပါက ၎င်းတို့အား ဆေးဖြတ်ကုသပေးခြင်းတို့ရှိကြောင်း ပြောပြအသိပေးပြီး သက်ဆိုင်ရာဆေးကုသရေး ဂေဟာများသို့ ပို့ဆောင်ပေးကြရမည်လည်း ဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲသူကို ထောင်ဒဏ်ချမှတ်ခြင်းမပြုတော့ကြောင်း၊ ဥပဒေပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း ပြောပြအသိပေးရမည် ဖြစ်ပါသည်။

မူးယစ်ဆေးဝါး တစ်မျိုးဖြစ်သော အင်မ်ဖီတမင်းကို တလွဲသုံးလျှင် နိုးကြားခြင်းများ ဖြစ်ပေါ်စေခြင်း၊ ညအိပ်မပျော်ခြင်း၊ ကိုယ်အလေးချိန်ကျဆင်းခြင်း၊ အဆက်မပြတ်စကားပြောခြင်း၊ စံလွဲအပြုအမူများ၊ အတွေးအခေါ်ရှုပ်ထွေးခြင်း၊ အမူအရာရှုပ်ထွေးခြင်း၊ ယုံမှားလွန်ခြင်း စသည့်ဖြစ်စဉ်များ ဖြစ်ပေါ်စေပါသည်။

နိုးကြားခြင်းကို အသုံးပြု၍အလုပ် (ကိုယ်ကာယ) များများ အဆမတန်လုပ်စေကာ ကိုယ်ခန္ဓာအလေးချိန် ကျဆင်းလာမည်ဖြစ်ပါသည်။ တချို့သောအလုပ်ရှင်များက စိတ်ကြွဆေးများကို အလုပ်သမားများအား သုံးစွဲစေလျက် (သို့) စွဲလမ်းစေလျက် ၎င်းတို့၏ အလုပ်များကို ကိုယ်ခန္ဓာအင်အားနှင့် မမျှအောင်အလုပ်လုပ်စေခြင်းများ ပြုကြလေသည်။ နိုးကြားစိတ်ဖြင့်အလုပ်လုပ်ရင်း ခန္ဓာကိုယ်အင်အားနှင့် မမျှမတဖြစ်ကာ ကိုယ်ရောစိတ်ပါ ပျက်ယွင်းခြင်းသို့ ရောက်ရှိလာစေပါသည်။ ထို့ကြောင့် အလုပ်သမားလူငယ်များအနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကို ဂရုပြုရှောင်ကြဉ်ကာ မူးယစ်ဆေးဝါးကင်းစင်သော မိမိတို့၏ ကာယ၊ ဉာဏစွမ်းပကားကို နိုင်ငံတော်၏ စက်မှုလက်မှုလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးချ၍ မိမိအတွက်ရော နိုင်ငံတော်အတွက်ပါ အကျိုးပြုကြရမည် ဖြစ်ပါသည်။

### လူတိုင်းကိုယ်စီတာဝန်ရှိ

မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများတွင် ပမာဏအနည်းမျှသာ ဖမ်းဆီးရမိမှုများ ပိုမိုများပြားကြောင်း၊ အလုံးအရင်းဖြင့် ဖမ်းဆီးရမိမှုများနည်းကြောင်း၊ ပိုင်ရှင်မဲ့ဖမ်းဆီးရမိမှုများ များကြောင်း စသည်ဖြင့် ဝေဖန်သုံးသပ်မှုများ ရှိကြသည်။ ဤသို့ဆိုလျှင် အလုံးအရင်းဖြင့် ပိုင်ရှင်ဖြင့် ဖမ်းဆီးရမိစေလိုပါက မည်သူမဆို ကိုယ်တိုင်ပါဝင်လျက် ရဲတပ်ဖွဲ့နှင့် ပူးပေါင်းကာ ရှာဖွေဖော်ထုတ်၍ ကူညီဖမ်းဆီးပေးကြစေလိုပါသည်။ မူးယစ်ဆေးဝါးပြဿနာသည် ရဲတပ်ဖွဲ့၌သာ တာဝန်ရှိသည်မဟုတ်ဘဲ လူတိုင်းကိုယ်စီတာဝန်ရှိနေကြပေသည်။

မူးယစ်ဆေးဝါးသုံးစွဲနေသည့် (စွဲလမ်းနေသည့်) လူတစ်ဦးသည် ဆေးသုံးစွဲမှုဖြတ်ရန် သက်ဆိုင်ရာ ဆေးဖြတ်ပေးသည့်ဌာန (သို့) ပုဂ္ဂိုလ်များနှင့် ဆက်သွယ်တိုင်ပင်ခြင်းမရှိဘဲ မဖြတ်ဘဲထားရင်း ၎င်းယင်းထချိန် မူးယစ်ဆေးဝါးအလွယ်တကူမရခြင်း၊ မရှိခြင်းတို့ကြောင့် ယင်းမထမီ (ထချိန်မတိုင်မီ) ကြိုတင်ကာကွယ်သည့် အနေဖြင့် မူးယစ်ဆေးဝါးအစား အရက်ကို မူးအောင်ကြိုတင်သောက်သုံးကြခြင်းဖြင့် အရက်စွဲကာအရက်နာကျ၍ သေဆုံးသွားကြသည်ကိုလည်း လေ့လာတွေ့ရှိဖူးပါသည်။ ထို့ကြောင့် မိမိတို့ မိသားစု၊ ဆွေမျိုးအသိုင်းအဝိုင်း ပတ်ဝန်းကျင်တွင် မူးယစ်ဆေးစွဲနေသူများ တွေ့ရပါက သက်ဆိုင်ရာဆေးဖြတ်ဌာနများသို့ ရောက်ရှိအောင် ပို့ဆောင်ကူညီပေးကြစေလိုပါသည်။ အသက်ကယ်သည့် ဇီဝိတဒါန ပြုကြစေလိုပါသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်မည့်ဆိုးကျိုးများအား လူမှုရေးမီဒီယာများနှင့် အခြားသောသတင်းမီဒီယာများမှ တစ်ဆင့် ကျောင်းအတွင်း၊ ကျောင်းပြင်ပနှင့်လုပ်ငန်းခွင်နေရာများတွင်ပါ ကျယ်ကျယ်ပြန့်ပြန့်အသိပေးဆောင်ရွက်ရန် ကြီးကြပ်လမ်းညွှန်ခြင်းပြုရမည်ဟု (၁၄-၂-၂၀၁၈) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ-(၆)ပုဒ်မခွဲ(ဃ)၏ နောက်ဆက်သွယ်(ခ)တွင် ဖြည့်စွက်ပြဋ္ဌာန်းထားပါသည်။

လူမှုဘဝနယ်ပယ်တွင် လောကဓံ၏ ရိုက်ခတ်မှုများကြောင့် စိတ်ဆင်းရဲမှုများရှိလာပါက မူးယစ်ဆေးဝါးသုံးစွဲရန် မဟုတ်ဘဲ မိမိတို့ယုံကြည်ကိုးကွယ်ရာဘာသာတရား၏ အဆုံးအမများဖြင့် ဥပမာ - ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဝိပဿနာတရားအားထုတ်ရှုပွားခြင်း၊ သမထထိုင်ခြင်း၊ တရားထိုင်ခြင်းများ၊ ပုတီးစိပ်ခြင်းများဖြင့် စိတ်၏တည်ကြည်မှု၊ ကျိုးကြောင်းအမှန်ခွဲခြားတတ်လာမှု၊ ကိုယ်ခန္ဓာကျန်းမာလာမှု စသည့်ကောင်းကျိုးများ ရလာမည်ဖြစ်ကြောင်း တရားထိုင်ခြင်း၏ အကျိုးရလဒ်အဖြစ် လေ့လာဖတ်ရှုဖူးပါသည်။

မူးယစ်ဆေးဝါးရောင်းဝယ် ဖြန့်ဖြူးသုံးစွဲထုတ်လုပ်မှုများတွင် အသက် ၁၆ နှစ်မပြည့်သေးသော ကလေးသူငယ်ကို အသုံးချပါက အသုံးချသူအား ထိုသို့ပြုလုပ်မှုများပါ ပြစ်မှုအတွက် ကျူးလွန်သည့်ပြစ်မှု၏ အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်ဖြစ်ကြောင်း မူးယစ်ဆေးဝါးဥပဒေပုဒ်မ-၂၂(ဃ)တွင် ပြဋ္ဌာန်းထားပါသည်။

မူးယစ်ဆေးဝါး (သို့) စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ယင်းသို့တင်သွင်းခြင်း၊ တင်ပို့ခြင်းပြုလုပ်ရန်ဆက်သွယ်ခြင်းများ ပြုလုပ်ပါက ထိုသို့ပြုလုပ်ခြင်းကြောင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်အနည်းဆုံး ၁၅ နှစ်မှအများဆုံး နှစ်အကန့်အသတ်မရှိထောင်ဒဏ်အထိဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရမည်ဟု မူး/စိတ်ပြောင်းပုဒ်မ-၂၀(က၊ ခ)တို့တွင် ပြဋ္ဌာန်းထားပါသည်။

### တတ်စွမ်းသမျှပါဝင်ကြပါစို့

နည်းပညာဆန်းသစ်လာမှုနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးလာသော လူ့ကမ္ဘာအား မူးယစ်ဆေးဝါးအန္တရာယ်က ခြိမ်းခြောက်လာလျက်ရှိပေသည်။ မူးယစ်ဆေးဝါးအန္တရာယ်သည် မမြင်နိုင်သည့် လက်နက်ကိရိယာတစ်ခုအဖြစ် မြင်နိုင်သည့် လက်နက်ကိရိယာများကို တိတ်တဆိတ်ကျော်လွန် လွှမ်းမိုးနိုင်စွမ်းရှိပေသည်။ မူးယစ်ဆေးဝါးသည် သေမင်း၏ အားအထားရဆုံး တမန်တော်ဟုလည်း ဆိုနိုင်ပါသည်။

မြန်မာနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကိုပြင်ဆင်ဖွဲ့စည်းကာ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များ သတ်မှတ်လျက် မူဝါဒများ ချမှတ်ခြင်း၊ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် လုပ်ငန်းအဖွဲ့များနှင့် ဒေသဆိုင်ရာအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊ လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်း ဆောင်ရွက်လျက်ရှိပါသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံသားများအနေဖြင့် နိုင်ငံတော်က ဆောင်ရွက်နေသည့် မူးယစ်ဆေးဝါးတားဆီး ကာကွယ်ရေးလုပ်ငန်းများ အဆင်ပြေအောင်၊ အောင်မြင်လာအောင် တတ်စွမ်းသမျှပါဝင်ကာ မူးယစ်ဆေးဝါးကင်းစင်သောနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်ကြပါစို့ဟု ရေးသားလိုက်ရပါသည်။ ။

# ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးလုပ်ငန်းဘာသာရပ်သင်တန်းဖွင့်


ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ရုံးလုပ်ငန်းဘာသာရပ်သင်တန်းဖွင့်လှစ်စဉ်။

**ဟားခါး ဇွန် ၂၄**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးရည်ရွယ်လျက် ရုံးလုပ်ငန်း ဘာသာရပ်သင်တန်း (၁/၂၀၁၉) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်က ဟားခါးမြို့ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းက သင်တန်းသားသင်တန်းသူများ ရုံးလုပ်ငန်းစနစ်များ ပိုမိုကောင်းမွန်စေရန်နှင့် နယ်မြေဒေသအလိုက် လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ လေ့လာသိရှိရန်၊ ပြည်သူကိုဗဟိုပြု၍ အုပ်ချုပ်ရေးယန္တရားကောင်းမွန်စေရေး လုပ်ငန်းများဆောင်ရွက်တတ်စေရန်နှင့် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများ၊ ပြုပြင်ပြောင်းလဲမှုအခြေအနေများအား လေ့လာမှတ်သား၍ သင်တန်းတွင် သင်ကြားမည့် ရုံးလုပ်ငန်းဘာသာရပ်အလိုက်သင်ခန်းစာများကို မှတ်သားလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ ညွှန်ကြားရေးမှူး ဦးဆန်းထွန်းစိန်နှင့် ဦးနေထွန်းအောင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသူရနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး သင်တန်းသို့ ပြည်နယ်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၃၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန် ၂၄ ရက်မှ ဇူလိုင် ၅ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စပ်မျိုးဝက်မွေးခြင်းလုပ်ငန်း ကျေးရွာသုံးရွာတွင် အကောင်အထည်ဖော်

**မိတ္ထီလာ ဇွန် ၂၄**

မိတ္ထီလာမြို့နယ်၌ အမျိုးသမီးများ အသက်မွေးဝမ်းကျောင်းမှုများ ပိုမိုအဆင်ပြေစေရန် ရော့ချိုင်းသား ဝက်မွေးမြူခြင်းလုပ်ငန်းကို ကျေးရွာသုံးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဝက်မွေးမြူရေးလုပ်ငန်းအောင်မြင်လျက်ရှိသည်ဟု သိရသည်။

အမျိုးသမီးများ ဦးဆောင်မှုစွမ်းဆောင်ရည် မြင့်လာစေရန်၊ အဖွဲ့ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်လာနိုင်စေရန်နှင့် အသက်မွေးဝမ်းကျောင်းများ ပိုမိုအဆင်ပြေလာနိုင်စေရန် ရည်ရွယ်ချက်ဖြင့် စီမံကိန်းကျေးရွာ ၃၀ အနက် သစ်ဆိမ့်ပင်၊ ရေငံအရှေ့နှင့် ရွာသစ်ကျေးရွာ သုံးရွာကို ရွေးချယ်ကာ ဝက်မွေးမြူရေးလုပ်ငန်းများကို အဆိုပါကျေးရွာများရှိ စီမံကိန်း ကော်မတီဝင်အမျိုးသမီးများကို ၂၀၁၈ ခုနှစ် ဇူလိုင် ၁ ရက်မှ စတင်၍ ဆောင်ရွက် လျက်ရှိသည်။ ထိုသို့ မွေးမြူရာတွင် ဝက်ကောင်ရေ တိုးပွားသည့် ရော့ချိုင်းသား ဝက်မျိုးကို မွေးမြူခဲ့ရာ ယခုဆိုလျှင် အဆိုပါ မွေးမြူထားသည့် ဝက်များမှ ဝက်သားပေါက်များ ပေါက်ဖွားလာပြီဖြစ်ကြောင်း၊ ဝက်မွေးမြူရေး လုပ်ငန်းအောင်မြင်သည့်အတွက် အခြားစီမံကိန်းဝင် ကျေးရွာများကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရာတွင်လည်း အမျိုးသမီးအဖွဲ့ဝင်ထဲမှ အမျိုးသမီးတစ်ဦးရွေးချယ်ကာ ဝက်ပြုစုစောင့်ရှောက်ခြင်း၊ ပြုစုစောင့်ရှောက်မှုနှင့် လစဉ်ပြုစု စောင့်ရှောက်မှု ထောက်ပံ့မှုများပေးခြင်း၊ ဆေးကုသမှု၊ ဝက်စာစပ်နည်းနှင့် သားစပ်နည်းများ သင်တန်းပို့ချပေးခြင်း၊ အပတ်စဉ်ကာကွယ်ဆေးထိုးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း Actionaid Myanmar မှ မခိုင်လပြည့်က ပြောသည်။


မိတ္ထီလာမြို့နယ်၌ စပ်မျိုးဝက်များ မွေးမြူထားသည်ကို တွေ့ရစဉ်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

# နမ့်ဆန်၌ စိမ်းလန်းစိုပြည်စေရေး စုပေါင်းသစ်ပင်စိုက်

**နမ့်ဆန် ဇွန် ၂၄**

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး၊ ရာသီဥတုဖောက်ပြန်မှုကြောင့် အပူရှိန်မြင့်မားလာနေမှုကို သစ်ပင်စိုက်ခြင်းဖြင့် ရာသီဥတုကိုထိန်းသိမ်းကာကွယ်ရေးဟူသည့် ရည်ရွယ်ချက်ဖြင့် လောကပါလ လူမှုကူညီရေးအသင်းမှ ဦးဆောင်၍ အိုမ်မကောယ လူမှုကူညီရေးအသင်းသားများ၊ ကာလဒါနအသင်းသားများနှင့် အပင်ချစ်မြတ်နိုးသူများ စုပေါင်း၍ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် မဟာမြတ်မုနိဘုရားကုန်းဆုတောင်းပြည့် စေတီဝင်း၌ ယနေ့နံနက်က စုပေါင်းသစ်ပင်စိုက်ပျိုးသည်။

သစ်ပင်စိုက်ပျိုးပွဲတော်တွင် ချယ်ရီပင် ၃၀၀ နှင့် စိန်ပန်းနီ၊ စိမ်ပန်းပြာ အပင်များကိုလည်း မဟာမြတ်မုနိဘုရားကုန်းဘေးပတ်ဝန်းကျင်၊ နမ့်ဆန်မြို့နယ် အဝင်မုခ်ဦး တပေါင်းပွဲခင်းနှင့် ဆုတောင်းပြည့်စေတီအတက်လမ်း လမ်းဘေးဝဲ/ယာတို့တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သစ်ပင်များ စိုက်ပျိုးပြီးပါက အပင်များ ရှင်သန်မှုရှိစေရန် ၁၅ ရက်တစ်ကြိမ်ခန့် အဆိုပါအဖွဲ့သားများက ပေါင်းရှင်းခြင်း၊ မြေသြဇာများထည့်ခြင်း၊ ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဟု ဦးဆောင်သူ ဦးကြားတီက ပြောသည်။

နမ့်ဆန်မြို့နယ် ပတ်ဝန်းကျင်စိမ်းလမ်းစိုပြည်စေရေးအတွက် ဇယ်ဘန်ကောက်ကျေးရွာနှင့် အခြားမြို့နယ်ပတ်ဝန်းကျင်ရွာများကို လောကပါလ လူမှုကူညီရေးအသင်းနာယက က ပျိုးပင်များကို အခမဲ့ဖြန့်ဝေကာ စိုက်ပျိုးစေမည်ဖြစ်ကြောင်း သိရသည်။

**ကိုအောင်မိုး (ရွှေဖီမြေ)**

# ကျောင်းနှင့်ကျောင်းဝန်းကျင်စိမ်းလန်းစိုပြည်ရေး သရက်၌ သစ်ပင်စိုက်ပျိုး

**သရက် ဇွန် ၂၄**

ဇူလိုင် ၇ ရက်တွင် ကျရောက်မည့် ကျောင်းနှင့် ကျောင်းဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအကြိုအဖြစ် သရက်မြို့ အ.ထ.က(၁) ကျောင်းနှင့် ကျောင်းဝန်းကျင်ပန်းအလှစိုက်ပျိုးပွဲကို ယနေ့နံနက်က အဆိုပါကျောင်းတွင် ကျင်းပသည်။

**စုပေါင်းစိုက်ပျိုး**

သစ်ပင်စိုက်ပျိုးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ ကျောင်းသားကျောင်းသူဟောင်းများ၊ အလှူရှင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ဒေါနကျောက်ပန်းနှင့် ကျောက်ပန်းပင် ၂၅၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။


သရက်မြို့ အထက(၁)ကျောင်း၌ စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။

**ပေါက်ကလေး (သရက်)**

# ကသာမြို့၌ ရွေးကောက်ပွဲဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲကျင်းပ

**ကသာ ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူး၍ ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်း**

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (စစ်ကိုင်းတိုင်းဒေသကြီးတာဝန်ခံ) ဦးမြင့်အောင်က အမှာစကားပြောကြားပြီး ကသာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအုံ့ကျော်က ကသာခရိုင်အတွင်းရှိ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးအောင်မင်းဦးက ခရိုင်မဲဆန္ဒရှင်များ ကောက်ယူခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ တိုင်းဒေသကြီးရွေးကောက်ပွဲအရာရှိ ဦးအောင်မျိုးလွင်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

တက်ရောက်လာသော ကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (စစ်ကိုင်းတိုင်းဒေသကြီးတာဝန်ခံ) က လိုအပ်သည်များကို မှာကြားခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

# ငွေဆောင်မြို့တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ငွေဆောင် ဇွန် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်ကျင်းပသည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့လျှပ်စစ်မှူး ဦးစောထွန်းဦးက လျှပ်စစ်အန္တရာယ်ဖြစ်ရခြင်း အကြောင်းအရင်းများနှင့် ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်းဟောပြောခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့ဦးစီးမှူး ဒေါ်နှင်းဝေဦးက သွေးလွန်တုပ်ကွေးနှင့် ရာသီတုပ်ကွေးများ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် ကြိုတင်ကာကွယ်ရန်နည်းလမ်းများကို ရှင်းလင်းဟောပြောခဲ့ပြီး တက်ရောက်သူများကို လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

**နှင်းဝေဦး (ပြန်/ဆက်)**


အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့
၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၆ ရက်

#Health4Justice #Justice4Health

Health for Justice.
Justice for Health

" ကျန်းမာရေးနှင့် တရားရေး မူးယစ်ကင်းဖို့ လက်တွဲစို့"

# မြန်မာနိုင်ငံမှ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ၅၀၀ ကျော်ကို ဒိန်းမတ်နိုင်ငံမှ ကူညီထောက်ပံ့ပေးထား

**စစ်ကိုင်း ဇွန် ၂၄**

မြန်မာနိုင်ငံမှ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ၅၀၀ ကျော်ကို ဒိန်းမတ်နိုင်ငံမှ ကူညီထောက်ပံ့ပေးထားကြောင်း၊ လိုအပ်သည့်စက်ပစ္စည်းများ၊ နည်းပညာများ၊ ထောက်ပံ့မှုများကို ဒိန်းမတ်နိုင်ငံမှ ကူညီပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ဒိန်းမတ်နိုင်ငံမှ မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စားစီးပွားရေး (SMEs) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စက်ပစ္စည်းများနှင့် နည်းပညာ ထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းပေါင်း ၅၀၄ ခုကို ထောက်ပံ့ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း Responsible Business Fund(RBF) Myanmar အဖွဲ့အစည်းမှ Grant Officer ဦးသက်နိုင်ထွန်းက ပြောသည်။



ထောက်ပံ့ကြေးဆိုင်ရာ သတင်းအချက်အလက်မျှဝေခြင်းအစီအစဉ်များ ရှင်းလင်းဟောပြောပွဲ ကျင်းပစဉ်။

"ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒိန်းမတ်နိုင်ငံကနေ ထောက်ပံ့ပေးတဲ့စီမံကိန်းတစ်ခုပါ။ မြန်မာကျပ်ငွေနဲ့ဆို ငွေကျပ်သန်းပေါင်း ၁၈၀၀၀ ရှိတယ်။ ၂၀၁၇ ခုနှစ်ကတည်းက စခဲ့တယ်။ ဒီစီမံကိန်း ၂၀၂၀ ဆို ပြီးသွားပါပြီ။ ဒီငွေတွေကို ဘယ်လိုရလဲဆိုရင် ဒိန်းမတ်မှာရှိတဲ့ ပြည်သူတွေက အခွန်ပေးရတယ်။ ပြီးတော့ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေဖြစ်တဲ့ မြန်မာအပါအဝင် လာအို၊ အာဖရိက စတဲ့နိုင်ငံတွေကို ထောက်ပံ့ပေးနေပါတယ်။ ကျွန်တော်တို့ ဒီသုံးနှစ်အတွင်း SMEs လုပ်ငန်းပေါင်း ၄၈၀ လောက်ကို ကူညီပေးမယ်လို့ ရည်ရွယ်ထားတယ်။ လျှောက်လွှာခေါ်ဆိုမှု ပြီးသွားတော့ RBF Myanmar က ထောက်ပံ့ပေးထားတာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုမှာ SMEs လုပ်ငန်းပေါင်း ၅၀၄ ခုရှိ သွားပါပြီ"ဟု ၎င်းက ပြောသည်။

ဒိန်းမတ်နိုင်ငံမှ မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ကူညီပေးနေသော အဖွဲ့အစည်းဖြစ်သည့် RBF Myanmar မှ ထောက်ပံ့ကြေးဆိုင်ရာ သတင်းအချက်အလက် မျှဝေခြင်းအစီအစဉ်များ ရှင်းလင်းဟောပြောပွဲကို ဇွန် ၂၃ ရက်နှင့် ဇွန်၂၄ ရက်က စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ရှိစစ်ကိုင်းခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားကို မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ ကလေး၊ ဟုမ္မလင်း စသည့် မြို့နယ်များမှ လုပ်ငန်းရှင်များ တက်ရောက်ကြကြောင်းနှင့် တက်ရောက်လာသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များက လိုအပ်သည့် စက်ပစ္စည်းများ၊ နည်းပညာများ၊ ထောက်ပံ့မှုများကို လျှောက်ထားနိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးကျော်ကျော်စိုးက ပြောသည်။

မြန်မာနိုင်ငံမှ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ကျပ်ငွေ ၁၈ ဘီလီယံထောက်ပံ့ပေးမှုကို ၂၀၁၇ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ တတိယအကြိမ်မြောက်အထိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း လျှောက်လွှာခေါ်ယူ၍ ထောက်ပံ့ပေးနိုင်ခဲ့ပြီဖြစ်ပြီး စတုတ္ထအကြိမ်မြောက်အဖြစ် လျှောက်လွှာများကို စတင်ခေါ်ယူဆောင်ရွက်နေပြီး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် လာမည့် ဇူလိုင် ၁ ရက်မှစ၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံရှိ SME လုပ်ငန်းကဏ္ဍ ခုနစ်မျိုးဖြစ်သည့် (၁)စွမ်းအင်အလေအလွင့် လျှော့နည်းရေး၊ (၂) ရေအရင်းအမြစ်အသုံးချမှု၊ (၃) စွန့်ပစ်ပစ္စည်းနှင့် အညစ်အကြေးများ အသုံးချမှု၊ (၄) ကျန်းမာရေးနှင့် လုံခြုံရေးလုပ်ငန်းစဉ်များ၊ (၅) အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး၊ (၆) ကြိုးကြပ်ခြင်းနှင့် ကွပ်ကဲခြင်းနည်းပညာများနှင့် (၇) လက်တွေ့နှင့် ပညာရပ်ဆိုင်ရာနည်းပညာများ စသည့်ကဏ္ဍများကို ထောက်ပံ့ပေးနေကြောင်း အဆိုပါအဖွဲ့အစည်းထံမှ သိရသည်။

RBFမှ ငွေကြေးအထောက်အပံ့ အနေဖြင့် လုပ်ငန်းကဏ္ဍ ၁၊ ၂၊ ၃ တွင် စီမံကိန်းကုန်ကျငွေ၏ ၅၀ ရာခိုင်နှုန်း (မြန်မာငွေကျပ်သန်း ၅၀အထိ)၊ လုပ်ငန်းကဏ္ဍ ၄၊ ၅၊ ၆၊ ၇ တွင်( မြန်မာငွေကျပ်သန်း ၄၀ အထိ )စီးပွားရေးလုပ်ငန်းတွင် အသုံးချနိုင်ရန် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ဇေယျ**

# လှိုင်းဘွဲ့မြို့နယ် ကော့ဝန်းကျေးရွာ၌ ဘက်စုံသုံးခန်းမဖွင့်ပွဲအခမ်းအနား ကျင်းပ

**လှိုင်းဘွဲ့ ဇွန်၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကမ္ဘာ့ဘဏ်အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် လူထုဗဟိုပြုစီမံကိန်း (ဒုတိယနှစ်စက်ဝန်း) ကမော့ကချုံးကျေးရွာအုပ်စု ကော့ဝန်းကျေးရွာ၌ ဘက်စုံသုံးခန်းမဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။




ကော့ဝန်းကျေးရွာ၌ ဘက်စုံသုံးခန်းမ ဖွင့်ပွဲအခမ်းအနားကို ကျင်းပစဉ်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောအောင်မျိုးမြင့်တို့က အမှာစကားပြောကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဆန်းဌေး၊ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါခန်းမသည် ပေ၅၀ × ပေ ၃၀× ၁၅ ပေဖြစ်ပြီး စီမံကိန်းထောက်ပံ့ငွေကျပ် ၁၇၁၉၉၄၀၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၀၂၄၃၇၀၀ဖြင့် ၁၀-၃-၂၀၁၉ ရက်နေ့တွင် စတင်ကာ ၂၈-၅-၂၀၁၉ ရက်တွင် ပြီးစီးကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# လိုင်စင်သက်တမ်းတိုးခြင်း နယ်လှည့်ဆောင်ရွက်ပေးမည်

**နေပြည်တော် ဇွန် ၂၄**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၉ခုနှစ် ဇူလိုင်လအတွင်း အောက်ဖော်ပြပါမြို့နယ်များသို့ နယ်လှည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | မိုးကောင်း |
| ၂။ | စစ်ကိုင်းတိုင်းဒေသကြီး | ဘုတလင်၊ မြောင်၊ တန့်ဆည် |
| ၃။ | တနင်္သာရီတိုင်းဒေသကြီး | သရက်ချောင်း၊ တနင်္သာရီ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | နတ်တလင်း၊ ပေါင်းတည် |
| ၅။ | မကွေးတိုင်းဒေသကြီး | ရေနံချောင်း၊ တောင်တွင်းကြီး၊ ဆော၊ စလင်း၊ အောင်လံ၊ မင်းလှ၊ ကန်ပက်လက် |
| ၆။ | မန္တလေးတိုင်းဒေသကြီး | မတ္တရာ၊ တောင်သာ၊ စဉ့်ကိုင် |
| ၇။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ |
| ၈။ | ရန်ကုန်တိုင်းဒေသကြီး | လှည်းကူး၊ သုံးခွ |
| ၉။ | ရှမ်းပြည်နယ် | ညောင်ရွှေ၊ ပင်လောင်း၊ ကွန်ဟိန်း၊ သိန်နီ၊ သီပေါ |
| ၁၀။ | ဧရာဝတီတိုင်းဒေသကြီး | ကျုံပျော်၊ ညောင်တုန်း၊ ဇလွန်၊ ကျိုက်လတ် |

**မြန်မာ့အလင်း**

# ခါးဆစ်ရိုးကျီးပေါင်းရောဂါ(ခါးနာခြင်း)အကြောင်းသိကောင်းစရာများ အသိပညာပေး

**ဘားအံ ဇွန် ၂၄**

ကရင်ပြည်နယ် တိုင်းရင်းဆေးဦးစီးဌာန၏ တိုင်းရင်းဆေးပညာဆိုင်ရာ စဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ်အနေဖြင့် ခါးဆစ်ရိုးကျီးပေါင်းရောဂါ(ခါးနာခြင်း) အကြောင်း သိကောင်းစရာများ အသိပညာပေးဆွေးနွေးခြင်းကို ယနေ့နံနက်က ဘားအံမြို့ ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ၌ ပြုလုပ်သည်။

အခမ်းအနားတွင် သဘာပတိများအဖြစ် ကရင်ပြည်နယ်တိုင်းရင်းဆေးဆရာအသင်းမှ တိုင်းရင်းဆေးဆရာ ဦးအောင်တင်ငြိမ်းနှင့် ခုတင် ၅၀ ဆံ့ ဘားအံတိုင်းရင်းဆေးရုံအုပ် ဒေါ်ကြည်ကြည်ဌေးတို့က ဆောင်ရွက်ခဲ့ပြီး ယနေ့ အသိပညာပေး စာတမ်းဖတ်ပွဲသည် ပြည်နယ်တိုင်းရင်ဆေးဆရာအသင်းနှင့် ခုတင် ၅၀ဆံ့ ဘားအံတိုင်းရင်းဆေးရုံတို့ ပူးပေါင်းပြီး လစဉ်ပြုလုပ်ကာ အကြောင်းအရာ ခေါင်းစဉ်တစ်ခုဆီဖြစ်ကြောင်း၊ အရိုးအဆစ်ကျီးပေါင်းရောဂါ ဖြစ်ပွားမှုသည် အထိုင်များပြီး ထိုင်သည့်ပုံစံမမှန်သော လူအများစုတွင်အဖြစ်များကာ လေ့ကျင့်ခန်းလွဲမှားစွာ လုပ်ဆောင်မှုများကြောင့်လည်း ဖြစ်တတ်ကြောင်း၊ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းမများကို မိမိတို့နှင့် သင့်တော်သည့် အားကစားနည်းကိုသာရွေးချယ်၍ လုပ်ဆောင်သင့်ကြောင်း သိရသည်။

ထို့နောက် ဖာပွန်မြို့နယ်တိုင်းရင်းဆေးရုံမှ လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်အေးအေးပြုံးက ခါးဆစ်ကျီးပေါင်းရောဂါ (ခါးနာရခြင်း) အကြောင်းအရင်း၊ လက္ခဏာများ၊ ဆောင်ရန် ရှောင်ရန်များ၊ တိုင်းရင်းဆေးပညာကုထုံးများနှင့် ပတ်သက်ပြီး အသိပညာပေးစာတမ်း ဖတ်ကြားပေးခဲ့သည်။

**နေမျိုးလွင် (ပြန်/ဆက်)**

# ရာသီတုပ်ကွေးရောဂါ (H1N1) အကြောင်း ပညာပေးစာစောင်များပြသ

**ကျိုက်မရော ဇွန် ၂၄**- ရာသီတုပ်ကွေးရောဂါ( H1N1) နှင့် ပတ်သက်၍ ကျိုက်မရောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ရှိ မြေစိုက်ဘုတ်၌ အသိပညာပေးစာစောင်များကို ဇွန် ၂၂ ရက်က စတင်ပြသထားသည်။ မြေစိုက်ဘုတ်ပေါ်တွင် H1N1 တုပ်ကွေးရောဂါပိုးသည် ရာသီတုပ်ကွေးထက် အမှုန်အမွှားပိုပါသောကြောင့် လက်ကိုစင်ကြယ်စွာဆေးကြောရန် လိုအပ်ပုံ၊ ရောဂါဖြစ်ပွားပါက ကြောက်ရွံ့နေရန်မလိုဘဲ ဆေးရုံဆေးခန်းများသို့ သွားရောက်ပြသကုသရန်နှင့် လူထူထပ်ရာနေရာများသို့ သွားလာပါက နှာခေါင်းစည်းများတပ်ဆင်ထားရန် ရောဂါကြိုတင်ကာကွယ်ရေးနည်းလမ်းများလည်း ပါဝင်သည်။ **မြို့နယ်(ပြန်/ ဆက်)**

# မှူခင်းစီမံခန့်ခွဲမှုစနစ်ကျင့်သုံးခြင်းဆိုင်ရာ သင်တန်းဖွင့်လှစ်

**ပုသိမ် ဇွန် ၂၄**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်နှင့် USAID-PRLM တို့ ပူးပေါင်းပြုလုပ်သည့် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အရ မှုခင်းစီမံခန့်ခွဲမှုစနစ် ကျင့်သုံးခြင်းဆိုင်ရာ သင်တန်းတစ်ရပ်ကို ပုသိမ်မြို့ Shekinah ဟိုတယ်၌ ဇွန် ၂၂ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းထွန်းက အမှာစကားပြောကြားပြီး သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော် တရားသူကြီး ဒေါ်ယဉ်ယဉ်ဟန်၊ တရားသူကြီးချုပ်ရုံး ရုံးအဖွဲ့မှူး ဒုတိယညွှန်ကြားရေးမှူး ဦးမိုးကြည်မောင်၊ ပုသိမ်ခရိုင်တရားရုံးမှ တရားသူကြီးများနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ Co-Trainer များ၊ USAID-PRLM မှ တာဝန်ရှိသူများ၊ သင်တန်းသားများဖြစ်သော တရားရေးအရာရှိများနှင့် တရားရုံးဝန်ထမ်းများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန် ၂၂ ရက်နှင့် ၂၃ ရက် နှစ်ရက်ကြာ သင်တန်းဖြစ်သည်။

**ရွှေအင်းသားခင်မောင်ဝင်း**

# စစ်ကိုင်းမြို့နယ် သာဒွန်းကျေးရွာ၌ ရိုးရာဓလေ့ ပြန်းစပ်နတ်တင်ပွဲ ကျင်းပ

**စစ်ကိုင်း ဇွန် ၂၄**

စစ်ကိုင်းမြို့နယ် မအူပင်ကျေးရွာအုပ်စု သာဒွန်းကျေးရွာ၌ နှစ်စဉ်ရိုးရာမပျက် ကျင်းပလေ့ရှိသော ဝက်သားဖြင့် နတ်တင်သည့် ပြန်းစပ်နတ်တင်ပူဇော်ပွဲကို ဇွန် ၂၂ ရက်က အဆိုပါကျေးရွာရှိ ဘိုးဘိုးကြီး(မြင်းဖြူရှင်) နတ်နန်း၌ ကျင်းပခဲ့သည်။

"ရှေးယခင် ဘိုးစဉ်ဘောင်ဆက်ကတည်းက ဒီနတ်ပွဲကို လုပ်ခဲ့ကြတာပါ။ ပြန်းစပ်ပွဲ၊ ရွာတော်ရှင်ဘိုးဘိုးကြီးနတ်ပွဲ လို့ခေါ်တယ်။ ကျန်တဲ့နတ်ပွဲ တွေနဲ့မတူပါဘူး။ ထူးခြားတာက ဝက်သားနဲ့ တင်တယ်။ တစ်နိုင်ငံလုံးမှာ ဒီလိုဝက်သားနဲ့ နတ်တင်တဲ့နတ်ပွဲ ဘယ်မှာမှမရှိပါဘူး။ ကျွန်တော်တို့ တစ်ရွာပဲရှိတာပါ။ ဒီနှစ်မှာ ဝက်သားအချိန် ၄၅ ပိဿာနဲ့ ဆန်ငါးတင်းချက်ပြုတ်ပြီး နတ်တင်ခဲ့ပါတယ်။ ဘိုးဘိုးကြီး အတွက် ငါးပွဲတင်ပြီး ကျန်တဲ့ ၃၇၃ ပွဲ ကို ရွာသူရွာသားတွေ၊ အပြင်ကပွဲယူထားတဲ့သူတွေကို ပြန်ဝေပေးပါတယ်"ဟု နတ်ပွဲကျင်းပရေးကော်မတီနာယက ဦးအောင်ခင်က ပြောသည်။

ဝက်သားဖြင့်နတ်တင်သည့် ထူးခြားသောရိုးရာနတ်ပွဲကို နှစ်စဉ် နယုန်လပြည့်ကျော် ၅ ရက်နေ့တိုင်း ကျင်းပလေ့ရှိပြီး နယုန်လပြည့်ကျော် ၅ ရက်နေ့သည် ဗုဒ္ဓဟူးနေ့နှင့် တိုက်ဆိုင်နေပါက နောက်သို့ နှစ်ရက်ဆုတ်ကာ နယုန်လပြည့်ကျော် ၇ ရက်နေ့သို့ပြောင်းရွှေ့ကျင်းပလေ့ရှိကြောင်း၊ ပြန်းစပ်နတ်တင်ပွဲတွင် ဝက်သားတုံး သီးသန့် ခုနစ်တုံးနှင့်အတူ ဝက်သားနှင့် ငါးရံ့ခြောက်၊ ဝက်သားနှင့်ဖရုံသီး၊ ဝက်သားနှင့် ငရုတ်သီးကြော်၊ ဝက်သားဆန်ပြုတ် စသည်ဖြင့် ဝက်သားကို မျိုးစုံစီမံချက်ပြုတ်ကာ ကောက်ညှင်းပေါင်း အဖြူ၊ အနီ၊ အုန်းသီးစိပ်၊ ထုံးနှင့် ဆန်ကြမ်းများရော၍ တိရစ္ဆာန်ရုပ်ပုံများ ပြုလုပ်ထားသော ထိုးမုန့်များဖြင့် နတ်တင်ကြောင်း၊ ဒေသခံလူကြီးများက ရွာတော်ရှင် နန်းထိန်းနှင့် နတ်ကွန်းပေါ်သို့ တက်ရောက်ပူဇော်ပသကာ ရွာသူရွာသားများက နတ်ကွန်းအောက် ကွင်းပြင်မှ ရိုးရာအတိုင်း အရိုအသေပြုပူဇော်ကန်တော့ဆုတောင်းကြကြောင်း သိရသည်။



ဝက်သားဖြင့်နတ်တင်သည့် ပြန်းစပ်နတ်တင်ပွဲ ကျင်းပစဉ်။

ထိုသို့ ပူဇော်တင်မြှောက် ဆုတောင်းပြီးနောက် ဝက်သားဆန်ပြုတ်တစ်အိုး၊ ထမင်း၊ ငှက်ပျောသီး၊ ကောက်ညှင်းပေါင်း အဖြူ၊ အနီ၊ ငရုတ်သီးကြော်၊ ဖရုံသီးချက် စသည့်နတ်တင်စားသောက်ဖွယ်ရာများကို နန်းထိန်းဦးစီးသော လူကြီးများက ဒေသခံများထံ ပြန်လည်ဝေငှပေးလေ့ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအနှံ့တွင် ကျင်းပလေ့ရှိသည့် နတ်ပွဲများတွင် ဝက်သားကို အထူးရှောင်ကြဉ်လေ့ရှိသော်လည်း သာဒွန်းကျေးရွာမှ ပြန်းစပ်နတ်တင်ပွဲမှာမူ လွန်ခဲ့သည့် နှစ်ပေါင်းရာချီကတည်းကပင် ဝက်သားဟင်းကို အမယ်စုံချက်ပြုတ်၍ ထူးခြားစွာပူဇော်ဆက်သခဲ့ကြကြောင်း၊ ပြန်းစပ်ရိုးရာနတ်ပွဲ၏ ထူးခြားသော အခြားဓလေ့တစ်ခုမှာ ပျော်ပွဲရွှင်ပွဲအဖြစ် ကျင်းပပြီးစီးရပြီး ပျော်ရွှင်ဖွယ်မဖြစ်ပါက နတ်တင်ပွဲကို နောက်တစ်ကြိမ် ပြန်လည်ကျင်းပရကြောင်း၊ ယခုလို အရိုအသေပြု ပူဇော်ပသမှုကြောင့် ကျေးရွာတစ်ရွာလုံး ဘေးအန္တရာယ်ကင်းရှင်းပြီး စီးပွားရေး၊ ကျန်းမာရေးကောင်းမွန်သည်ဟု ဒေသခံများက ယုံကြည်ကြကြောင်း သိရသည်။

**ခိုင်ဇေယျ**

## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး အချုပ်ထောင်နှင့် မြို့မရဲစခန်းရှိ အချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေး

**မိုးကုတ် ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်တင်နွယ်ဝင်းနှင့် တာဝန်ရှိသူများသည် ဇွန် ၂၂ ရက်က မိုးကုတ်မြို့နယ်ရှိ အချုပ်ထောင်နှင့် မြို့မရဲစခန်းအချုပ်ခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးနှင့်အဖွဲ့သည် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းခိုင်၊ အချုပ်ထောင်တာဝန်ခံ ရဲအုပ်အေးကို တို့နှင့်အတူ အချုပ်ထောင်နှင့် မြို့မ ရဲစခန်းအချုပ်ရှိ အချုပ်တရားခံများ၏ နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ မရှိ၊ သန့်ရှင်းမှု ရှိ မရှိ၊အစားအသောက်အာဟာရသင့်တင့်မျှတမှု ရှိ မရှိ၊ ကျန်းမာရေး ပြည့်စုံကောင်းမွန်မှု ရှိမရှိ၊ မကျန်းမာပါက ဆေးကုသရန် အခွင့်အရေး ရှိ မရှိ၊ အမျိုးသမီးအချုပ်တရားခံများအား အကာအရံလုံခြုံစွာထားရှိခြင်း ရှိ မရှိ၊ အမျိုးသမီးအဖော်အစောင့်အရှောက်များဖြင့် ထားရှိခြင်း ရှိ မရှိ၊ အချုပ်တရားခံများအပေါ် နှိပ်စက်ညှင်းပန်းမှု၊ မတရားပြုမှု ရှိ မရှိ၊ မိခင်နှင့်ကလေးအား စောင့်ရှောက်ပေးမှု ရှိ မရှိတို့နှင့် စပ်လျဉ်း၍ အချုပ်တရားခံများနေထိုင်သည့် အဆောင်များ၊ အချုပ်တရားခံများ ဗဟုသုတရရှိရန် အလို့ငှာ ထားရှိသည့်စာကြည့်တိုက်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ကျော်ဇေယျာမြင့် (မိုးကုတ်)**



အချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးစဉ်။

## မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများ ကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၂) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျပုံမှန်ဆောင်ရွက်ရန်၊
(၃) တိရစ္ဆာန်ရောဂါကာကွယ်ဆေးများကို ပုံမှန်ထိုးနှံကြရန်၊
(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊
(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဟု သံသယဖြစ်ဖွယ်တွေ့ရှိရပါက နီးစပ်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ဆေးကုသမှုအမြန်ဆောင်ရွက်ရန်၊
(၆) ရောဂါဖြစ်တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့်ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်း မပြုရန်၊
(၇) တိရစ္ဆာန်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးမှုရှိပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံ သတင်းပို့ရန်၊
(၈) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊
(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊
(၁၀) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## မူခင်းလျော့နည်းကျဆင်းရေး အသိပညာပေး

**ရမည်းသင်း ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ စံပြသိမ်ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ယမန်နေ့က ရမည်းသင်း မြို့မရဲစခန်းမှူး ဒုရဲမှူး ထွေးလှိုင် ဦးဆောင်သော တပ်ဖွဲ့ဝင်များက မူခင်းလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကျင်းပရာ ရပ်မိ၊ ရပ်ဖများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး ရာဇသတ်ကြီး ပုဒ်မများ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ အသိပညာပေးဟောပြောကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

**အမှိုက်ကင်းစင် ပတ်ဝန်းကျင်၊ လှပကမ္ဘာမြေတစ်ခွင်။**

# ပြည်သူ့စကားဝိုင်းများကျင်းပ

**ကန်ကြီးထောင့်**

အနာဂတ်မျိုးဆက်သစ် ကျောင်းသား လူငယ်လေးများ မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရေးရည်ရွယ်လျက် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းကျင်းပမည့် "လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၂၆ ရက်တွင် ဆပ်ကွင်း(အထက)ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် ကန်ကြီးထောင့်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးလေးမြင့်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာဆွေ၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ဖြူဖြူသင်း၊ ဦးအောင်မိုး(ကျောင်းအုပ်ကြီး အထက(ခွဲ)သဘော့ငူ)နှင့် ဦးစိုးအောင်(လက်ထောက်ကျန်းမာရေးမှူး-ဒါးက)တို့က လူညွှန့်တုံးပြီး ဘဝကိုပါဆုံးရှုံးစေမည့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများကို ပါဝင်ဆွေးနွေးသွားကြမည်ဖြစ်ပြီး စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**နန်းထိုက် (KGD)**

**နောင်တရား**

နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံးကို ခြိမ်းခြောက်နေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို ကာကွယ်တားဆီးနိုင်ရေးအတွက် ယနေ့ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပိုမိုသိရှိစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၂၄ ရက်က နောင်တရားမြို့အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ပင်လောင်းမြို့နယ် မူးယစ်တပ်ဖွဲ့စု (၂၆)မှ ရဲမှူးဝင်းကျော်ရီက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ပုဒ်မနှင့် ပြစ်ဒဏ်များကိုလည်းကောင်း၊ နောင်တရားမြို့အုပ်ချုပ်ရေးမှူး ဦးစိုင်းချမ်းမြေ့ဝင်းက ကျောင်းသားကျောင်းသူများသည် စဉ်းစားတွေးခေါ်မှုနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကို ရှောင်ရှားရန် လိုအပ်ကြောင်းကိုလည်းကောင်း၊ နောင်တရားမြို့တိုက်နယ်ဆရာဝန် ဒေါက်တာငြိမ်းငြိမ်းအိက မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပွားတတ်သော ရောဂါများအကြောင်းကိုလည်းကောင်း၊ နောင်တရားမြို့အထကကျောင်းမှ တာဝန်ခံကျောင်းအုပ်ဆရာမ ဒေါ်ခင်မာသူက ကျောင်းသားလူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကိုလည်းကောင်း ဆွေးနွေးကြသည်။

**ခွန်အောင်(နောင်တရား)**

**မန်တုံ**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန်တုံမြို့နယ်ရုံးနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအယိုင်စဉ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်သူ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်သက်ဝေ၊ မြို့နယ်ပညာရေးမှူး ဦးကျော်ရွှေ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မျိုးဇော်၊ မြို့နယ်ဥပဒေအရာရှိ ဦးဇော်မျိုးရှိန်တို့က ဦးဆောင်ဆွေးနွေးသူအဖြစ် မြို့နယ်အတွင်းရှိ အောင်ချမ်းသာ မန်တောက်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ဇွန် ၂၂ ရက်က ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် တက်ရောက်လာသူ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကျောင်း၏အခက်အခဲများ၊ လိုအပ်ချက်များကို ဆွေးနွေးတင်ပြပြီး ဦးဆောင်ဆွေးနွေးသူများက ပြန်လည်လုပ်ဆောင်ပေးနိုင်သည့် လုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် ဖြေကြားခဲ့ကြောင်း သိရသည်။

**စည်သူမောင်မောင်(ပြန်/ဆက်)**

**မိုးကောင်း**

ကချင်ပြည်နယ် ဥပဒေရေးရာကုစားရေးအဖွဲ့(ကချင်) Legal Clinic Myanmar က Christian aid အဖွဲ့အထောက်အပံ့ဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ တရားမျှတမှု လက်လှမ်းမီရရှိရေးစကားဝိုင်းကို နတ်ကြီးကုန်းရပ်ကွက် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

တရားမျှတမှု၊ နစ်နာဆုံးရှုံးမှု၊ အကြမ်းဖက်မှုအမျိုးအစားများသိစေရန်၊ လူမှုရေးအသိုင်းအဝိုင်းတွင်းရှိနေသည့် ပြဿနာများ မည်သို့ဖြေရှင်းမည်၊ တရားရုံးတွင်းမဟုတ်ဘဲ တရားရုံးပြင်ပ၌ မည်သို့ဆွေးနွေးညှိနှိုင်းရသည်ကို သိရှိစေလို၍ စကားဝိုင်းကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

စကားဝိုင်းတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇေယျာစည်သူ၊ ဥပဒေရေးရာကုစားရေးအဖွဲ့မန်နေဂျာ ဦးမောင်မောင်၊ တာဝန်ခံ ဒေါ်ဘန်ထွယ်တို့က စကားဝိုင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

"ကျွန်တော်တို့ ဒီ Legal Clinic Myanmar က အမျိုးသမီးတွေအပေါ် ခွဲခြားဆက်ဆံတဲ့ကိစ္စ၊ နစ်နာမှုရှိတဲ့ကိစ္စ၊ ကလေးသူငယ် ဆုံးရှုံးနစ်နာမှုရှိရင်လည်း တရားမျှတမှုရရှိစေရေးကို အဓိကထားဆောင်ရွက်ပါတယ်။ အမျိုးသမီးတွေနဲ့ ပတ်သက်လို့ အမှုကိစ္စမှန်သမျှကို ဥပဒေအခမဲ့အကြံပေးတယ်။ အခမဲ့အမှုလိုက်ပါဆောင်ရွက်ပေးတယ်။ အလားတူပါပဲ ကလေးတွေအတွက်လည်း အခမဲ့လိုက်ပါဆောင်ရွက်ပေးပါတယ်"ဟု ဥပဒေရေးရာကုစားရေးအဖွဲ့ ရုံးမန်နေဂျာက ပြောသည်။

**သန်းလွင်ဦး (ပြန်/ဆက်)**

## မင်းတုန်းမြို့နယ်တွင် ငမြောင်တောင်ပိုး စတင်တွေ့ရှိ၍ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မင်းတုန်း ဇွန် ၂၄**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်အတွင်း ဇီးတောကျေးရွာနှင့် မင်းရွာကိုင်းကျေးရွာတို့ရှိ ဖူးစားပြောင်းစိုက်ခင်းများတွင် ငမြောင်တောင်ပိုး စတင်ကျရောက်လာသဖြင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးထွန်းထွန်းဦးနှင့် ပိုးမွှားကင်းထောက်ဝန်ထမ်းများက ဇွန် ၂၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးပြီးနောက် မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးနှင့် ဝန်ထမ်းများသည် တောင်သူများနှင့် တွေ့ဆုံပြီး အခြားစိုက်ခင်းများသို့ မပြန့်ပွားမီ လက်ဦးမှုရယူ၍ နှိမ်နင်းနိုင်ရန် အသုံးပြုရမည့်ဆေးနှင့် ပိုးမွှားနှိမ်နင်းနည်းများကို ဆွေးနွေးပြောကြားခဲ့သည်။


ငမြောင်တောင်ပိုးတွေ့ရှိသည့် ပြောင်းစိုက်ခင်းများ၌ တာဝန်ရှိသူများ စစ်ဆေးနေစဉ်။

ထို့အပြင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးသည် စိုက်ပျိုးရေးဆေးအရောင်းဆိုင်များမှ ဆိုင်ရှင်များနှင့်လည်း တွေ့ဆုံခဲ့ပြီး ငမြောင်တောင်ပိုး နှိမ်နင်းရန်အတွက် ပိုးသတ်ဆေး လာရောက်ဝယ်ယူသော တောင်သူများအား ရောင်းချပေးရမည့် စိုက်ပျိုးရေးသုံး ပိုးသတ်ဆေး အမျိုးအစားများကို သတ်မှတ်အသိပေးခဲ့ကာ အခြားဆေးများ ရောင်းချခြင်းမပြုရန်လည်း အသိပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ချင်းကလေး(မင်းတုန်း)**

## ဝေါမြို့နယ်၌ တောင်သူများစုပေါင်း၍ ရွှေခရုဥမြို့များ စုပေါင်းကောက်ပွဲပြုလုပ်

**ဝေါ ဇွန် ၂၄**

ဝေါမြို့နယ် ကျိုက်လှကျေးရွာအုပ်စုရှိ တောင်သူ ၁၀ ဦး၏ မိုးစပါးစိုက်ခင်း ၁၃၁ ဒသမ ၃၂ ဧက၌ ဒေသခံတောင်သူများ စုပေါင်းပါဝင်သော ရွှေခရုဥမြို့များ စုပေါင်းကောက်ပွဲကို ဇွန် ၂၄ ရက်က ပြုလုပ်ခဲ့သည်။

ရွှေခရုသည် စပါးပင်များကို ဖျက်ဆီးသည့် ခရုတစ်မျိုးဖြစ်ကာ ဥမြို့တစ်ခုမှ အကောင်ရေ ၆၀၀ အထိ ပေါက်ပွားနိုင်သဖြင့် ခရုများ အကောင်မပေါက်မီ ဥမြို့များကိုကောက်၍ ဖျက်ဆီးခြင်းဖြစ်ကြောင်း သိရသည်။ ခရုဥမြို့များကောက်ပွဲတွင် ဝေါမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးက အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးယဉ်ထွန်းက ခရုဥမြို့ကောက်ပွဲပြုလုပ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ စိုက်ပျိုးရေးပညာရှင် ဒေါက်တာညိုမိထွေးက ရွှေခရုအကြောင်းကို ရှင်းလင်းပြောကြားပြီး တောင်သူများက အဖွဲ့များခွဲ၍ မိုးစပါးစိုက်ခင်း ၁၃၁ ဒသမ ၃၂ ဧကအတွင်း ရွှေခရုဥမြို့များကို စုပေါင်းကောက်ယူကြကာ ခရုဥမြို့များ ကောက်ယူရာတွင် အများဆုံးကောက်ယူနိုင်သည့် တောင်သူအဖွဲ့ လေးဖွဲ့အား ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများကို တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့သည်။

ရွှေခရုသည် စပါး၏ အဓိက ဖျက်ပိုးတစ်မျိုးဖြစ်ကာ ဥကာစတွင် ဥမြို့များသည် ပန်းနုရောင်ရှိပြီး တဖြည်းဖြည်း ပန်းဆီအနီရောင်သို့ ပြောင်းလာသည်။ အကောင်ပေါက်ခါနီးတွင် အဖြူရောင်သို့ ပြောင်းလဲပြီး အကောင်ပေါက်သည်။ အကောင်ကြီးများမှာ ဝါညိုရောင်ရှိပြီး အရွယ်အစားမှာ ငါးစင်တီမီတာခန့်ရှိသည်။ လယ်ကွင်းများ၌ ရေမရှိချိန်တွင် ခရုများသည် မြေအောက်၌ခိုအောင်းနေပြီး ရေဝင်လာသည်နှင့် ပြန်လည်လှုပ်ရှားလာကာ မျိုးပွားခြင်းကို စတင်သည်။ ရွှေခရုဥမြို့ တစ်မြို့ကို မဖျက်ဆီးလိုက်ပါက ရွှေခရုအကောင်ငယ်ပေါင်း ၂၀၀ မှ ၆၀၀ အထိ ပေါက်ပွားနိုင်ကာ ရွှေခရုများ၏ သားပေါက်နှုန်းနှင့် သက်တမ်းအရ ဥမြို့တစ်ခုမှ တစ်နှစ်လျှင် ပျမ်းမျှ ခရုကောင်ရေ ၈၆၀၀ အထိ ဆင့်ပွား ပွားများလာနိုင်ကြောင်း သိရသည်။ **ဟိန်းထက်(ပဲခူး)**

## သထုံ၌ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်းသင်တန်းဖွင့်

**သထုံ ဇွန် ၂၄**

မွန်ပြည်နယ်အတွင်း စားနပ်ရိက္ခာဖူလုံရေး အထောက်အကူပြု ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်းသင်တန်း အမှတ်စဉ် (၇/၂၀၁၉)ကို သထုံမြို့ရှိ ငါးလုပ်ငန်းသင်တန်းကျောင်း (သထုံ)၌ ဇွန် ၂၄ ရက်က ဖွင့်လှစ်ခဲ့သည်။


ငါးသားဖောက်သင်တန်းအတွက် ပြင်ဆင်ထားမှုများကို တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

သင်တန်းဖွင့်ပွဲတွင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယ ပြည်နယ်ဦးစီးမှူး ဦးစိုးမင်းက မွန်ပြည်နယ်၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စာရင်းအရ ငါးမွေးမြူသူ ၁၅၇ ဦးနှင့် ငါးကန် ဧက ၁၀၀၀ ခန့်ရှိသည်ဟု သိရသော်လည်း အမှန်တကယ် မွေးမြူထုတ်လုပ်မှုတွင် အားနည်းနေသေးကြောင်း၊ ထို့ကြောင့် တစ်နှစ်ထက်တစ်နှစ် အမှန်တကယ် မွေးမြူထုတ်လုပ်မှု တိုးတက်လာစေရန် ယခုသင်တန်းတက်ရောက်လာသူများက မိမိတို့ ဒေသအတွင်း တစ်ဆင့် စည်းရုံးဆောင်ရွက်ပေးကြစေလိုကြောင်း အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၂၄ ရက်မှ ၂၆ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ပြီး သင်တန်းသား သင်တန်းသူ ၃၂ ဦးအား နေထိုင်၊ စားသောက် စရိတ်ငြိမ်းဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသို့ မော်လမြိုင်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ ငါးမွေးမြူရေးလုပ်ငန်း လက်တွေ့လုပ်ကိုင်နေသူများ၊ ငါးမွေးမြူရေးကို စိတ်ပါဝင်စားသူများ တက်ရောက်ကြပြီး သင်တန်းတွင် မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကျွမ်းကျင်သူ ဆရာ ဆရာမ လေးဦးက ငါးအကြောင်းသိကောင်းစရာ၊ ငါးကန်တူးဖော်ခြင်းနှင့် ကန်ပြင်ဆင်ခြင်း၊ ကန်အရည်အသွေးပြုပြင်ခြင်း၊ ငါးမှုန် ငါးသန် မျိုးငါး အစာကျွေးခြင်းနည်းစနစ်များ၊ ငါးမှုန် ငါးသန် ပြုစုမွေးမြူခြင်း၊ သဘာဝ ငါးသယံဇာတများအကြောင်း စသည်တို့ကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်၊ ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇောနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ပြီး သင်တန်းအတွက် ပြင်ဆင်ထားမှုများကို ကြည့်ရှုအားပေးခဲ့သည်။ **ခွန်(ဝင်းပ)**

## ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေး အသိပညာပေးဟောပြော

**ဂန့်ဂေါ ဇွန် ၂၄**

စားသုံးသူရေးရာဦးစီးဌာန ပခုက္ကူခရိုင်ရုံးက ကြီးမှူး၍ ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးအတွက် အသိပညာပေး ဟောပြောပွဲကို ဇွန် ၂၄ ရက်က ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကွန်မြူနတီစင်တာခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမင်းအောင်က အမှာစကားပြောကြားပြီး စားသုံးသူရေးရာ ဦးစီးဌာန(ပခုက္ကူခရိုင်ရုံး)မှ လက်ထောက်ညွှန်ကြားရေးမှူးဦးသန်းဦးက အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများနှင့်ပတ်သက်သည့် ဝန်ဆောင်မှုများ၊ စားသုံးသူရေးရာ ဥပဒေဆိုင်ရာများနှင့်ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာများကို ဟောပြောဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသည့် စားသောက်ကုန်ထုတ်လုပ်သူ၊ ရောင်းချသူ၊ စီးပွားရေးလုပ်ငန်းရှင်ပေါင်း ၆၀ ကျော်တို့က သိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## လယ်ယာမြေလုပ်ပိုင်ခွင့်ဆိုင်ရာ စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးခြင်းသင်တန်းဖွင့်

**ကျိုက်မရော ဇွန် ၂၄**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့် ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းဆိုင်ရာ စာချုပ်စာတမ်းများကို မှတ်ပုံတင်ပေးခြင်းအတွက် သင်တန်းတစ်ရပ်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရွှေဟင်္သာခန်းမ၌ ဇွန် ၂၃ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်မြင့်က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးထင်အောင်ကျော်က လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းဆိုင်ရာ စာချုပ်စာတမ်းများကို မှတ်ပုံတင်ပေးခြင်း နည်းလမ်းများကို အသေးစိတ်ရှင်းလင်းပို့ချကာ သင်တန်းတက်ရောက်လာသူများက သိရှိလိုသည့်အချက်များ၊ လုပ်ငန်းလုပ်ဆောင်ချက်များကို မေးမြန်းခဲ့သည်။ အဆိုပါသင်တန်းသို့ ကျိုက်မရောမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၆ စုမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နှင့် ကျေးရွာစာရေးများ၊ ရပ်/ကျေး လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ **ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အကြို စာစီစာကုံးပြိုင်ပွဲကျင်းပ

**ရမည်းသင်း ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်နှင့် မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြို စာစီစာကုံးပြိုင်ပွဲကို ဇွန် ၂၄ ရက်က ရမည်းသင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

စာစီစာကုံးပြိုင်ပွဲကို "ကျန်းမာရေးနှင့် ပညာရေး မူးယစ်ကင်းဖို့ လက်တွဲစို့" ခေါင်းစဉ်ဖြင့် ကျင်းပရာ ရမည်းသင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင် အထက်တန်းကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅၈ ဦး၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၆၅ ဦး ယှဉ်ပြိုင်ဖြေဆိုကြပြီး ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ရမည်းသင်းမြို့ သီလဝခန်းမ၌ ဇွန် ၂၆ ရက်တွင် ကျင်းပမည့် (၂၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူများ၏ ယှဉ်ပြိုင်မှုများကို ရမည်းသင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဝင်း၊ ခရိုင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးဇော်မင်းစိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့သည်။ **ဇော်ဝင်းအောင်(ရမည်းသင်း)**


စာစီစာကုံးယှဉ်ပြိုင်မှုကို တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

## မင်းတုန်းမြို့ပေါ်ရှိ လမ်းမကြီးနှစ်ခုနှင့် ဆက်စပ်လုပ်ငန်းများကို ကျပ်သိန်း ၉၀၀ ကျော်အသုံးပြု၍ အဆင့်မြှင့်တင်မည်

**မင်းတုန်း ဇွန် ၂၄**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့ရှိ လမ်းမကြီးများအနက် စံပြလမ်းနှင့် ရွှေဂူလမ်းကို မူလ မြေနီ ကျောက်ချောလမ်းအဆင့်မှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်သွားမည်ဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရန်ပုံငွေ ကျပ်သိန်း ၉၁၀ အသုံးပြု လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင် အမှုဆောင်အရာရှိထံမှ သိရသည်။

လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများတွင် အကျယ် ၁၂ ပေ၊ ၈ လက်မထု ကွန်ကရစ်လမ်းများကို စံပြလမ်း၌ ပေ ၁၁၂၀၊ ရွှေဂူလမ်း၌ ပေ ၂၀၀၀ ခင်းကျင်းသွားမည်ဖြစ်ပြီး စံပြလမ်း၌ ပေ ၂၀၀ အရှည် ကျောက်ရိုးစီ မြေထိန်းနံရံနှင့် ပေ ၂၀၀၀ အရှည် ရေမြောင်းများကိုလည်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပစ္စည်းစုတာတွေ လုပ်နေပါပြီ၊ ဒီနှစ်ဘတ်ဂျက် အပြီး လုပ်ဆောင်သွားမှာပါ။ လုပ်ငန်းဆောင်တာတွေနဲ့ ပတ်သက်လို့ လမ်းဘေးဝဲယာက ပြည်သူများကို ဖိတ်ကြားပြီး လုပ်ငန်းဆိုင်ရာကိစ္စများကို ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းမှုတွေလည်း လုပ်ဆောင်ပြီးပါပြီ"ဟု မင်းတုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသိန်းဝင်းက ပြောသည်။


အဆင့်မြှင့်တင်နေသောလမ်းနှင့် ကွန်ကရစ်ရေမြောင်း

လုပ်ငန်းများ အရည်အသွေးမီ၊ အချိန်မီပြီးစီးရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်း၊ ကော်မတီအဖွဲ့ဝင်ဦးတင့်ခိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်အောင်တို့က ကြပ်မတ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အများပြည်သူဝန်ဆောင်မှုဆိုင်ရာ ရေရရှိရေးနှင့် အမှိုက်သိမ်းဆည်းရေးလုပ်ငန်းများကိုလည်း မြို့နယ်စည်ပင်အနေဖြင့် ဖြည့်ဆည်းလုပ်ဆောင်လျက်ရှိကြောင်း အမှုဆောင်အရာရှိထံမှ သိရသည်။ **ဇေယျာတု(မကွေး)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၂၄**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၃၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယင်းနေ့ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ နံနက်၈ နာရီ ၄၅ မိနစ်မှစတင်၍ **မြန်မာ့ရုပ်မြင်သံကြား (MRTV Channel )**၊ **(MRTV Facebook Page)**၊ **မြန်မာ့အသံရေဒီယို**၊ **MITV Channel**၊ **SKYNET Up to Date**၊ **Home Channel** တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ရန်ကုန်နည်းပြဟောင်း ဦးမျိုးမင်းထွန်း ဟံသာဝတီအသင်းသို့ ရောက်ရှိ



**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်အသင်းနှင့်လမ်းခွဲခဲ့သည့် နည်းပြချုပ် ဦးမျိုးမင်းထွန်းသည် ဟံသာဝတီအသင်းသို့ ရောက်ရှိသွားပြီဖြစ်သည်။

ဦးမျိုးမင်းထွန်းသည် ရန်ကုန်အသင်းနှင့် လမ်းခွဲအပြီး တစ်လကျော်အကြာမှာပင် အသင်းသစ်ရရှိခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းသည် ယခုရာသီတွင် ဦးမျိုးမင်းထွန်းကို နည်းပြအဖွဲ့ဝင်အဖြစ်သာ ထားရှိမည်ဖြစ်ပြီး လာမည့်ရာသီမှသာ နည်းပြချုပ်အဖြစ် တာဝန်ပေးမည်ဖြစ်သည်။

"ကျွန်တော်တို့က ဦးမျိုးမင်းထွန်းကို ၂၀၂၂ ရာသီကုန်အထိ ရှိနေမယ့်စာချုပ် ချုပ်ဆိုခဲ့ပါတယ်။ သူ့အနေနဲ့ အသင်းအနေအထား၊

*စာမျက်နှာ ၇ ကော်လံ ၁* ❁

# လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

## ပြည်သူသို့အသိပေးကြေညာခြင်း

## လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှု ရေရှည်တိုးတက်ကောင်းမွန်စေရန် တိုးချဲ့ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက်လည်းကောင်း၊ မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်မရရှိသေးသောဒေသများ လျှပ်စစ်ရရှိရန် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက်လည်းကောင်း၊ ဓာတ်အားထုတ်လုပ်မှုစွမ်းအား စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်နိုင်ရန်လည်းကောင်း ပိုမိုကြိုးပမ်းဆောင်ရွက်နိုင်ရန်အလို့ငှာ သင့်လျော်သည့်ဓာတ်အားခနှုန်းထားပြင်ဆင်သတ်မှတ်နိုင်ရေးကို လျှပ်စစ်မီးသုံးစွဲသူများကို ကိုယ်စားပြုသည့် နယ်ပယ်အသီးသီးမှ ကိုယ်စားလှယ်များနှင့် အဖွဲ့အစည်းများအား တွေ့ဆုံဆွေးနွေး၍ အကြံပြုချက်များ ရယူဆောင်ရွက်ခဲ့ပါသည်။

၂။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ်၊ လျှပ်စစ်ဥပဒေပုဒ်မ ၄၁ နှင့်အညီ လျှပ်စစ်ဓာတ်အားခနှုန်းထားပြင်ဆင်သတ်မှတ်ရန်ကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၇/၂၀၁၉) ၏ သဘောတူညီချက်အရ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ၊ ၁ ရက်နေ့မှစတင်၍ လျှပ်စစ်ဓာတ်အားခနှုန်းထားများကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည် -

| စဉ် | ဓာတ်အားသုံးစွဲသူ အမျိုးအစား | ဓာတ်အားခနှုန်းထား | |
|---|---|---|---|
| | | ယူနစ်အလွှာ | ကျပ် |
| ၁ | **အိမ်သုံးအမျိုးအစား** | ၁ မှ ၃၀ | ၃၅ |
| | ◆ နေအိမ်သုံး | ၃၁ မှ ၅၀ | ၅၀ |
| | ◆ အိမ်သုံးပါဝါ | ၅၁ မှ ၇၅ | ၇၀ |
| | ◆ တစ်လုံးတစ်ခဲတည်း (အိမ်သုံး) | ၇၆ မှ ၁၀၀ | ၉၀ |
| | ◆ စီးပွားရေးလုပ်ငန်း မပါသော ဘာသာ/ သာသနာ အဆောက်အအုံ | ၁၀၁ မှ ၁၅၀ | ၁၁၀ |
| | | ၁၅၁ မှ ၂၀၀ | ၁၂၀ |
| | | ၂၀၁ နှင့် အထက် | ၁၂၅ |

*စာမျက်နှာ ၂ ကော်လံ ၃* ❍

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအခြေခံ မဲဆန္ဒရှင်စာရင်းပြုစုခြင်းကို ၂၀၁၉ ဇွန်လမှစတင်၍ ဆောင်ရွက်လျက်ရှိ၊ အမှန်တကယ်နေထိုင်လျက်ရှိသော လူဦးရေစာရင်းမကြာမီ ကောက်ယူပြုစုမည်

စာ- ၅

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စင်ကာပူနိုင်ငံ၌ကျင်းပမည့် နပန်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနပန်းအားကစားအဖွဲ့ ထွက်ခွာ

စာ- ၁၂

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

တွံတေးမြို့နယ်၌ လူသတ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိ

စာ- ၁၃

# မြန်မာ ယူ-၂၂ အသင်း ဩဂုတ်လတွင် စတင်လေ့ကျင့်မည်



ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းထားသည့် မြန်မာ ယူ-၂၂ အသင်း။ ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် ဇွန် ၂၄**

မြန်မာ ယူ-၂၂ အသင်းသည် အကြိမ် (၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် ဩဂုတ်လတွင် စတင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရန် ရည်ရွယ်၍ ကြိုတင်လေ့ကျင့်ပြင်ဆင်ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ယခုနှစ်အတွင်း အဓိက နိုင်ငံတကာပြိုင်ပွဲသုံးခု ယှဉ်ပြိုင်ရမည်ဖြစ်ပြီး နှစ်ဆန်းပိုင်းက ယှဉ်ပြိုင်သည့် ပြိုင်ပွဲများတွင် ထိုက်သင့်သည့် အောင်မြင်မှုမရသောကြောင့် ယခုပြိုင်ပွဲမှာ ပိုမိုအရေးပါနေခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဖေဖော်ဝါရီလ၌ ယှဉ်ပြိုင်သည့် အာဆီယံ ယူ-၂၂ ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသလို မတ်လတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့်

*စာမျက်နှာ ၇ ကော်လံ ၁* ❑

DECOLAND COMPANY LIMITED
DECO
စက္ကူ၊ စာအုပ်နှင့် စာရေးကိရိယာ အမျိုးမျိုး
ONE-STOP TRUSTED PAPER SUPPLIER

**Copy Paper**
Copy Paper
Color Copy Paper

**Printing Paper**
Art Card
Art Paper
Woodfree
Newsprint

**Packaging Paper**
Duplex
Grey Chip Board
Ivory Board

**Special Paper**
Brief Card
Color Brief Card
Color Paper
Color Embossed Card
Gold/Silver Card
NCR Paper
Sticker paper
Tracing Paper

**Stationery paper**
Continuous Form
Fax Roll
NCR Register Roll
Register Roll
Thermal Paper Roll



Hot Line : 013 684292